# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ တနင်္လာနေ့။ | Monday, 6 April 2020 | ၉၈၇၇


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကို ရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ၏ တင်ပြချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည့် အစီအမံများအား ရှင်းလင်းဖြေကြား

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ တင်ပြလာသည့် အချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည့်အစီအမံများအား ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယနေ့တွင် အောက်ပါအတိုင်း ရှင်းလင်းဖြေကြားထားသည်-

Facebook မှာ တက်လာချက်များအရ ပြည်သူတွေ သိချင်တဲ့ကိစ္စများထဲမှာ ထိပ်ဆုံးအချက်တွေကတော့၊

(၁) ပိတ်ရက်အတွင်း လက်လုပ်လက်စားများရဲ့ စားဝတ်နေရေး၊

(၂) mask ကိစ္စ၊

(၃) မီတာခ လျှော့ပေးရေးနဲ့

(၄) အင်တာနက်သုံးစွဲမှုနှုန်းထား ကောက်ခံမှုလျှော့ပေးရေးတို့ဖြစ်ပါတယ်။

(၁) နဲ့ပတ်သက်လို့ကတော့ နိုင်ငံ့ဘဏ္ဍာ၊ COVID ဗဟိုကော်မတီရန်ပုံငွေတို့နဲ့ အကောင်းဆုံးစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဖို့ စီစဉ်နေပါတယ်။ တစ်နေရာ၊ တစ်ဒေသအတွက်သာ မဟုတ်၊ တစ်နိုင်ငံလုံးအတွက် စဉ်းစားရပါမယ်။ ဗဟိုကော်မတီရန်ပုံငွေအတွက် တတ်နိုင်သမျှလှူကြဖို့ မေတ္တာရပ်ခံပါတယ်။ လိုအပ်တာတွေ အင်မတန်များပါတယ်။

(၂) ဒီလအတွင်းမှာ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူတွေကို ဖြန့်ဖြူးပေးနိုင်ဖို့အတွက် MASK ၆.၃ သန်း ရှိပါတယ်။ ထပ်မံလည်း မှာယူထားပါတယ်။

(၃) မီတာခတွေ လျှော့ပေးရေး အကောင်းဆုံးနည်းလမ်း ညှိနှိုင်းနေပါတယ်။

(၄) အင်တာနက် သုံးစွဲမှုနှုန်းထားတွေကို တယ်လီဖုန်းအော်ပရေတာများက လျှော့ချထားပေးပြီးပါပြီ။

သတိကြီးစွာနဲ့ ခွာခွာနေရတဲ့အချိန်မှာ မေတ္တာ ကရုဏာကိုလည်း မမေ့ပါနဲ့။ ကျွန်မတို့ အားလုံး ပြည်ထောင်စုသွေးရင်းတွေပါ။

Facebook သုံးခါစဆိုတော့ တစ်လုံးချင်း ရိုက်ဖို့ အတော်အချိန်ယူရပါတယ်။ ဒါပေမဲ့ ပြည်သူတွေနဲ့ ဆက်သွယ်နိုင်တာ ဝမ်းသာပါတယ်။ မကြာခင် လက်သွက်သွားမှာပါ။

အေးအတူ၊ ပူအမျှ၊ သွေးချင်းအားလုံးကျန်းမာ ချမ်းသာကြပါစေ။

## တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ပဲခူးတိုင်းဒေသကြီးမှ ပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးခြင်း အစီအစဉ် တိုက်ရိုက်ထုတ်လွှင့်မှုကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် Facebook Account မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်



# ညောင်တုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ညောင်တုန်း ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ညောင်တုန်း-ရန်ကုန် ကားလမ်းမပေါ် မြို့အဝင်တွင် ကျန်းမာရေးစစ်ဆေးမှုစခန်းအား ယာယီဖွင့်လှစ်ပြီး ယနေ့ နံနက် ၆ နာရီမှစ၍ ညောင်တုန်းမြို့နယ်အတွင်းသို့ ဝင်ရောက်လာသော ကိုယ်ပိုင်ယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်တို့ပေါ်ရှိ ခရီးသွားပြည်သူများကို ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပေးခဲ့ကြသည်။

အဆိုပါ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို နေ့စဉ် နံနက် ၆ နာရီမှ ည ၆ နာရီအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝဋ္ဌာနိုင်(ညောင်တုန်း)

## ကြေးမုံ ယနေ့ ဖတ်စရာ


**ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်တစ်သောင်းကျော် ဈေးမြင့်တက်**

စာမျက်နှာ » ၇


**ကျေးဇူးပြု၍ အိမ်မှာပဲနေပေးကြပါ**

စာမျက်နှာ » ၁၅

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၆





## ကြေးမုံ

# ဗြဟ္မစိုရ်တရားပွား အေးချမ်းသာယာမှုကိုဆောင်ယူ

မျက်မှောက်ကာလတွင် ပြည်သူပြည်သားအပေါင်းတို့သည် ကြုံတွေ့နေရသောကပ်ဘေးကြောင့် အများပြည်သူတို့ ဘေးဘယာဝေးကွာ၍ ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သနေကြမည်ဟု ယုံကြည်ပါသည်။ သူတစ်ပါးအပေါ် ကောင်းစေလိုသောစိတ်ဖြင့် အဖန်ဖန်အထပ်ထပ် ပြုလုပ်ခြင်း၊ အာရုံပြုခြင်း၊ ပို့လွှတ်ခြင်းသည် မေတ္တာဘာဝနာ၊ မေတ္တာပွားခြင်းမည်ပါသည်။

ထိုမေတ္တာစွမ်းအားကြောင့် မြန်မာပြည်သူပြည်သားအပေါင်း ဘေးဘယာဝေးကွာကြမည်ဟုလည်း ယုံကြည်ထားပါသည်။ သတ္တဝါတို့အပေါ်၌ မေတ္တာပွား၍ဖြစ်စေ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့တွင် တစ်ပါးပါး ပွားများ၍ဖြစ်စေနေခြင်းသည် မြင့်မြတ်သောနေခြင်းဖြစ်၍ ဗြဟ္မဝိဟာရဟု ခေါ်ဆိုပါသည်။ ထိုကဲ့သို့ ပွားများခြင်းသည် မြင့်မြတ်သောအကျင့်ဖြစ်သောကြောင့် ဗြဟ္မစိုရ်ဟု ခေါ်ပါသည်။

မြန်မာနိုင်ငံသည် မူလကတည်းက ဗြဟ္မစိုရ်တရားထွန်းကားသောနိုင်ငံဖြစ်ရာ ယခုကဲ့သို့သောအချိန်အခါတွင် ဗြဟ္မစိုရ်တရားများကို လူတိုင်းလူတိုင်း ပွားများကြဖို့သင့်ပါသည်။ ဗြဟ္မစိုရ်တရားလေးပါးမှာ မေတ္တာ - သတ္တဝါအများ ကြီးပွားချမ်းသာသည်ကို လိုလားချစ်မြတ်နိုးခြင်း။ ကရုဏာ- ဆင်းရဲသော သတ္တဝါများကိုမြင်၍ သနားခြင်း၊ ဆင်းရဲမှ ကင်းလွတ်စေလိုခြင်း။ မုဒိတာ - ပြည့်စုံချမ်းသာသောသူတို့ကို မြင်ရလျှင် ဝမ်းမြောက်ခြင်း။ ဥပေက္ခာ- သတ္တဝါတို့အပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းမရှိ မျှမျှတတ ရှုမြင်ခြင်းတို့ဖြစ်သည်။

မေတ္တာသည် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါပညတ်ကိုအာရုံပြုကာ " ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ " စသည်ဖြင့် ပို့သခြင်းဖြစ်သည်။ ဤမျှအာရုံပြုခြင်းဖြင့် ကောင်းကျိုးချမ်းသာတို့ကိုဖြစ်စေပါသည်။ သတ္တဝါတို့ ကြီးပွားချမ်းသာမှုကို လိုလားတောင့်တသော အဒေါသစေတသိက် မေတ္တာသည် ကြီးမားသော အစွမ်းထက်သည့် လက်နက်ပင်ဖြစ်သည်။ မိမိချစ်ခင်မြတ်နိုးသော မိမိကိုယ်၊ မိမိမိသားစုအသိုင်းအဝိုင်းမှအစ မိမိမြို့ရွာ တိုင်းနိုင်ငံမှသည် ကမ္ဘာသူ ကမ္ဘာသားအားလုံးကို ထင်မြင်အောင် စိတ်ညွတ်လျက် "ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ"ဟု မေတ္တာဘာဝနာစိတ်ရောက်အောင် ပို့လွှတ်ဖြန့်ကြက်၍ လွှမ်းခြုံရမည်ဖြစ်သည်။

မေတ္တာပို့သခြင်းသည် ဒါနမှု၊ သီလမှုတို့ထက် အကျိုးကြီးမားသည်ဟု တရားတွင်ဆိုပါသည်။ မေတ္တာပို့ပြီးသောအခါ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီးနောက် ဆုတောင်းအမျှဝေခြင်းလည်း ပြုနိုင်ပေသည်။ ယခုအခါ ရောဂါကပ်ဘေးကြောင့် ပြည်သူပြည်သားများ ကောင်းသောအမှုများကို ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဗြဟ္မစိုရ်တရား အခြေခံရှိပြီးသော မြန်မာတိုင်းရင်းသားများပီပီ စေတနာ၊ သဒ္ဓါ၊ ဉာဏ်ပညာ ပြည့်ဝစွာ စုပေါင်းညီညာလုပ်ဆောင်ကြခြင်းဖြင့် မြို့ရွာတိုင်း နိုင်ငံအေးချမ်းသာယာ ဘေးဘယာဝေးကွာစေမည်ဖြစ်သည်။

အမှန်အားဖြင့်ဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံရုံမျှဖြင့် လောက၌ ငြိမ်းချမ်းသာယာ ဘေးဘယာဝေးကွာမှုကိုမရနိုင်၊ ထိုသို့မရနိုင်ကြောင်းကို မျက်မှောက် ကမ္ဘာ့နိုင်ငံကြီးများ၏ ကြုံတွေ့မှုများက သက်သေခံလျက်ရှိသည်။ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံရုံမျှဖြင့်လည်း လောက၌ ငြိမ်းချမ်းသာယာ အေးချမ်းမှုကို မရနိုင်၊ ထိုသို့မရနိုင်ကြောင်းကို ကမ္ဘာ့နိုင်ငံများကပင် သက်သေပြလျက်ရှိသည်၊ သို့ရာတွင် ကိုယ်ကျင့်သီလ သိက္ခာစောင့်ထိန်းပြီး မေတ္တာတရား ဗြဟ္မစိုရ်တရားများ ပွားများပြည့်စုံကြပါလျှင် လောက၌ ငြိမ်းချမ်းသာယာမှုကို ရရှိနိုင်ပါသည်။

သို့ဖြစ်ရာ အရေးအကြောင်းရှိလျှင် ညီညွတ်ကြ၊ ရိုင်းပင်းကြ၊ ကူညီတတ်ကြသည့် မြန်မာတို့ အရင်းခံစိတ်ထားများ ရှိကြပြီးသည့်အတိုင်း လူတိုင်းလူတိုင်း အပန်းမကြီးသည့် မေတ္တာတရားများကို လွှမ်းခြုံကြ၍ ပြည်သူပြည်သားများအားလုံး ကောင်းကျိုးအတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ဘေးဘယာဝေးကွာ၍ အေးချမ်းသာယာမှုအပေါင်းကို ဆောင်ယူကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပင်လုံမြို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ အထူးကြပ်မတ်ဆောင်ရွက်

**ပင်လုံ ဧပြီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် ယနေ့ နံနက် ၈ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ပင်လုံမြို့ အထက(၁)၌ ဆောင်ရွက်ပေးလျက်ရှိသည်။ ပင်လုံမြို့တွင်းသို့ ဝင်ရောက်လာသည့် မော်တော်ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ပင်လုံမြို့ရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီးသို့ ပြည်ပမှ ပြန်ရောက်လာသူများအား ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)တွင် ၁၄ ရက်ကြာ အသွားအလာကန့်သတ်ခြင်း၊ သတ်မှတ်ပေးသည့် နေရာများ၌ သီးခြားနေထိုင်ရန် ပညာပေးခြင်း၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများအပြင် လူစုလူဝေးရှိသည့် နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်နိုင်ရန်နှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆောင်ရွက်မှုတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများ၊ ပင်လုံမြို့ဌာနဆိုင်ရာများ၊ ပင်လုံမြို့ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ



ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက်လူမှုကူညီရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နန်းမြင့်မြင့်ဆွေ(ပြန်/ဆက်)**

# ဗန်းမော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အလှူရှင်များက အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ဗန်းမော် ဧပြီ ၅**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အလှူရှင်များက အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ဧပြီ ၄ ရက် ညနေ ၃ နာရီခွဲက ဗန်းမော်မြို့ စုပေါင်းရုံးကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ဗန်းမော်ခရိုင်ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့ပေါ်ရှိ တိမ်းရှောင်စခန်းများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများအတွက် နှာခေါင်းစည်းအခု ၅၀၀၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀၊ လက်ဖျန်းပိုးသတ်ဆေးဘူး ၁၂၀ နှင့် ငွေကျပ် သိန်း ၂၀ ကို ရွှေလီရှန်းမားကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်မြင့်နှင့် ဂရမ်းရဲထွဋ်ကုမ္ပဏီအထွေထွေမန်နေဂျာ ဦးသက်ထွန်းတို့က ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်တို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။



အလားတူ ဦးကျော်မင်းခိုင် (ရွှေအိမ်စံပိုးထည်ဆိုင် မိသားစု)က ဗန်းမော်ဆေးရုံသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်းအခု ၄၀၀၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀၊ နှာခေါင်းစည်းအခု ၁၀၀၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ နှာခေါင်းစည်းအခု ၂၀၀၊ အပူချိန်တိုင်းစက်တစ်ခု၊ ခရိုင်မီးသတ်ဦးစီးဌာနသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀ နှင့် နှာခေါင်းစည်းအခု ၁၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀၊ နှာခေါင်းစည်းအခု ၁၀၀၊ မိုးမောက်ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ၂၀၊ နှာခေါင်းစည်းအခု ၂၀၀၊ မိုးမောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ နှာခေါင်းစည်းအခု ၁၀၀၊ မန်စီမြို့နယ်ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀၊ နှာခေါင်းစည်းအခု ၂၀၀၊ မန်စီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ နှာခေါင်းစည်းအခု ၁၀၀၊ လွယ်ဂျယ်ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ ၁၀ စုံနှင့် နှာခေါင်းစည်းအခု ၁၀၀၊ နယ်မြေခံစစ်မြေပြင်ဆေးတပ်ရင်းသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၃၀ နှင့် နှာခေါင်းစည်းအခု ၃၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိန်းဖြူ (ပြန်/ဆက်)**

# ချမ်းအေးသာစံမြို့နယ်၌ အပူဒဏ်ရှောင်စခန်းများ ဖွင့်လှစ်ထားရှိ

**မန္တလေး ဧပြီ ၅**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် အပူရှိန်မြင့်မားသည့် အချိန်များ၌ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် ပြည်သူများ အပူဒဏ်ရှောင်ရှားနိုင်ရန်အတွက် အပူဒဏ်ရှောင်စခန်း လေးခုဖွင့်လှစ်ထားရှိရာ ဧပြီ ၂ရက်က သီရိဟေမာအနောက်ရပ်ကွက် ချမ်းသာရာဘုရား ဓမ္မာရုံ၌ ဖွင့်လှစ်ထားရှိသည့် အပူဒဏ်ရှောင်စခန်း အမှတ်(၄)သို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း လာရောက်ကြည့်ရှုပြီး အပူရှောင်ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အပူဒဏ်ရှောင်ပြည်သူများကို ဓာတ်ဆားနှင့် ဖျော်ရည်များ တိုက်ကျွေးနိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့ပြင် အပူဒဏ်ရှောင်စခန်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းလင်းချစ်နှင့် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် နေ့စဉ်ကျန်းမာရေးစောင့်ရှောက်ခြင်း ဆောင်ရွက်ပေးနေမှုတို့ကို အားပေးကြည့်ရှုသည်။

ချမ်းအေးသာစံမြို့နယ်တွင် အပူဒဏ်ရှောင်စခန်းများကို ဝါခင်းကုန်း ဘုရားတွင်လည်းကောင်း၊ စိတ္တရမဟီရပ်ကွက်ရှိ ဆုတောင်းရဘုရားတွင်လည်းကောင်း၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ သကျသီဟဘုရားတွင်လည်းကောင်း၊ သီရိဟေမာအနောက်ရပ်ကွက်ရှိ ချမ်းသာရာဘုရား၊ ဓမ္မာရုံတွင်လည်းကောင်း စုစုပေါင်း လေးခု ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**အောင်စံမောင်**

ကြေးမုံ
ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြင့်အေး ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်း အွန်လိုင်းသင်တန်းတွင် အမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၅**

Coronavirus Disease 2019(COVID–19)နှင့်ပတ်သက်၍ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်မှုဖြင့် သတ်မှတ်နေရာအဆောက်အဦများ တွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း(Community Based Facility Quarantine)နေရာများ၌ စိတ်ခွတ်ရေးရာ မြှင့်တင်ပေးမှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်းနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်ခြင်းများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ အွန်လိုင်းသင်တန်းကို ယနေ့နံနက်ပိုင်းက Video Conference ဖြင့် ဆောင်ရွက်သည်။

### စတင်ဖွဲ့စည်းဆောင်ရွက်

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြင့်အေးက ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ အစိုးရက ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိကြောင်း၊ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို မတ် ၁၃ ရက်မှ စတင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်(၇)ရပ်တွင် ပြည်သူလူထုများအား အသိပညာပေးရေး၊ လိုအပ်သော ညွှန်ကြားချက်နှင့် ပန်ကြားချက်များထုတ်ပြန်ရေး ပါဝင်ပါကြောင်း။

ထို့အပြင် Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို မတ်လ ၃၀ ရက်နေ့က ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းတာဝန်များထဲတွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်နေသူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများထဲမှ ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာပြသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး၊ Quarantine လုပ်နိုင်ရေးဆောင်ရွက်ရေး၊ Quarantine ဆောင်ရွက်ရာတွင် လိုအပ်သည့် စားနပ်ရိက္ခာ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ခွတ်ရေးရာ မြှင့်တင်ပေးရေး လုပ်ငန်းစဉ်များပါဝင်ကြောင်း၊ အဆိုပါကော်မတီ(၂)ခုလုံးတွင် မိမိတို့ဝန်ကြီးဌာနက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးမှုများကို ရပ်ကွက်များ၊ ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် လှည့်လည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိတ်ခွတ်ရေးရာ မြှင့်တင်ပေးမှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ယနေ့ အွန်လိုင်းသင်တန်းမှ စတင်အကောင်အထည်ဖော်ကြမည်ဖြစ်ကြောင်း၊ အသိပညာပေးမှုနှင့် စိတ်ခွတ်ရေးရာ မြှင့်တင်ပေးမှုလုပ်ငန်းများသည် ဆက်စပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် လျင်မြန်စွာကူးစက်နိုင်သဖြင့် ကာကွယ်ထိန်းချုပ်မှုများကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ရသည်ဖြစ်ရာ လူသားတို့၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်လာရုံမျှမက လူသားတို့၏ နေ့စဉ်လူနေမှုဘဝနှင့် စိတ်ပိုင်းဆိုင်ရာများကို ရိုက်ခတ်သက်ရောက်လာမှုများ ရှိလာကြောင်း။

### ကြိုးစားကြစေလို

ထို့အပြင် ကာကွယ်၊ ထိန်းချုပ်မှုများကို ဆောင်ရွက်စဉ် စိတ်လူမှုပိုင်းဆိုင်ရာ ထောက်ပံ့ပေးခြင်းနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေး အသိပညာပေးရန်နှင့် ကာကွယ်စောင့်ရှောက်မှုများ စနစ်တကျ ရရှိစေရန် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဤသင်တန်းသည် ပြုလုပ်နေကျပုံစံနှင့်မတူဘဲ အွန်လိုင်းစနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးတွင် ဖွင့်လှစ်ထားသော Nippon Foundation နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ICT Development Center မှ ကျွမ်းကျင်သူများက ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီးကြသူများသည် စေတနာလုပ်အားရှင်(Volunteer)များနှင့် ပူးပေါင်းပြီး Quarantine နေရာများတွင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ခွဲများကို ဖွဲ့စည်းထားပြီးဖြစ်ရာ ထိုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ နှစ်သိမ့်ဆွေးနွေးမှုများ ဆောင်ရွက်ပေးရာတွင် ကိုယ်အမူအရာ၊ နှုတ်အမူအရာများ အရေးကြီးပါကြောင်း၊ ပြောဆိုဆက်သွယ်မှု ကျွမ်းကျင်မှု ရှိရန်လည်း လေ့ကျင့်ကြရမည်ဖြစ်ကြောင်းနှင့် ယခုသင်တန်းသို့ တက်ရောက်ကြသူများအနေဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိတ်လူမှု အားပေးထောက်ပံ့ခြင်းဘာသာရပ်ကို ပို့ချသင်ကြားပေးမည့် ဒေါက်တာအေးမြင့်လွင်က အွန်လိုင်းသင်တန်းတွင် Quarantine နေရာများ၌ ကိုဗစ်-၁၉ ရောဂါကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ စိတ်ဖိစီးမှုများ သက်သာစေရန်၊ ကျား၊ မအခြေပြု အကြမ်းဖက်မှုများ မဖြစ်ပေါ်စေရန်အတွက် အသိပညာပေးရန်နှင့် လိုအပ်သော ချိတ်ဆက်ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးရန် ရည်ရွယ်ချက်များဖြင့် ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်၌ ဖွဲ့စည်းထားသော ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ခွဲများသို့ လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် အသိပညာပေးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေးအတွက် အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ထားကြောင်း၊ အဆိုပါအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်လည်း ဆက်သွယ်ရမည့်သူများနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ တစ်ဦးချင်း နှစ်သိမ့်ဆွေးနွေးမှု လိုအပ်သူများအတွက်လည်း ယုံကြည်စိတ်ချစွာ ဆက်သွယ်ဆွေးနွေးနိုင်ရန် စီစဉ်ထားပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

### သုံးရက်ကြာ သင်ကြားပေးမည်

အဆိုပါ အွန်လိုင်းသင်တန်းတွင် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးခြင်းဆိုင်ရာ အခြေခံများ၊ စိတ်လူမှုဆက်ဆံရေးဆိုင်ရာ ဝန်ဆောင်မှုရစေရန် ပံ့ပိုးပေးခြင်း၊ မိမိကိုယ်ကို ဂရုစိုက်စောင့်ရှောက်ခြင်း၊ စိတ်ဖိစီးမှု၊ စိတ်ခံစားမှု တုံ့ပြန်ခြင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းများကို တယ်လီဖုန်းဖြင့် ဆွေးနွေးဖြေရှင်းဆောင်ရွက်ခြင်း သင်ခန်းစာများကို သုံးရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်သင်ကြားမည်ဖြစ်သည်။

သင်တန်းပြီးမြောက်ပါက စေတနာလုပ်အားရှင်များနှင့် ပူးပေါင်း၍ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း(Community Based Facility Quarantine)နေရာများ၌ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ရွှေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် ရွှေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။




### အသိပညာပေး

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ မြသာယာဈေး၊ ပြည်သူ့ဆေးရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်း၊ သဘော်ဆိပ်များ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ အောင်ဇမ္ဗူ လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ် ကလောမြို့ရှိ မြို့မဈေး၊ နန်းသဲကျေးရွာ၊ မြင်းစိုင်းကုန်းကျေးရွာများ၌လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ဖြန့်ဝေဆောင်ရွက်ပေးခဲ့သည်။

### ပူးပေါင်းကူညီဆောင်ရွက်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်သကဲ့သို့ လက်သန့်ဆေးရည်ဖြင့် စနစ်တကျ လက်ဆေးခြင်းများကို သရုပ်ပြဆွေးနွေးပညာပေးခြင်း၊ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက နှိုးဆော်ပေးသည့် အသိပညာပေးနှိုးဆော်ချက်များကို နံရံကပ်ပြဘုတ်များတွင် ခင်းကျင်းချိတ်ဆွဲပြသခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ရပ်ရွာအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခြင်းများကို ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန်အတွက် အသိပညာပေး လက်ကမ်းစာစောင် ၈၀၀၀ နှင့် လက်သန့်ဆေးရည် ၅ လီတာဆံ့ ၁၆ ပုံးတို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လှူဒါန်းထားရှိကြောင်း သိရသည်။

**ကျော်စွာ (ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ အိမ်ထောင်စု ၄၄၁ စုတို့အား ဆန်၊ ဆီများ ပေးအပ်လှူဒါန်း

**မိတ္ထီလာ ဧပြီ ၅**

မိတ္ထီလာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မြို့ပေါ်ရှိ အိမ်ထောင်စု ၄၄၁ စုတို့အား ဘကြီးဆန်ပွဲရုံက ဆန်နှင့် ဆီတို့ကို ယနေ့ မွန်းလွဲ ၂ နာရီက ရတနာမာရ်အောင် ရပ်ကွက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် စားဝတ်နေရေး အဆင်ပြေစေရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ရရှိစေရန် အခြေခံလူလတ်တန်းစားများသည့် ရပ်ကွက်များအတွင်းရှိ အိမ်ထောင်စုတစ်စုလျှင် ဆန် ခြောက်ပြည်နှင့် ဆီတစ်လီတာဘူး တစ်ဘူးတို့ကို ဧပြီ ၃ ရက်မှစတင်၍ ၅ ရက်အထိ ဝန်ဇင်းတိုးချဲ့ရပ်ကွက်မှ အိမ်ထောင်စု ၆၅ စု၊ ရန်မျိုးအောင်ရပ်ကွက်ရှိ အောင်စံပယ်နှင့် စံပယ်ဦးနယ်မြေရှိ အိမ်ထောင်စု ၁၈၇ စုနှင့် ရတနာမာရ်အောင်ရပ်ကွက်ရှိ နယ်မြေ(၁)(၂)(၅)(၆)(၇)တို့ရှိ အိမ်ထောင်စု ၁၈၉ စုတို့အား လူမှုရေးအဖွဲ့များနှင့်အတူ ပေးအပ်ခဲ့သည့်အပြင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်ပြီး ကျန်ရှိနေသည့် ရပ်ကွက်များကိုလည်း ဆန်နှင့်ဆီများ သွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ဘကြီးဆန်ပွဲရုံပိုင်ရှင် ကိုပြည့်ဖြိုးဟိန်းက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တိုင်ကြားနိုင်ပါသည်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၃/၂၀၂၀)ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတက လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေးတို့မှာ ''ကျွဲကူးရေပါ''ဆိုသလို ထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို အထူးထိန်းသိမ်းပေးစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

၃။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်(CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRPD) နှင့် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICESCR)တို့ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးအတွက်ဖြစ်စေ၊ လူတစ်စုကို ကိုယ်စားပြု၍ဖြစ်စေ ''ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့''သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည်–

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ(ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ Fax နှင့် email တို့ရှိလျှင်) ထည့်သွင်းဖော်ပြရန်၊

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲပေးပို့ရန်။

မှတ်ချက်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

**ရုံးခွဲများဖွင့်လှစ်ထားရှိခြင်း**

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲများကို အောက်ပါမြို့များတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် အဆိုပါရုံးခွဲများသို့လည်း ပေးပို့တိုင်ကြားနိုင်ပါသည်–

(က) **နေပြည်တော်ရုံးခွဲ**။ သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

(ခ) **မန္တလေးရုံးခွဲ**။ ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေဝန်းအနောက် ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(ဂ) **စစ်တွေရုံးခွဲ**။ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ စစ်တွေမြို့။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များအား စုံစမ်းစစ်ဆေးပြီးသည့်အခါ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပေးပို့သွားမည်ဖြစ်ပြီး အရေးယူဆောင်ရွက်မှုကိုလည်း ကော်မရှင်က ကော်မရှင်ဥပဒေနှင့်အညီ စောင့်ကြည့်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပြည်ပနှင့် ပြည်တွင်းမှ ဝင်ရောက်လာသူများကို စောင့်ကြည့်ရေးစခန်း ၁၇ ခုဖြင့် စောင့်ကြပ်ကြည့်ရှု

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပြည်ပနိုင်ငံမှ ၁၆ ဦးနှင့် ပြည်တွင်းမှ ၆၅ ဦး စုစုပေါင်း ၈၁ ဦးတို့အား မြို့နယ်အတွင်းရှိ စောင့်ကြည့်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အဆိုပါ ပြည်သူများအား နေရာထိုင်ခင်း၊ ကျွေးမွေးရေး၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ပိုးသတ်ဆေးဖျန်းခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ စောင့်ကြည့်ရေးစခန်းနေရာ ၃၀ ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့မွန်းလွဲ ၃ နာရီက မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ကော်မတီမှ သိရသည်။

ဒလမြို့နယ်တွင် သင်္ကြန်ကာလ ရုံးပိတ်ရက်များဖြစ်သည့် ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ကျန်းမာရေးကိစ္စများနှင့် အစားအသောက်ဝယ်ယူခြင်းကိစ္စရပ်များမှလွဲ၍ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာခြင်းများ မပြုလုပ်ရန်၊ ရောဂါကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့၏နေအိမ်တွင် နေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံကြောင်း မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများအား မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ကော်မတီက မေ ၄ ရက်တွင် အသိပေးကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ဒလမြို့နယ်အတွင်းမှာ ပြည်တွင်း ပြည်ပကနေ ပြန်လည်ဝင်ရောက်လာသူများကို စောင့်ကြည့်ရေးစခန်းများတွင် နံနက် ၈ နာရီနှင့် ည ၈ နာရီတို့၌ အပူချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေး စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်ပေးကြောင်း၊ အဆိုပါ ပြည်သူများမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းက ယနေ့မွန်းလွဲပိုင်းက ပြောသည်။

ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးကော်မတီလမ်းနှင့် တံတားတာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်လွင်က ဒလမြို့နယ် အသွားအလာကန့်သတ်နေရာအသီးသီးရှိ ၁၄ ရက် စောင့်ကြည့်သူများအား ငှက်ပျောသီးအဖီး ၂၈၀၊ နာနတ်သီး ၁၀၀၊ ထောပတ်သီး ၃၀၀ နှင့် မာလကာသီး ၃၀၀ တို့ကို လှူဒါန်းပေးအပ်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး စောင့်ကြည့်ရေးစခန်းများသို့ ပြန်လည်ပေးဝေခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**



# ပင်းတယမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသွားအလာကန့်သတ်စောင့်ကြည့်ခံရသူ အချို့အား နေအိမ်သို့ ပြန်ခွင့်ပြု

**ပင်းတယ မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်သို့ ပြည်ပမှ ပြန်ရောက်လာသူအချို့နှင့် ကိုဗစ်-၁၉ ရောဂါလူနာနှင့် ထိတွေ့ခဲ့သူများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိရာနေရာများမှ နေအိမ်သို့ မေ ၄ ရက် ညနေပိုင်းတွင် ပြန်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**နေအိမ်များသို့ ပြန်ခွင့်ပြု**

ကိုဗစ်-၁၉ ရောဂါ လူနာနှင့် ထိတွေ့ခဲ့သည့် အသွားအလာကန့်သတ်စောင့်ကြည့်အဖြစ်ထားရှိသည့် ရွှေဥမင်ဘုရားမှဝန်ထမ်းများ၊ Green Tea စားသောက်ဆိုင်မှဝန်ထမ်းများနှင့် အောင်ရိုးရာထီးလုပ်ငန်းမှမိသားစုဝင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆေးရုံအုပ်ကြီး ဒေါက်တာမို့မို့ကြည်တို့က လိုအပ်သည်များကို မှာကြားပြီး ကျန်းမာရေးကောင်းမွန်သဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်ကာလပြည့်ပြီဖြစ်သဖြင့် နေအိမ်များသို့ ပြန်ခွင့်ပြုခဲ့ကြောင်း သိရသည်။

**ကျန်းမာရေးစစ်ဆေး**

ယင်းနောက် ပြည်ပမှပြန်ရောက်လာသူများကိုလည်း မြို့နယ်လက်ထောက်ကုသရေးမှူး ဒေါက်တာကျော်ကျော်ဟိန်းနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးပြီး စောင့်ကြည့်ကာလ ၁၄ ရက် ပြည့်မြောက်ပြီဖြစ်သဖြင့် ပြည်ပမှပြန်ရောက်လာသူ စုစုပေါင်း ၂၈ ဦးအနက် ၁၃ ဦးကို နေအိမ်သို့ပြန်ခွင့်ပြုခဲ့ပြီး ကျန်ရှိနေသည့် ပြည်ပမှ ပြန်လာသူ ၁၅ ဦးကိုလည်း စောင့်ကြည့်ကာလပြည့်လျှင် ပြန်လည်စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သုံးဘီးဆိုင်ကယ်များအား ပိုးသတ်ဆေးဖျန်း

**ပခုက္ကူ မေ ၅**

ပခုက္ကူမြို့နယ်ကြက်ခြေနီအသင်းက ဦးစီး၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့ပေါ် ရပ်ကွက်အတွင်း သုံးဘီးဆိုင်ကယ်များအား မေ ၅ ရက် နံနက် ၈ နာရီခွဲမှစတင်၍ အဆိုပါအသင်းရုံးရှေ့၌ ပိုးသတ်ဆေးရည်ဖျန်းပေးကြသည်။

**လမ်းညွှန်မှာကြား**

အဆိုပါ ပိုးသတ်ဆေးဖျန်းရာသို့ ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ ပခုက္ကူခရိုင်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးလှဝင်းနိုင်၊ ပခုက္ကူမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲအုပ်မိုးဝင်းထက်နှင့် တပ်ဖွဲ့ဝင်များ၊ ပခုက္ကူမြို့မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များမှ သုံးဘီးဆိုင်ကယ် အစီးပေါင်း ၁၀၀၀ ကျော်အား ပိုးသတ်ဆေးဖျန်းမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားကြသည်။

လတ်တလောဖြစ်ပွားနေသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ်ရောဂါသည် ကမ္ဘာနှင့်အဝှမ်းဖြစ်ပွားလျက်ရှိပြီး ပြည်တွင်းတွင်လည်း ရောဂါပိုးတွေ့ရှိသူများပြားလာခြင်း၊ သံသယစောင့်ကြည့်လူနာများရှိနေခြင်းတို့ကြောင့် ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များအပြင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရန်ကုန်မြို့တို့သည် ခရီးသွားပြည်သူများ ဝင်ထွက်သွားလာ မှုများသည့်မြို့ဖြစ်သည်နှင့်အညီ ထိုသို့ဝင်ထွက်သွားလာကြသည့် ခရီးသွားပြည်သူများ အသုံးပြုသည့် သုံးဘီးဆိုင်ကယ်များအား ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်သည့်လုပ်ငန်းအဖြစ် ပိုးသတ်ဆေးများ ဖျန်းပေးကြခြင်းဖြစ်ကြောင်း သိရသည်။



**ဆလိုင်းကိုကီး**

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*





## ကော့ကရိတ်မြို့တွင် ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးများဖျန်း

**ကော့ကရိတ် မေ ၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ ညနေ ၆ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းကို ကော့ကရိတ်မြို့အတွင်းရှိ ပလက်ဖောင်းများ၊ လူနေထူထပ်သည့်နေရာများ၊ ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများကို အဖွဲ့ငါးဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ပြီး ထိုသို့ဆောင်ရွက်ရာတွင် ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး ဦးမင်းကိုခိုင်၊ ကော့ကရိတ်ခရိုင်၊ မြို့နယ်ရှိဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စိုးထက်အောင်(ပြန်ဆက်)**

## မလှိုင်မြို့၌ အိမ်ထောင်စု ၃၀၀ ကို ဆန်နှင့်ဆီ ထောက်ပံ့

**မလှိုင် မေ ၅**

သင်္ကြန်ကာလတွင် စိတ်အေးချမ်းစွာဖြင့် ဥပုသ်သီလဆောက်တည်ပြီး ကောင်းမှု ကုသိုလ်ပြုလုပ်နိုင်ရန် ရည်ရွယ်၍ မလှိုင်မြို့အမှတ်(၄) ရပ်ကွက်နေ ငွေတိုက်စိုးကုမ္ပဏီမိသားစုက မြို့ပေါ်ရပ်ကွက်လေးခုမှ အိမ်ထောင်စု ၃၀၀ ကို မေ ၅ ရက် နံနက်ပိုင်းမှ စတင်ပြီး ဆန်နှင့်ဆီများ သတ္တမအကြိမ်မြောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

" ကျွန်တော်တို့ ငွေတိုက်စိုးမိသားစုက သင်္ကြန်နားနီးလာရင် အသက်အရွယ် ကြီးတဲ့သူတွေ စိတ်အေးချမ်းစွာ ဥပုသ်သီလဆောက်တည်ကာ ကောင်းမှုကုသိုလ် ပြုလုပ်နိုင်ဖို့ ရည်ရွယ်ပြီး နှစ်စဉ်လှူခဲ့တာ ယခုနှစ်ဆိုရင် (၇) ကြိမ်မြောက်ရှိပါပြီ ။ ဒီနှစ်မှာတော့ ကိုဗစ်-၁၉ ရှိနေတော့ လူစုလူဝေး မဖြစ်စေဖို့ တစ်ကြိမ်ကို လူ ၁၅ ဦးနှုန်းနဲ့ မနက်ပိုင်း နှစ်ကြိမ်၊ ညနေပိုင်းနှစ်ကြိမ် တစ်နေ့လေးကြိမ်ခွဲပြီး မေ ၅ ရက်ကနေ မေ ၉ ရက်အထိ ငါးရက်ခွဲပြီး လှူဒါန်းသွားမှာပါ။ လူမများရအောင် တစ်ကြိမ်နဲ့ တစ်ကြိမ်လည်း နာရီခြားထားပါတယ်" ဟု မိသားစုဝင် ဦးမျိုးဝင်းက ပြောသည်။

ထောက်ပံ့ရာတွင် မလှိုင် မြို့အမှတ် (၄) ရပ်ကွက်နေ ငွေတိုက်စိုးကုမ္ပဏီ မိသားစုက မြို့ပေါ်ရပ်ကွက်များမှ တစ်အိမ်ထောင်လျှင် ဆန် ၁၀ ပြည်နှုန်းဖြင့် အိတ် ၃၀၀၊ ဦးသက်နိုင်ထွန်း (တွဲဖက်အတွင်းရေးမှူး မြို့တော်စည်ပင်၊ မန္တလေး) မိသားစုက တစ်အိမ်ထောင်လျှင် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ဆီဘူး ၃၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**



## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာအသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေးပညာပေးညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

**ပင်လောင်း မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးအတွက် ပစ္စည်းများနှင့်အလှူငွေများ လှူဒါန်းမှုကို မေ ၅ ရက်က ပေါင်းလောင်းမြို့ တိုက်နယ်ဆေးရုံ၌ ပြုလုပ်သည်။

အဆိုပါ လှူဒါန်းမှုအား ရွှေကမ္ဘောဇ ကိုယ့်အားကိုယ်ကိုးဝန်ဆောင်မှုအဖွဲ့နှင့်ရွှေပေါင်းလောင်း အမျိုးသမီး စိုက်ပျိုးတောင်သူများ စုပေါင်း၍ လက်သန့်ဆေးရည် ၁၃ ဘူး၊ လက်ဆေးဆပ်ပြာဆီငါးဘူး၊ အလှူငွေကျပ် ၁၃၀၀၀၀၊ ပညာပေးပိုစတာ ဗီနိုင်း ၁၅ ချပ်၊ မိခင်နှင့် ကလေး ကျန်းမာရေးဌာနတွင် အသုံးပြုရန် Bleaching Powder ဝယ်ယူရန်အတွက် အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ရွှေကမ္ဘောဇ ကိုယ့်အားကိုယ်ကိုးဝန်ဆောင်မှုအဖွဲ့နှင့် ပအိုဝ်းမယ်၊ ရွှေတောင်သူ၊ ရွှေကြက်သွန်၊ ရွှေထီးရိုး အမျိုးသမီး စိုက်ပျိုးရေးတောင်သူအဖွဲ့များနှင့်ပူးပေါင်း၍ တီကျစ်တိုက်နယ်ဆေးရုံသို့ Hand gel ၁၂ ဘူး၊ ဆပ်ပြာဆီ ၁၅ ဘူး၊ အလှူငွေကျပ် ၈၀၀၀၀ နှင့် ပညာပေးပိုစတာ ဗီနိုင်း ၁၀ ချပ်၊ နောင်တရား တိုက်နယ်ဆေးရုံသို့ Hand gel ၁၂ ဘူး၊ ဆပ်ပြာဆီ ၁၅ ဘူး၊ အလှူငွေကျပ် ၃၇၀၀၀၀ နှင့် ပညာပေးပိုစတာဗီနိုင်း ၁၀ ချပ်၊ ဆောင်းပြောင်း တိုက်နယ်ဆေးရုံသို့ Hand gel ၁၂ ဘူး၊ ဆပ်ပြာဆီဘူး ၃၀ ၊ အလှူငွေကျပ် တစ်သိန်းနှင့် ပညာပေးပိုစတာ ဗီနိုင်း ၁၅ ချပ်တို့အား မေ ၄ ရက်က သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## သရက်တန်းကျေးရွာတွင် ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**အမရပူရ မေ ၅**

မန္တလေးမြို့ အမရပူရမြို့နယ် သရက်တန်းကျေးရွာတွင် ကိုဗစ် -၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၅ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းကို မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ကူညီပြုလုပ်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် တိုင်းရုံးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ စုစုပေါင်း အင်အား ၇၀ ကျော်ဖြင့် မန္တလေးမြို့ တစ်မြို့လုံး၊ အမရပူရမြို့နယ်၊ မတ္တရာမြို့နှင့် အခြားနယ်များအထိ ကား ၁၀ စီးဖြင့် လိုက်လံကူညီပေးလျက်ရှိသည်။

ပိုးသတ်ဆေးဖျန်းသည့်လုပ်ငန်းအတွက် အကူအညီတောင်းခံလိုပါက ဖုန်း ၀၉-၇၇၇၇၈၅၃၄၆၊ ၀၉-၄၃၀၉၀-၄၀၀ သို့ ဆက်သွယ်နိုင်ကြောင်း လူမှုကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် ဦးစိုင်းလှအောင်ထံမှ သိရသည်။

**နွေနဒီ(မြစ်ငယ်)**

# သဗ္ဗေသတ္တာ အဝေရာဟောန္တု

ညိုကို

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ် – ၁၉ ဗိုင်းရပ်စ်ရောဂါကို အကြောင်းပြုကာ ပြည်သူလူထုကို အစီရင်ခံပြောကြားရင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ အနည်းငယ်ထည့်ပြောသွားသည်ကို ကြားလိုက်ရသည့်အခါ ဖြိုးခနဲ၊ ဖြတ်ခနဲ ဗိုလ်ချုပ်အောင်ဆန်းကို သတိရသွားကာ တစိမ့်စိမ့်တွေးရင်း ကြည်ညိုမိရသည်။

ဘုန်းတော်ကြီးကျောင်းထွက် အညာသားလေးတစ်ဦးဖြစ်သည့် ဗိုလ်ချုပ်က မိန့်ခွန်းပြောလျှင် တစ်ခါတလေ ပါဠိစကားလေးများ ထည့်ကာပြောတတ်ကြောင်း ဟူသည့် နိုင်ငံတော်၏အတိုင်ပင်ခံ၏စကားလေးမှာ ဗိုလ်ချုပ်ပြောခဲ့ဖူးသော ပါဠိစကားလုံးများကိုလည်းကောင်း၊ ဗိုလ်ချုပ် သူ့ကိုယ်သူ တောသားတစ်ယောက်အဖြစ် ညွှန်းဆိုပြောခဲ့ဖူးသည်ကိုလည်းကောင်း အမှတ်ရစေ၏။ တောမြို့လေးကနေ ရန်ကုန်တက္ကသိုလ်ရောက်လာ၊ ကျောင်းသားခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ စစ်ခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်၊ ပြည်သူ့သူရဲကောင်း၊ ထက်မြက်သူ၊ ရိုးသားဖြူစင်သူ စသည့် ဂုဏ်ပုဒ်များဖြင့် အရှိန်အဝါကြီးလှသူ။

“ ကျုပ်ဟာ တောသားပဲ၊ ဒီမြို့သား ဒီကျောင်းမှာ နေသွားပြီမို့ ရှေးကအရာရှိတွေကို ဘယ်လိုရိုသေရတယ်ဆိုတာ အထူးပြောဖို့ မလိုပါဘူး။ သူကြီးနဲ့ ရွာသား ဘယ်လိုစကားများတတ်တယ်၊ တောင်ကျောင်းနဲ့ မြောက်ကျောင်း ဂိုဏ်းကွဲတဲ့ ကိစ္စတွေကို ကျုပ်နားလည်ပြီးသားပဲ... ကျုပ်ဟာ သူများထက် ပကာသနကို ဂရုမစိုက်ဆုံးပဲ၊ ရုပ်ကလည်းခပ်ချာချာဆိုတော့ ...” စသည်ဖြင့် တောသား ဘဝကလာခဲ့ကြောင်းနှင့် ရုပ်ဆိုးသူအဖြစ် သူ့ကိုယ်သူ ပုံဖော်သွားပုံက သူ၏အတွင်းစိတ်ကို ခန့်မှန်းချစ်ခင်စရာ။ ၁၉၄၇ ခုနှစ် ဧပြီလအတွင်း နတ်မောက်မြို့ ဒီပင်္ကရာကျောင်းဝိုင်းထဲ ကျင်းပသည့် လူထုအစည်းအဝေးကြီးမှာ ပြောကြားခဲ့သည့် မိန့်ခွန်းပါ။

သူက ဘုန်းကြီးကျောင်းထွက်ဖြစ်သည့်အပြင် ဘာသာရေးအပေါ် လေးနက်မှုရှိသူလည်းဖြစ်၏။ သူ၏ အလယ်ပစ္စယံညီလာခံမိန့်ခွန်းတွင် “ ဘာသာရေးသည် နောင်တမလွန်ဘဝများကို (ဝါ) လောကုတ္တရာကို ရှေးရှုသည်ဖြစ်သောကြောင့် လောကအရေးနှင့် များစွာမသက်ဆိုင်ချေ။ နိုင်ငံရေးမှာမူကား လောကီရေးရာသာ ဖြစ်ပေ၏။ လုပ်ငန်းသဘောမှာ လူမှုတိုးတက်ရေးနှင့် ဘာသာရေး တို့သည် အခြေခံသဘောအားဖြင့် ဆန့်ကျင်စရာ အကြောင်းမရှိဟု ယူဆမိပေသည်။ ဘာသာတရားက သစ္စာမေတ္တာနှင့် သမ္မာအာဇီဝ၊ သမ္မာ ကမ္မန္တ စသည်တို့ကို ဓမ္မအနေနှင့် ဟောကြားခံရာ လူမှုတွင်လည်း ဤဓမ္မတို့ကို လေးစားကြပေသည်”ဟု ဆိုခဲ့ရာတွင် သူ၏နိုင်ငံရေးကိုရော ဘာသာရေးကိုရော ပါဠိအသုံးအနှုန်းများကို သင့်တော်ရာတွင် သင့်တော်သလို သုံးနှုန်းတတ်မှုကိုပါ ရိပ်စားမိမည်ဖြစ်၏။

၁၉၄၆ ဇန်နဝါရီလအတွင်း ကျင်းပသည့် ဖဆပလအဖွဲ့ချုပ် မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံတွင် ဥက္ကဋ္ဌ ဦးအောင်ဆန်းအနေဖြင့် ပြောကြားခဲ့သည့်မိန့်ခွန်းတွင် သူ၏ ဘာသာရေးဆိုင်ရာအမြင်ကို ထိထိမိမိ ပြောကြားသွားခဲ့သည်ကို တွေ့ရ၏။ “ ယခု သံဃာတော် အရှင်မြတ်များအား သီးခြားထား၍ လျှောက်ထားလိုပါသည်

**ဗမာ့ကာကွယ်ရေး တပ်မတော်က တပ်မတော်သားတို့ကို ပြည်သူတို့ လေးစားသင့်ကြောင်း၊ အားပေးကြသင့်ကြောင်းတို့ကို လှုံ့ဆော်ပြောဆိုသည့် မိန့်ခွန်းအဆုံးသတ်မှာ “တော်သေးပြီ၊ မြန်မာတွေအားလုံး အဝေရာဟောန္တု”ဟုပြောလိုက်ရာ ရင်ထဲစွဲညိသွားအောင် လှပနေ**

ဘုရား၊ အရှင်သူမြတ်များဘုရား၊ အရှင်ဘုရားတို့သည် အလွန်ထူးကဲသော ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းမြတ်များဖြစ်တော်မူကြကုန်သည်၊ အရှင်ဘုရားတို့က သာသနာတော်ရောင် ထွန်းပြောင်အောင် အားထုတ်တော်မူကြပါ။ ကမ္ဘာလောကကြီးကို သာသနာရောင်အလင်း ပေးတော်မူကြပါ။ သို့မှသာလျှင် ကမ္ဘာသူကမ္ဘာသားတို့ မေတ္တာတရားပွားများ၍ သမ္မစိတ္တနှင့် ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ နေနိုင်ကြပါလိမ့်မည်...” တဲ့။

ဗိုလ်ချုပ်က နတ်မောက်ဒီပင်္ကရာ ဦးသောဘိတ လောကခတ်ကျောင်းမှာ စာသင်ခဲ့သော ဘုန်းကြီးကျောင်းသားဖြစ်သည်သာမက ၁၉၃၂ ခုနှစ် ဆယ်တန်းအောင်စဉ်က ဂုဏ်ထူးထွက်သူ ရှားရှားပါးပါး ရှိစဉ် ဂုဏ်ထူးထွက်ရန် ခက်ခဲသည့်ကာလတွင် မြန်မာစာနှင့် ပါဠိဂုဏ်ထူး ထွက်ခဲ့သူလည်း ဖြစ်၏။ သူ၏ ပါဠိဘာသာကျွမ်းကျင်မှုနှင့် ပြည်သူလူထုကို ဆက်ဆံပြောဆိုရာတွင် ထိရောက်နားလည်အောင် စကားလုံးတို့ကို လိုအပ်သလို အသုံးချတတ်ခြင်းက များစွာသောသူ၏ အရည်အချင်းများထဲက တစ်ခုဟု ဆိုရမည်။ သည်လို အရည်အချင်းက သာမန်မျှသာဟု ယူဆရသော်လည်း ထိရောက်မှုကို ဆင်ခြင်ကြည့်ပါက မည်မျှလောက်တာသွားသည်ကို သိပါမည်။

အင်္ဂလိပ်လူမျိုးတို့ အင်္ဂလိပ်ဘာသာဖြင့် စကားပြောနေစဉ် လေးနက်စေချင်သည့် အကြောင်းပါလာလျှင် လက်တင်လိုထည့်ကာ ပြောတတ်သည်ဟု ကြားဖူးသည်။ မည်မျှဟုတ်မှန်သည်မသိ။ မြန်မာတို့ စကားပြောရင်း လေးလေးနက်နက်ပြောစရာရှိလာလျှင် ပါဠိလို သို့မဟုတ် ပါဠိသက် မြန်မာစကားကို ထည့်ပြောတတ်သည်ကိုဖြင့် သတိတရရှိလှသည်။

များစွာသောသူ၏ အထက်ဖော်ပြပါ မိန့်ခွန်းစကားများအပါအဝင် အချို့ကို အနည်းငယ်မျှ ကောက်ကြည့်လိုက်လျှင် သူ၏ ပါဠိ အသုံးအနှုန်းနှင့် နေရာတကျ သုံးစွဲတတ်မှုကို ပို၍တန်ဖိုးထားမိမည်ဟု ထင်သည်။

ရဲဘော်သုံးကျိပ်ဝင် မြန်မာနိုင်ငံထဲဝင်လာပြီးသည့်အချိန် ဂျပန်ခေတ်တွင် အမျိုးသားလွတ်လပ်ရေး နယ်ချဲ့တော်လှန်ရေးအတွက် ဗမာ့တပ်မတော်အတွင်းသို့ မြန်မာနိုင်ငံသားတို့ ဝင်ရောက်စစ်မှုထမ်းကြရန်၊ ဗမာ့ကာကွယ်ရေး တပ်မတော်က တပ်မတော်သားတို့ကို ပြည်သူတို့ လေးစားသင့်ကြောင်း၊ အားပေးကြသင့်ကြောင်းတို့ကို လှုံ့ဆော်ပြောဆိုသည့် မိန့်ခွန်းအဆုံးသတ်မှာ “တော်သေးပြီ၊ မြန်မာတွေအားလုံး အဝေရာဟောန္တု” ဟုပြောလိုက်ရာ ရင်ထဲစွဲညိသွားအောင် လှပနေသည်။

သူ၏ ပါဠိအသုံးအနှုန်းပိုင်နိုင်မှုနှင့် နေရာတကျ သုံးစွဲတတ်မှု နမူနာများစွာထဲက တစ်ခုအဖြစ် ထုတ်နုတ်ပြချင်တာတစ်ခုရှိသေး၏။ ၁၉၄၇ ခုနှစ် မတ်လ ၂၈ ရက် နံနက် အောင်လံမြို့တွင် ကျင်းပခဲ့သော တော်လှန်ရေးနေ့ အခမ်းအနားတွင် မြွက်ကြားခဲ့သည့် သူ၏ မိန့်ခွန်းအဆုံးသတ်...။

“ လွတ်လပ်ရေးတိုက်ပွဲ မပြီးသေးဘူး။ တိုင်းပြုပြည်ပြုလွှတ်တော်ဟာ လွတ်လပ်ရေးရဲ့ အစသာ ဖြစ်တယ်။ အင်္ဂလိပ်နဲ့ စာချုပ်စရာတွေ ရှိသေးတယ်။ ဘယ်အထိစကားများမယ် မသိဘူး။ ဒါကြောင့် တိုင်းပြည်လူထုက ယနေ့ကစ၍ အဇ္ဇတဂ္ဂေ ပါဏုပေတံဆိုသလို လောကီနိဗ္ဗာန် ရောက်သည်အထိ အင်အားစုကို တောင့်တင်းအောင်လုပ်မည်ဟု အဓိဋ္ဌာန်ပြုကြပါ” တဲ့။




နေပြည်တော်ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနက မေ ၅ ရက်တွင် ဆေးဖျန်းခြင်းဆောင်ရွက်စဉ်။
ငွေကြယ်

## မြဝတီမြို့ အထက(၁) ကန့်သတ်စောင့်ကြည့်ခံထားရသူများအတွက် စောစောပြောမိုဘိုင်းအပလီကေးရှင်းအကြောင်း အသိပညာပေး

**မြဝတီ မေ ၅**

ကရင်ပြည်နယ် မြဝတီမြို့တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းခံရသူများအတွက် စောစောပြော မိုဘိုင်းအပလီကေးရှင်းစနစ်၏ ရည်ရွယ်ချက်များနှင့် အသုံးပြုပုံများကို ယနေ့ မွန်းတည့် ၁၂ နာရီက ရွှေမြဝတီ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် သွားရောက်ရှင်းလင်း ပြသပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဆုဆုသွယ်က စောစောပြော မိုဘိုင်းအပလီကေးရှင်း စနစ် ဖုန်းတွင် ရယူပုံ၊ ရည်ရွယ်ချက်များနှင့် အသုံးပြုပုံများကို အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းရှိ ကြီးကြပ်သူများနှင့် အပလီကေးရှင်းထည့်ပေးမည့်သူများအား တစ်ဆင့် ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုဘိုင်းအပလီကေးရှင်းစနစ်သည် ကန့်သတ်ခံထားရသူ တစ်ဦးအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို လိုက်နာဆောင်ရွက်နေသည့်ကာလအတွင်း မိမိတို့၏ ကျန်းမာရေးအခြေအနေကို မိုဘိုင်းအပလီကေးရှင်း ဖုန်းမှတစ်ဆင့် သတင်းပို့နိုင်သည့်စနစ်ဖြစ်ကြောင်းနှင့် မြဝတီမြို့ရှိ ကျန်ရှိသော အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင်လည်း အသိပေးရှင်းလင်းသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အထက(၁) အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ထားရှိသော နေရပ်ပြန်များကို Mytel ဆင်းကတ်များ အခမဲ့ပေးဝေပြီး စောစောပြောအပလီကေးရှင်း ထည့်ပေးခြင်းတို့ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**ထိန်လင်းအောင်(ပြန်/ဆက်)**



## သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ကြက်သွန်များ ထောက်ပံ့

**သီပေါ မေ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေး နေရာများရှောင်ကြဉ်ကြရန်၊ မကြာခဏပိုးသတ်ဆေးပါသော ဆပ်ပြာနှင့် လက်ဆေးရန်၊ မြို့ဝင်မြို့ထွက် တိုးဂိတ်များ၌ ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် စစ်ဆေးခြင်းစသည့် ကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဌာန၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအသင်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီပေါမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများအနေဖြင့်လည်း မိမိတို့ဌာနဝန်ထမ်းများကို စားသောက်ရေးကိစ္စရပ်များ အခက်အခဲမရှိစေရေးအတွက် ကူညီထောက်ပံ့ပေးလျက်ရှိရာ ယနေ့မွန်းလွဲ ၁နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးရှိ ဝန်ထမ်း ၂၀ နှင့် မိသားစုများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးနှင့်ဇနီး ဒေါ်မေမေထွန်းမိသားစုက ဆန်၊ ဆီ၊ ဆေး၊ ဆား၊ အာလူး၊ ကြက်သွန်များကို ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း စားသောက်ကုန်များ လှည့်လည်ရောင်းချ

**မန္တလေး ဧပြီ ၅**
မန္တလေး ချမ်းအေးသာစံမြို့နယ် ၈၆ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ မန္တလေးပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)က ကြီးမှူး၍ ဒေသခံပြည်သူများ ကုန်ဈေးနှုန်းအပေါ် စိုးရိမ်မှုများ လျော့ပါးစေရန်နှင့် စားသောက်ကုန်များဖူလုံရေး၊ ကုန်ဈေးနှုန်း သက်သာချောင်ချိရေးအတွက် ယနေ့နံနက်ပိုင်းက မန္တလေး အောင်မြေသာစံမြို့နယ် လမ်း ၈၀-၂၆ လမ်းမှ ၉ လမ်းအတွင်း ရပ်ကွက်များသို့ ကုလားပဲခြမ်း၊ ငရုတ်ကြမ်းမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်၊ ကြက်သွန်ကြော်၊ လက်ဖက်နှင့် ပဲကြော်စုံများကို ကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

**ရောင်းချ**

အဆိုပါစားကုန်များတွင် ကုလားပဲခြမ်း ၅၀ သားကို ငွေကျပ် ၈၀၀၊ ကြက်သွန်ကြော်တစ်ထုပ်လျှင် ငွေကျပ် ၈၀၀၊ ငရုတ်ကြမ်းမှုန့်၊ အရောင်တင်မှုန့်နှင့် နနွင်းမှုန့် ငွေကျပ် ၁၅၀ နှုန်းစီ၊ လက်ဖက်၊ ပဲကြော်စုံ ငွေကျပ် ၂၀၀ နှုန်းတို့ဖြင့် ရောင်းချခဲ့ကြသည်။

ကုန်စည်အရောင်းအဝယ်အဆင်ပြေစေရန်အတွက်လည်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း(ကုန်စည်ဒိုင်)မှ စားသောက်ကုန်များ ပုံမှန်အရောင်းအဝယ်ဖြစ်စေပြီး ကုန်ဈေးနှုန်း တည်ငြိမ်စေရန်အတွက် အသင်းသား အသင်းသူများအား ကုန်စည်ဒိုင်အမည်ဖြင့် တရားဝင် Viber အဖွဲ့ ဖွဲ့ကာ ဖုန်းဖြင့်ချိတ်ဆက် အရောင်းအဝယ်ခွင့်ပြုကြောင်း၊ လတ်တလောဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှု ကာကွယ်နေချိန်တွင် စားသောက်ကုန်ပြတ်လပ်ခြင်းမရှိဘဲ ဈေးနှုန်းတည်ငြိမ်ရေးအတွက် စီမံဆောင်ရွက်ခြင်းဖြစ်သဖြင့် ယနေ့အထိ ကုန်စည်ဒိုင်အား အချိန်အကန့်အသတ်ဖြင့် ဖွင့်လှစ်ပေးထား၍ အိမ်မှာနေရင်း ဖုန်းဖြင့် အရောင်းအဝယ် စတင်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**





# စစ်ကိုင်းတောင်ရိုးရှိ သီလရှင်အပါး ၈၀၀၀ ကျော်အား ပဲလှူဒါန်း

**စစ်ကိုင်း ဧပြီ ၅**
စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံးမှီတင်းနေထိုင်သော သီလရှင်အပါး ၈၀၀၀ ကျော်အတွက် စစ်ကိုင်းမြို့ ပိုးတန်းရပ်နေ နဝရတ်ပဲခွဲစက်ပိုင်ရှင် စစ်ကိုင်း မြို့မိ မြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလွင်မိသားစုတို့က ပဲများလှူဒါန်းခဲ့ကြောင်း သိရသည်။

**လှူဒါန်း**

ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေစဉ်အတွင်း သီလရှင်ဆရာကြီး၊ ဆရာလေးများ ဆွမ်းဟင်းအဆင်ပြေစေရန်အလို့ငှာ လှူဒါန်းခြင်းဖြစ်ပြီး လှူဒါန်းမှုကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် သီလရှင်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သီလရှင်ဆရာကြီး ဒေါ်ကေတုဝတီ သီတင်းသုံးနေထိုင်ရာ စစ်ကိုင်းတောင်ရိုး ဂူနီချောင်သို့ သွားရောက်လှူဒါန်းခဲ့ပြီး ဆရာကြီးဒေါ်ကေတုဝတီမှတစ်ဆင့် ပြန်လည်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း အလှူရှင်မိသားစုထံက သိရသည်။

စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံးမှီတင်းနေထိုင်သော သီလရှင်အပါး ၈၁၇၀ အတွက် ကုလားပဲခြမ်း ၂၅၃၃ ပိဿာ စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၁၂၈၀၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒကလည်း စစ်ကိုင်းမြို့မ ၂၃ ရပ်ကွက်ရှိ ဘုန်းကြီးကျောင်း ၅၆၂ ကျောင်းမှ ဆရာတော်၊ သံဃာတော် ၅၈၀၁ ပါး၊ သီလရှင်ချောင် ၃၉၈ ချောင်မှ သီလရှင် ဆရာကြီး၊ ဆရာလေး ၇၀၃၇ ပါးတို့ကို အရန်သင့်စား ခေါက်ဆွဲခြောက်ထုပ်၊ ကြာဆံခြောက်ထုပ်နှင့် ဆန်ပြုတ်ထုပ်များကို ဧပြီ ၁ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

**ခိုင်ဇေယျ**

# ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်တစ်သောင်းကျော် ဈေးမြင့်တက်

**မန္တလေး ဧပြီ ၅**
ယခုရက်ပိုင်းအတွင်း ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ ဝယ်လိုအားကောင်းမွန်မှုကြောင့် မတ်ပဲနှင့် ပဲတီစိမ်း(ခရမ်းရွှေဝါ)သီးနှံများ မန္တလေးဈေးကွက်အတွင်း၌ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် တစ်သောင်းကျော်အထိ ဈေးမြင့်တက်လျက်ရှိကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

**ဈေးများမြင့်တက်**

အဆိုပါ ပဲသီးနှံများမှာ ပြီးခဲ့သည့် မတ်လကုန်ပိုင်းက ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့် မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀ နှုန်းနှင့် ပဲတီစိမ်းသီးနှံမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၈၀၀၀ နှုန်းအထိ ဈေးများကျဆင်းသွားခဲ့ပြီး ယခုဧပြီလဆန်းပိုင်းတွင် မတ်ပဲကို အိန္ဒိယနိုင်ငံမှ စာချုပ်ဖြင့်စတင်ဝယ်ယူလာမှုကြောင့် ဈေးကွက်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ နှုန်းအထိ လည်းကောင်း၊ ပဲတီစိမ်းကို တရုတ်နိုင်ငံမှ သွက်လက်စွာ ဝယ်ယူလာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ နှုန်းအထိ လည်းကောင်း ဈေးများ ရုတ်တရက်မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့် ပွဲရုံ)က ပြောသည်။



“ဒီနှစ်ပိုင်းမှာ ပဲတီစိမ်းနဲ့ မတ်ပဲဈေးနှုန်းတွေက ကိုဗစ်-၁၉ ရောဂါဂယက်ကြောင့်အခြားပဲတွေလို ဈေးကျဆင်းနေပေမယ့် အခုလိုမမျှော်လင့်ဘဲ ရုတ်တရက်ကြီး ဈေးတွေခုန်တက်လာတဲ့အတွက် လက်ကျန်ပဲတွေကနေ ဈေးကောင်းရကြလို့ တောင်သူတွေနဲ့ကုန်သည်တွေ ဝမ်းသာနေကြတယ်။ မကြာခင် မေလအတွင်းမှာလည်း ရေသွင်းစိုက်ပျိုးထားတဲ့ နွေပဲတီစိမ်းသီးနှံတွေ ဈေးကွက်ကို ဝင်လာတော့မှာပါ။ ဒီသီးနှံနှစ်မျိုးစလုံးက အခုလိုဝယ်လိုအားကောင်းတဲ့အတွက် သင်္ကြန်အပြီးကာလမှာလည်း လက်ရှိဈေးအောက် ကျဆင်းသွားဖို့ မရှိနိုင်ဘူးလို့ ခန့်မှန်းပါတယ်။ ဒီကာလမှာလည်း ကုန်စည်စီးဆင်းမှုမြန်ဆန်ဖို့နဲ့ ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် မန္တလေးကုန်စည်ဒိုင်ကို နေ့တစ်ပိုင်းဖွင့်ပေးထားတယ်” ဟု ၎င်းက ပြောသည်။

ပဲတီစိမ်းသီးနှံကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရာသီမရွေးစိုက်ပျိုးကြပြီး ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ်သာ စိုက်ပျိုးကြကြောင်းနှင့် မတ်ပဲကို မြန်မာနိုင်ငံအနှံ့အပြား၌ ဆောင်းသီးနှံအဖြစ်သာ တောင်သူများအားထားစိုက်ပျိုးကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရန်ကုန်မြို့ သိမ်ကြီးဈေးရှိ ဆိုင်ခန်းအချို့ပိတ်ထား

**ရန်ကုန် ဧပြီ ၅**
ရန်ကုန်တိုင်းဒေသကြီး သိမ်ကြီးဈေးရှိ ဆိုင်ခန်းအချို့ ပိတ်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဈေးများဌာနမှ သိရသည်။

“သိမ်ကြီးဈေးကို ပိတ်ထားတာတော့မရှိပါဘူး။ ပုံမှန်အတိုင်းပဲ ဖွင့်ထားပါတယ်။ ၁၂ ရက်နေ့ကြရင်တော့ သင်္ကြန်ကာလဖြစ်တဲ့အတွက် ဈေးပိတ်မှာပါ” ဟု သိမ်ကြီးဈေး(ဒီ)ရုံ တာဝန်ခံ ဦးအုန်းကျော်က ပြောသည်။

လက်ရှိတွင် စားသောက်ကုန်နှင့် ဆေးဝါးများရောင်းချသည့်ဆိုင်များနှင့် တခြားလူသုံးကုန်ပစ္စည်းရောင်းချသည့်ဆိုင်တချို့သာ ပိတ်ထားကြောင်း၊ ပုံမှန်အားဖြင့် သင်္ကြန်မကျခင် တစ်ရက်အလိုတွင် နေ့တစ်ဝက်ပိတ်ပြီး နှစ်ဆန်းနှစ်ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

“တဖြည်းဖြည်းနဲ့ ပိတ်တဲ့ဆိုင်တွေများလာတယ်။ ကျွန်မတို့ဆေးဆိုင်တွေတောင် ပိတ်တဲ့ဆိုင်တွေရှိတယ်။ ဈေးမှာတော့ အသွားအလာတွေ သိပ်မရှိတော့ဘူး။ ဟိုဘက်ကဈေးရုံတွေဆို ဆိုင်တော်တော်များများပိတ်ထားတယ်” ဟု သုခအာရောဂျံ မြန်မာဆေးဆိုင်မှ ဆိုင်ပိုင်ရှင် မအေးမြတ်မွန်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သိမ်ကြီးဈေး A ရုံ၊ B ရုံ၊ C ရုံ၊ D ရုံ၊ E ရုံ စသည့်ဈေးရုံကြီးများရှိပြီး D ရုံ ဈေးတစ်ခုထဲတွင် ဆိုင်ခန်းပေါင်း ၁၂၈၅ ခန်းရှိကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

# သင်္ကြန်ရာသီစာအဖြစ်ရောင်းချမည့် အတာအိုးများ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်

**မန္တလေး ဧပြီ ၅**
မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကာလအတွင်း အသုံးပြုရန် ရာသီစာအဖြစ် ရောင်းချမည့် အတာအိုးများ မန္တလေးဈေးကွက်သို့ ဧပြီလဆန်းပိုင်းမှ စတင်ဝင်ရောက်ကာ လက်လီလက်ကား ဖြန့်ချိရောင်းချလျက်ရှိသည်။

**ရောင်းချပေးလျက်ရှိ**

အဆိုပါသင်္ကြန်အတာအိုးများကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တပ်ကြီးကျေးရွာနှင့် မတ္တရာမြို့နယ် စကျင်ကျေးရွာများမှ ထုတ်လုပ်တင်ပို့ကာ မန္တလေးဈေးကွက်အတွင်း၌ အိုးအမျိုးအစားအလိုက် တစ်အိုးလျှင် လက်လီဈေးနှုန်း ငွေကျပ် ၅၀၀ မှ ၆၀၀ ဈေးဖြင့်လည်းကောင်း၊ လက်ကားဈေးနှုန်း ငွေကျပ် ၂၅၀ မှ ၃၀၀ ဈေးဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိကြောင်း အောင်မြေသာစံမြို့နယ် (၈၆)လမ်းနှင့် လမ်း(၂၀) ထောင့်ရှိ သင်္ကြန်အတာအိုးများရောင်းချသူ ဒေါ်တင်မာနွယ်က ပြောသည်။

"သင်္ကြန်ကာလမှာ အသုံးပြုကြမယ့် အတာအိုးတွေကို တပ်ကြီးရွာက အများဆုံးထုတ်လုပ်ရောင်းချတာများပါတယ်။ ဒီနှစ်ဦးကာလမှာတော့ သင်္ကြန်ရာသီစာ အတာအိုးတွေအပြင် မြောင်မြို့နယ် နဘက်ရွာနဲ့ စဉ့်ကူးမြို့နယ် ခတ်သင်ကျေးရွာတွေကထွက်တဲ့ သောက်ရေအိုးတွေလည်း ဈေးကွက်ထဲကိုဝင်လာကြတယ်။ နှစ်သစ်ကူးကာလမှာ မြန်မာလူမျိုးတွေအနေနဲ့ သိကြားမင်းကို နေ့နံ ခုနစ်မျိုးပါတဲ့ အညွန့်ပန်းနဲ့ အတာအိုးထဲမှာထည့်ပြီး ရိုးရာဓလေ့အဖြစ် လှူဒါန်းကြိုဆိုကြတယ်။ ဒါ့အပြင် နှစ်ဆန်း ၁ ရက်နေ့မှာလည်း ပရိတ်အိုးအဖြစ် အသုံးပြုလေ့ရှိကြတယ်။ ဒါကြောင့် ကျွန်မတို့ အိုးလုပ်ငန်းလုပ်ကိုင်သူတွေက ဒီသင်္ကြန်ကာလအတွက် အတာအိုးတွေကို ကြိုတင်ပြီးထုတ်လုပ်ထားကြတယ်" ဟု ၎င်းက ပြောသည်။

**အဓိကထုတ်လုပ်**

အိုးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း၌ အမရပူရမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ မြင်းခြံမြို့နယ်၊ မတ္တရာမြို့နယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်များတွင် မိရိုးဖလာစီးပွားရေးလုပ်ငန်းအဖြစ် အဓိကထုတ်လုပ်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် လက်မှုပညာရပ်ကို မပျောက်ကွယ်စေရန် ထိန်းသိမ်းစောင့်ရှောက်လုပ်ကိုင်လျက်ရှိသည်။



ထွက်ရှိလာသည့်အိုးများကို ရေဝတီမြစ်ကြောင်းမှ တစ်ဆင့် မန္တလေးမြို့သို့ အများဆုံးတင်ပို့ရောင်းချကြသည့်အပြင် ခန္တီး၊ မော်လိုက်၊ ဟုမ္မလင်းနှင့် ပုဂံ-ညောင်ဦး မြို့နယ်များသို့လည်း တင်ပို့ကာ ဖြန့်ချိရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကောလင်းမြို့နယ်၌ ရုံးပတီသီးများ ဈေးကောင်းရ

**ကောလင်း ဧပြီ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ခွင်တောင်း၊ ယောမြေနီ၊ လက်ပံကွေ့၊ ကျွန်းလှခုံ၊ ဝန်းသိုမြို့နယ် ဇီးဖြူပင်၊ ငွေ့ကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်အိုက်၊ စိန်လည်၊ အောင်းကုန်း၊ သပြေသာ စသည့်ကျေးရွာများသည် ဒေါင်းမြူးချောင်းနံဘေးတွင် တည်ရှိပြီး ပန်းဂေါ်ဖီ၊ ငရုတ်၊ သခွား၊ မေမြို့ပန်း၊ သစ္စာပန်း၊ ကြက်သွန်၊ ခရမ်းချဉ်၊ ပြောင်းဖူး၊ ဂန္ဓမာပန်း စသည့်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးဈေးကောင်းသဖြင့် ယခုနှစ် ရုံးပတီသီးစိုက်တောင်သူများ ဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ကြက်ဖတံဆိပ် ရုံးပတီမျိုးစေ့ကို စိုက်ပျိုးရေးဆိုင်က တစ်ထုပ်ဝယ်ပြီး မျိုးစေ့ကို အရင်နှစ်ကတည်းက မျိုးပြန်ယူထားတာပါ။ အရင်နှစ်က စိုက်ပျိုးတဲ့သူများတယ်။ တစ်ဧကစိုက်တာ နေ့စဉ်ကောက်ရပြီး တစ်ခါကောက်ကို အတောင့် ၂၀၀၀၀ အထိတော့ရပါတယ်။ ဒါပေမယ့် အတောင့်အကြီး၊ အသေးပေါ်မူတည်ပြီး ရုံးပတီသီးတစ်တောင့်ကို နှစ်ကျပ်၊ သုံးကျပ်နဲ့ ရောင်းရလို့ အမြတ်နည်းခဲ့ပါတယ်။ အခုနှစ်လည်း တစ်ဧကကို ရုံးပတီသီးမျိုးစေ့ရှစ်ပြည် စိုက်ပျိုးထားပါတယ်။ ကောက်နေတာ သုံးပတ်လောက်ရှိပြီဆိုတော့ အတောင့် ၂၀၀၀၀ လောက်တော့ရပါပြီ။ တစ်တောင့်ကို အတောင့်အကြီး၊ အသေးအပေါ်မူတည်ပြီး ငါးကျပ်ကနေ ခုနစ်ကျပ်နဲ့ ကောလင်းမြို့ပေါ်ရှိ ဖောက်သည်တွေကို ပို့ပေးရပါတယ်။ တစ်ဧကစိုက်ကို အလုပ်သမားတစ်ယောက်အတွက် ငွေကျပ် ၂၅၀၀ နဲ့ လေးယောက် ပုံမှန်အကောက်ငှားထားပါတယ်။ အလုပ်သမားတွေလည်း နေ့စဉ်ဝင်ငွေရရှိပြီး ကျွန်တော်တို့လည်း နေ့စဉ် တစ်သိန်းကျော်ပုံမှန်ရရှိလို့ ဝင်ငွေပိုမိုတိုးပွားလာပါတယ်"ဟု ရုံးပတီသီးစိုက်ပျိုးသူ အုပ်ဖိုကျေးရွာနေ ဦးဖိုးထိန်က ပြောသည်။

ကျွန်မက "စိုက်ခင်းအရောက် သီးနှံမျိုးစုံဝယ်ယူပြီး ဝန်းသိုဈေးမှာ သွားရောင်းတာပါ။ အရင်နှစ်ကဆို ရုံးပတီသီးစိုက်သူများလို့ အခင်းရှင်တွေက သူ့ဆီမှာယူပါဦး၊ ကိုယ့်ဆီမှာ ယူပါဦးနဲ့ အခုနှစ်က ရုံးပတီသီးစိုက် အခင်းရှင်ဆီမှာ မှာခိုင်းရတာပါ။ ဒါတောင် ကိုယ်လိုသလောက် မရဘူး"ဟု မြိုင်ဇေယျာကျေးရွာမှ ဆိုင်ကယ်ဖြင့် ကျေးရွာတကာလည်ရောင်းတဲ့ တောဈေးသွား ဒေါ်သေးက ပြောသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကျောက်ပန်းတောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ကျောက်ပန်းတောင်း ဧပြီ ၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေး ကြီးကြပ်မှုကော်မတီသို့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် ယနေ့ နံနက် ၁၀ နာရီက ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းကလှူဒါန်းသော အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ တစ်သီးပုဂ္ဂလ အလှူငွေများကိုလည်းကောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အခမဲ့ကွန်ပျူတာသင်တန်း တာဝန်ခံ ကိုမင်းဆန်းနှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ ဦးမျိုးဆွေဦးတို့နှင့်အတူ ကျောက်ပန်းတောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းသော Surgical Grown ဝတ်စုံပြည့် အစုံ ၂၀၊ နှာခေါင်းစည်း အခု ၂၀၀၊ ရေမလိုလက်သန့်ဆေးရည် ၅၀၀ မီလီ ၁၅ ဘူး၊ ရေမလိုလက်သန့်ဆေးရည် လေးလီတာ ဘူး ၃၀၊ လက်ဆေးဆပ်ပြာရည် ၅၀၀ မီလီ ငါးဘူး၊ လက်ဆေးဆပ်ပြာရည် နှစ်လီတာ နှစ်ပုံး၊ အရက်ပြန် ၅၀၀ မီလီ ၁၀ ဘူးနှင့် ပညာပေးဗီနိုင်း ငါးခုတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ မြို့နယ်ကြီးကြပ်မှုကော်မတီအဖွဲ့ထံ လာရောက်လှူဒါန်းရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

အလားတူ ကျောက်ပန်းတောင်းမြို့ စံပြရပ်ကွက် ငွေစုငွေချေးသမဝါယမအသင်းစုက ငွေကျပ် သုံးသိန်း၊ ဦးပေါက်(ညောင်ဦးမြို့)က ငွေကျပ် နှစ်သိန်း၊ ဦးတင်ဝင်း(စံပြရပ်ကွက်)က ငွေကျပ် သုံးသောင်းနှင့် COVID-19 Volunteer(ကျောက်ပန်းတောင်း)က လက်သန့်ဆေးရည်ဘူးများ လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# မော်လူး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ပိုးသတ်ဆေးဖျန်း

**မော်လူး ဧပြီ ၅**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ ညနေ ၅နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပိုးသတ်ဆေးများ ဖျန်းပေး**

"ကျွန်တော်တို့အဖွဲ့တွေဟာ ဧပြီ ၃ ရက်က တိုက်နယ်ဆေးရုံ၊ စည်ပင်သာယာဈေး၊ ရဲစခန်း၊ လျှပ်စစ်ရုံး၊ အုပ်ချုပ်ရေးမှူးရုံး၊ စာသင်ကျောင်းတွေ၊ ဧပြီ ၄ ရက်မှာ မင်းရာဇာရပ်ကွက်၊ မင်းဇေယျာရပ်ကွက်အနောက်ခြမ်း၊ ဆေးရုံစောင့်ကြည့်ခန်းနဲ့ ယနေ့ ဧပြီ ၅ ရက်မှာ ဘုရားကြီးကျောင်းတိုက်၊ အရှေ့ကျောင်းတိုက်၊ မင်းရာဇာရပ်ကွက် အရှေ့ပိုင်းနှင့် မင်းဇေယျာရပ်ကွက်၊ မင်းချမ်းသာရပ်ကွက်၊ ဟဲနုစာသင်ကျောင်း၊ မော်ဆေးရုံမှ စီးမော်တံတားအထိ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ပိုးသတ်ဆေးများ ဖျန်းပေးနေပါတယ်" ဟု မော်လူးမြို့ မေတ္တာအားမာန်ကယ်ဆယ်ရေးနှင့် နာရေးလူမှုကူညီရေးအသင်းခေါင်းဆောင် ဦးအောင်ရွှေ(ခ)ဦးဆံရှည်က ပြောသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးရည်များကို ဧပြီ ၃ ရက်မှ ၅ ရက်အထိ သုံးရက်တိုင် ဌာနဆိုင်ရာ အဆောက်အဦများနှင့် လူနေအိမ်များသို့ လိုက်လံဖျန်းပေးခဲ့ပြီး ဆက်လက်၍ လိုအပ်ပါက ပက်ဖျန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များ ထည့်သွင်းပြသသွားမည်

နေပြည်တော် ဧပြီ ၅

၂၀၁၀ ပြည့်နှစ် ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ မြန်မာ့ရိုးရာမဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေအနားယူကြမည့် မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြားသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့်ပတ်သက်သည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများကို နေ့စဉ်မွန်းလွဲပိုင်းနှင့် ညပိုင်းတွင်လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်းများတွင်လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် သင်္ကြန်ကာလအတွင်း မွန်းလွဲ ၁ နာရီခွဲနှင့် ည ၉ နာရီခွဲတို့တွင် ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်ကားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

*(ယမန်နေ့မှအဆက်)*



၁၆-၄-၂၀၁၀
(ကြာသပတေးနေ့) နေ့လယ်
**လွမ်းနေမယ် မမ**
(ဆေးရောင်စုံရုပ်ရှင်)
ကျော်ဟိန်း၊ ချိုပြုံး၊ ဆွေဇင်ထိုက်
ဒါရိုက်တာ ဦးတင်ယု

ရန်နိုင်၊ မော်စီနှင့် နွယ်မွန်တို့ ဝါသနာတူ သူငယ်ချင်း သုံးဦး အနုပညာအလုပ်များ အတူလုပ်ရင်း သဘောထားကွဲလွဲခဲ့ကြရာမှ ရန်နိုင်က ဖခင်၏ သူငယ်ချင်းရှိသည့် ပြင်ဦးလွင်သို့ စိတ်ပြေလက်ပျောက် ထွက်လာခဲ့သည်။ အနုပညာဝါသနာပါသူဖြစ်၍ သင်္ကြန်တေးဂီတ ဖျော်ဖြေရေးပွဲများတွင် သီချင်းဝင်ဆိုခဲ့သည်။ အေးမနှင့် ခင်မင်ရင်းနှီးသွားကြပြီး ရန်နိုင်နှင့် အေးမ ချစ်သူများ ဖြစ်ခဲ့ကြသည်။ ရန်နိုင်၏သူငယ်ချင်း နွယ်မွန်က ရန်နိုင်ရှိရာ ပြင်ဦးလွင်သို့ လိုက်လာခဲ့ရာမှ အေးမနှင့် အခြေအနေကို ရိပ်မိပြီး ရန်နိုင်ကို ချစ်နေခဲ့ကြောင်း နွယ်မွန်က အေးမကို ပြောပြခဲ့သည်။ ရန်နိုင်နှင့် နွယ်မွန်၊ အခြေအနေကို သိသွားသည့် အေးမတစ်ယောက် ဘယ်လိုဆုံးဖြတ်မလဲဆိုတာ စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံရုပ်ရှင် ဇာတ်ကားဖြစ်ပါသည်။




၁၆-၄-၂၀၁၀
(ကြာသပတေးနေ့) ည
**အချစ်က လန်းတယ်**
(ဆေးရောင်စုံရုပ်ရှင်)
မင်းမော်ကွန်း၊ ခန့်စည်သူ၊
မိုးအောင်ရင်၊ ထွန်းထွန်း၊
စိုးမြတ်သူဇာ၊ မယ်လိုဒီ၊
သက်မွန်မြင့်၊ စိုးပြည့်သဇင်
ဒါရိုက်တာ ညီညီထွန်းလွင်

စိတ္တ၊ သားစစ်နှင့် မိုးသောက်တို့ ညီအစ်ကို သုံးဦးတို့နှင့်အတူနေ အန်တီအပျိုကြီး မျိုးမမက ဇီဇာကြောင်၊ စည်းကမ်းကြီးသည့်အတွက် အဒေါ်အိမ်ထောင်ပြုစေဖို့ ညီအစ်ကိုများ အကြံထုတ်နေခဲ့သည်။ အစ်ကိုကြီး ကိုကြံကောင်း၏ အုပ်ထိန်းမှုအောက်မှာနေရသည့် ကျော့၊ ကြာနှင့် ကြွေတို့ ညီအစ်မ (၃)ဦးတို့ အစ်ကိုကြီး၏ စည်းကမ်းတင်းကျပ်မှုကြောင့် အစ်ကိုရှေ့ တစ်မျိုး၊ ကွယ်ရာတစ်မျိုး နေနေခဲ့ကြသည်။ ညီအစ်ကို (၃)ယောက်နှင့် ညီအစ်မ သုံးယောက်တို့ အသီးသီးချစ်သူဖြစ်သွားကြရာ အစ်ကိုကြီးနှင့် အန်တီအပျိုကြီးတို့ နှစ်ယောက်ကို သဘောတူပေးစားကြရန် အကြံဉာဏ်အမျိုးမျိုး ထုတ်ခဲ့ကြသည်။ သူတို့၏အကြံအစည် အောင်မြင်မှုရပ့ါမလား ဆိုတာကို ပျော်ပျော်ရွှင်ရွှင်၊ ပေါ့ပေါ့ပါးပါး စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံရုပ်ရှင် ဇာတ်ကားဖြစ်ပါသည်။



၁၈-၄-၂၀၁၀
(စနေနေ့) နေ့လယ်
**ဇော်က ကနေသည်**
(ဆေးရောင်စုံအကယ်ဒမီရုပ်ရှင်)
နေတိုး၊ ညွန့်ဝင်း၊ နန္ဒာလှိုင်၊
ပုလဲဝင်း
ဒါရိုက်တာ မီးပွား

ဇော်ဂျီဝတ်စုံဝတ်ပြီး လျက်ဆားရောင်းကာ အသက်မွေးနေရသော "ဇော်ဂျီ"ကို စိတ်ဝေဒနာသည် မဥ္ဇူက တွေ့ပြီး ဘဝဟောင်းက ချစ်သူဟု ထင်မှတ်နေသည့်အတွက် မဥ္ဇူ၏ဖခင်က သမီးကျန်းမာရေးအတွက် ဆေးတိုက်ဖို့ ဇော်ဂျီကို နေ့တိုင်းအိမ်လာစေခဲ့သည်။ မဥ္ဇူ၏ ဖခင်က ဇော်ဂျီနှင့်အတူ ပါလာသည့် တူလေးကိုမြင်ပြီး မွေးစားခွင့်တောင်းလို့ တူလေးနောင်ရေးကို စဉ်းစားကာ ခွင့်ပြုခဲ့ပြီး အရက်သမားဘဝဖြင့် ဇော်ဂျီတစ်ယောက် ရှေ့ဆက်ခဲ့ရသည်။ ဆရာဝန်ဖြစ်သွားသော တူလေးပြန်လည်ရောက်ရှိလာချိန်မှာ ဦးလေး ဇော်ဂျီကို ဆေးကုသပေးနိုင်သည့် အခွင့်အရေးရနိုင်ပ့ါမလား ဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံအကယ်ဒမီရုပ်ရှင် ဇာတ်ကားဖြစ်ပါသည်။




၁၈-၄-၂၀၁၀
(စနေနေ့) ည
**ရန်ကုန် အချစ်ပုံပြင်**
(ဗီဒီယိုဇာတ်လမ်း)
မြင့်မြတ်၊ သက်မွန်မြင့်
ဒါရိုက်တာ စိုင်းလုံးကျောက်

မော်ဒယ် မိုးထက်မြင့်သူရဲ့ချစ်သူ ကွယ်လွန်သွားလို့ ပူဆွေးသောက ရောက်နေခဲ့သည်။ ငပိုင်က မိုးထက်မြင့်သူ ချစ်သူ၏ ဒိုင်ယာရီကောက်ရပြီး ချစ်သူက အိပ်မက်ပေးလို့ စောင့်ရှောက်ခိုင်းတယ်ဆိုကာ လိမ်ညာချဉ်းကပ်ခဲ့သည်။ မိုးထက်မြင့်သူက ယုံကြည်သွားပြီး ငပိုင်နှင့်ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ "ငပိုင်"တစ်ယောက် သူ၏လိမ်ညာမှုကို ကြာရှည်ဖုံးကွယ်ထားနိုင်ပ့ါမလားဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်း ဖြစ်ပါသည်။



၁၉-၄-၂၀၁၀
(တနင်္ဂနွေနေ့) နေ့လယ်
**ဤလူ့ဘောင်တွင်**
(ဖြူမည်းရုပ်ရှင်)
ထွန်းဝေ၊ မောင်မောင်တာ၊
မြင့်မြင့်ခင်
ဒါရိုက်တာ ရွှေဒုံးဘီအောင်

မအေးမြင့်၏ ဖခင်က မွေးစားသား "သန့်စင်" နှင့် မအေးမြင့်ကို လက်ဆက်ပေးပြီး သူ၏ကုမ္ပဏီကို အုပ်ချုပ်စေခဲ့သည်။ "မအေးမြင့်" နှင့် "သန့်စင်"က ငယ်စဉ်ကတည်းက မောင်နှမလို နေလာခဲ့ကြ၍ လက်မထပ်လိုသော်လည်း ဖခင်၏ဆန္ဒကို မလွန်ဆန်နိုင်ခဲ့ကြပေ။ ကုမ္ပဏီကို လက်ဝါးကြီးအုပ်ချင်နေသော မန်နေဂျာ၏ ပြဿနာကို ရဲအုပ် ကိုရဲဝင်းက ကူညီပေးရာမှ ကိုရဲဝင်းနှင့် မအေးမြင့်တို့ မေတ္တာသက်ဝင်ခဲ့ကြသည်။ မအေးမြင့်နှင့် ကိုသန့်စင်တို့၏ ဟန်ဆောင်လင်မယားဘဝကို ကိုရဲဝင်းသိသွားသည့်အခါ ဘယ်လိုဆုံးဖြတ်မလဲ မအေးမြင့် ဖခင်က သိသွားမလားဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဖြူမည်းရုပ်ရှင်ဇာတ်လမ်း ဖြစ်ပါသည်။



၁၉-၄-၂၀၁၀
(တနင်္ဂနွေနေ့) ည
**မိစ္ဆာတေး**
(ဗီဒီယိုဇာတ်လမ်း)
လူမင်း၊ ဝတ်မှုံရွှေရည်
ဒါရိုက်တာ ဟိန်းစိုး

ကိုချမ်း၏မိခင်က သူငယ်ချင်း၏သမီးလေး စီးစီးကို အိမ်ခေါ်တင်ထားသည်။ ကိုချမ်း မိခင်၏ကုမ္ပဏီကို လက်ဝါးကြီး အုပ်စိုးနေသော ဦးလေး၊ အဒေါ်နှင့် သမီးများက စွာလွန်းသည့် စီးစီးကို ကြည့်မရခဲ့။ ကိုချမ်းက ကုမ္ပဏီကို စိတ်မဝင်စားတော့ စီးစီးကို ကိုချမ်းနှင့်အိမ်ထောင်ချပေးပြီး ကုမ္ပဏီကို အုပ်ချုပ်စေခဲ့သည်။ စီးစီးကို မကျေနပ်သည့် ကိုချမ်း၏ အမျိုးတွေက ပြန်ပေးဆွဲခေါ်သွား၍ ကိုချမ်းလိုက်ကယ်ခဲ့သည်။ စီးစီးကို ကိုချမ်းက အချိန်မီကယ်တင်နိုင်ပ့ါမလားဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်းဖြစ်ပါသည်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးကြီးများတွင် အခြေခံစားသောက်ကုန်ပစ္စည်း ဈေးနှုန်းများတည်ငြိမ် ထမင်းဆိုင်နှင့် စားသောက်ဆိုင်များ ပါဆယ်သာရောင်းချ

**နေပြည်တော် မေ ၅**

**မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိပြီးနောက် အခြေခံစားသောက်ကုန်ပစ္စည်းများ ဝယ်လိုအားများခဲ့ပြီး ကုန်ဈေးနှုန်းအနည်းငယ် မတည်မငြိမ်ဖြစ်ခဲ့သော်လည်း ယနေ့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးကြီးများတွင် အခြေခံစားသောက်ကုန်ပစ္စည်း ဈေးနှုန်းများတည်ငြိမ်လျက်ရှိပြီး ကုန်စည်များ ပုံမှန်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။**

နေပြည်တော် သပြေကုန်းဈေးတွင် ပုံမှန်နေ့များကဲ့သို့ ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားလျက်ရှိပြီး အခြေခံစားသောက်ကုန်ပစ္စည်းများ လုံလုံလောက်လောက် ရောင်းချပေးနိုင်သည့် အခြေအနေရှိကြောင်း ဈေးဆိုင်ရှင်များထံမှ သိရသည်။



သပြေကုန်းဈေး

အသားငါးရောင်းသူ ဒေါ်သူဇာဝင်းက " အခုက အသားငါးတွေ ဝယ်ရတဲ့ ဈေးရော ပြန်ရောင်းချတဲ့ဈေးပါ အရင်လိုပုံမှန်ပါပဲ။ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ဈေးမှာ အသိပညာပေးတာတွေရှိပါတယ်။ အရပ်ထဲက ပြောစကားတွေကြောင့် တစ်ခါတလေ စိုးရိမ်စိတ်ဖြစ်တဲ့အခါလည်းရှိပါတယ်။ စားဝတ်နေရေးကြောင့် ပုံမှန်တော့ ဈေးထွက်ရောင်းပါတယ်" ဟု ပြောသည်။

ထို့အတူ ပျဉ်းမနားမြို့ အာဟာရသုခဈေးတွင်လည်း အခြေခံစားသောက်ကုန်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်၊ သားငါးနှင့် ကုန်ခြောက်ပစ္စည်းများကို လက်လီလက်ကား ပုံမှန် ရောင်းဝယ်ဖောက်ကားလျက်ရှိပြီး ဈေးနှုန်းအတက်အကျ ကွာဟမှုသိပ်မရှိကြောင်း ပွဲရုံပိုင်ရှင်များက ပြောသည်။

အာဟာရသုခဈေးတွင် ကုန်မျိုးစုံရောင်းချနေသည့် ဦးတင်မောင်ဆွေက "ဆိုင်မှာတော့ အခြေခံစားသောက်ကုန်ဖြစ်တဲ့ ဆန်၊ ဆီ၊ ဆားနဲ့ အခြားအခြေခံစားသောက်ကုန်တွေကို ပုံမှန်ဈေးနှုန်းအတိုင်းပဲ ရောင်းချပေးနေပါတယ်။ ဆန်၊ ဆီ၊ ဆား၊ ပဲအမျိုးမျိုးကို အရင်အတိုင်းပဲ မှာယူရတာလွယ်ကူနေပါတယ်။ ပြတ်လပ်ဖို့လည်း မရှိနိုင်ပါဘူး။ ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချဖို့ ညွှန်ကြားထားပါတယ်" ဟု ပြောသည်။

နေပြည်တော် သပြေကုန်းဈေး အပါအဝင် ပျဉ်းမနား အာဟာရသုခဈေးနှင့် Junction Center တို့တွင် Face Mask၊ Hand Gel၊ Dettol နှင့် အရက်ပြန်များ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

ကင်မွန်းတန်းရပ်ကွက်နေ ဆိုင်ကယ်ကယ်ရီဆွဲသူ ဦးလှိုင်ဦးက "ခုကပ်ရောဂါနဲ့ပတ်သက်ပြီး ကျန်းမာရေးကထုတ်ပြန်တဲ့ ထုတ်ပြန်ချက်တွေကို စောင့်ကြည့်ပါတယ်။ လိုက်နာရမယ့်အချက်တွေကို သိပါတယ်။ တကယ်ဆို အပြင်မထွက်ချင်ပါဘူး။ စားဝတ်နေရေးအတွက် ပိုက်ဆံဘယ်လောက်ပဲရရဆိုပြီး ထွက်နေရတာဖြစ်ပါတယ်။ အပြင်မထွက်ဖို့ ကန့်သတ်တော့မယ်ဆိုရင် ကျွန်တော်တို့လို စားဝတ်နေရေး မပြေလည်သူတွေအတွက် ထည့်ပြီးစဉ်းစားပေးစေလိုပါတယ်" ဟု ပြောသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန် အရက်ဆိုင်နှင့် ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင်အချို့မှာ ပိတ်သိမ်းထားပြီး ထမင်းဆိုင်နှင့် စားသောက်ဆိုင်များ၌ ဆိုင်တွင် စားသုံးခွင့်မပြုဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချပေးလျက်ရှိသည်။

စားသောက်ဆိုင် မန်နေဂျာ ဦးဇော်မင်းလှက "ကျွန်တော်တို့ဆိုင်ကို မတ် ၃၁ ရက်ကစပြီး ထိုင်စားမရောင်းပါဘူး။ ပါဆယ်ပဲ ရောင်းပေးပါတယ်။ တာဝန်ရှိသူတွေက တစ်နေ့ကို သုံးကြိမ်လောက် စစ်ဆေးပါတယ်။ ဈေးနှုန်းရော၊ ရောင်းအားပါ ပုံမှန်ပါပဲ" ဟု ပြောသည်။



ဦးလှိုင်ဦး

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဈေးကြီးများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများဖြစ်သည့် ပိုးသတ်ဆေးပက်ဖျန်းခြင်း၊ လက်ဆေးကန်များပြုလုပ်ခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း၊ စားသောက်ကုန်များ ပြတ်လပ်မှုမရှိစေရန်နှင့် ပုံမှန်ဈေးထက် ဈေးတင်ရောင်းချခြင်းများ မပြုလုပ်ရန် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

**သတင်း-ကျော်သူထက်၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ - အေးသန်း**



သပြေကုန်းဈေး



အာဟာရသုခဈေး

# ကိုဗစ် - ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေး YBS ယာဉ်လိုင်းများ ပူးပေါင်းပါဝင်ဆောင်ရွက်

**ရန်ကုန် မေ ၅**

ရန်ကုန်မြို့နေပြည်သူများ ခရီးသွားလာရာတွင် အသုံးပြုနေသည့် YBS ယာဉ်လိုင်းများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ကာကွယ်မှုများဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ထံမှ သိရသည်။

YBS ယာဉ်လိုင်းများစီးနင်းသည့် ခရီးသည်များအတွက် ယာဉ်လိုင်းပေါ်တွင် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ လက်သန့်ဆေးရည်ဘူးပေးခြင်း၊ လက်သန့်ဆေးရည်ဘူးထားရှိခြင်း၊ ကားဂိတ်၊ ရထားဂိတ်များတွင် လက်ဆေးကန်ထားရှိခြင်း၊ ယာဉ်ပေါ်တွင် ပိုးသတ်ဆေးရည်ဖျန်းခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)၊ YBS ယာဉ်လိုင်းကုမ္ပဏီများ၊ ယာဉ်လိုင်းတာဝန်ခံများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်လိုင်းပေါ်တွင် လက်သန့်ဆေးရည်ဘူးကို ယာဉ်လိုင်း၏ အတက်(ဝင်ပေါက်) နေရာတွင် ထားရှိပြီး ခရီးသည်အနေဖြင့် ယာဉ်ပေါ်အတက်တွင် လက်သန့်ဆေးရည်သုတ်လိမ်းပြီးမှသာ စီးနင်းကြရမည်ဖြစ်သည်။ YBS ယာဉ်လိုင်းများ၏ ဂိတ်ရင်းယာဉ်ရပ်နားချိန်တွင် ယာဉ်ပေါ်တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်ပုံးထားရှိပြီး စနစ်တကျအမှိုက်စွန့်ပစ်ခြင်းတို့ကို ယခင်ကတည်းက လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များကို ယာဉ်လိုင်းဂိတ်များနှင့် ယာဉ်ပေါ်တွင် စတေကာကပ်ပြီး အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

အောင်သူရ

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေးအတွက် ဆုတောင်းပွဲ ပြုလုပ်



ဖိလစ်ပိုင်နိုင်ငံတွင် ခရစ်ယာန်ဘုန်းတော်ကြီးများက ကိုဗစ်- ၁၉ ကာကွယ်ရန် ဆုတောင်းမေတ္တာပို့သစဉ်။

**မနီလာ မေ ၅**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကို တားဆီးကာကွယ်ရေးအတွက် ခရစ်ယာန်ဘုန်းတော်ကြီးများသည် တနင်္ဂနွေနေ့က ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

မနီလာတွင် အဝင်အထွက် ပိတ်ဆို့မှုများ ပြုလုပ်ထားသည်မှာ ရက်သတ္တပတ် လေးပတ်အတွင်းသို့ ဝင်ရောက်လာပြီး စည်ကားလှသည့် မြို့တော်သည် လှုပ်ရှားသွားလာမှုများ ရပ်တန့်လုနီးပါးဖြစ်နေသည်။ ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုရှိနေသော်လည်း ဤဆုတောင်းမေတ္တာ ပို့သပွဲကို ဆက်လုပ်မည်ဖြစ်ကြောင်း ဆုတောင်းပွဲတက်ရောက်သူ ဘွန်ဆိုဆာက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာ ၃၀၉၄ ဦးနှင့် သေဆုံးသူပေါင်း ၁၄၄ ဦးအထိ ရောက်ရှိလာသည်ဟု မှတ်တမ်းတစ်ရပ် ထွက်ပေါ်လာပြီးနောက် ဤဆုတောင်းပွဲ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံအတွင်း၌ စမ်းသပ်စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်နေသဖြင့် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ဆက်လက်မြင့်တက်နေမည်ဟု မျှော်မှန်းကြသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – အောင်ဇော်လင်း**

# ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု တားဆီးရေး တောင်ဆူဒန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကုလသမဂ္ဂသန္နိဋ္ဌာန်ချ

**ဂျူဘား မေ ၅**

တောင်ဆူဒန်နိုင်ငံတွင် မေ ၅ ရက်က ကိုရိုနာဗိုင်းရပ်စ်ပထမဆုံးအကြိမ် ဖြစ်ပွားမှု တွေ့ရှိခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုဆိုင်ရာ တားဆီးရေးနှင့် ပြင်ဆင်မှုများတွင် တောင်ဆူဒန်နိုင်ငံ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် ကုလသမဂ္ဂက သန္နိဋ္ဌာန်ချခဲ့သည်။

တောင်ဆူဒန်ရှိ ကုလသမဂ္ဂရုံးက ၎င်း၏ဝန်ထမ်းများထဲတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားကြောင်း အတည်ပြုပြောကြားခဲ့ပြီး အရပ်သားများအား အကာအကွယ်ပေးရန်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန်၊ ငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရန် ကုလသမဂ္ဂက ၎င်း၏လုပ်ငန်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂ၏ ဦးစားပေးအစီအစဉ်သည် တောင်ဆူဒန်ပြည်သူများနှင့် တောင်ဆူဒန်တွင် တာဝန်ထမ်းဆောင်နေသော ကုလသမဂ္ဂဝန်ထမ်းများအား အကာအကွယ်ပေးရန်ဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဆူဒန်ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့သည် ဖေဖော်ဝါရီ ၂၈ ရက်က အီသီယိုးပီးယားမှတစ်ဆင့် နယ်သာလန်မှ ပြန်လာသော အသက် ၂၉ နှစ်အရွယ်အမျိုးသမီးလူနာနှင့် အဆက်အသွယ်ရှိသည့် လူများကိုလည်း စမ်းသပ်မှုများပြုလုပ်ရန် ရောဂါဗေဒပညာရှင်များနှင့်အတူ ဆောင်ရွက်လျက်ရှိကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# မလေးရှားနိုင်ငံတွင် ၁၇၉ ဦး ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရ

**ကွာလာလမ်ပူ မေ ၅**

မလေးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၇၉ ဦးကို ထပ်မံတွေ့ရှိခဲ့ရသဖြင့် စုစုပေါင်း ၃၆၆၂ ဦးရှိလာခဲ့ပြီးဖြစ်သည်။ အရှေ့တောင်အာရှ၏ တတိယ စီးပွားရေး အင်အားကြီးနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများနှင့် ကြုံတွေ့နေရသည်။ ထပ်မံသေဆုံးသူလေးဦးအပါအဝင် သေဆုံးသူပေါင်း ၆၁ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်ရန်အတွက် မလေးရှားနိုင်ငံသားများအား လှုပ်ရှားသွားလာမှုထိန်းချုပ်ရေးဥပဒေကို မတ် ၁၈ ရက်မှစတင်ပြီး ထုတ်ပြန်ခဲ့သည်။

အမိန့်၏ ပထမအဆင့်ကန့်သတ်ကာလကို မတ် ၁၈ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားပြီး ဒုတိယအဆင့်ကို ဧပြီ ၁ ရက်မှ ၁၄ ရက်အထိ သတ်မှတ်ထားသည်။ ရဲတပ်ဖွဲ့ဝင်များ၏ အထက်ပါအမိန့်ဆိုင်ရာ တားမြစ်ချက်များကို မလိုက်နာသူများအား အိမ်ပြန်ရန် အခွင့်အရေးပေးထားကြောင်း ကွာလာလမ်ပူ ရဲတပ်ဖွဲ့အကြီးအကဲ မဇလန်းလတ်ဇင်က စီအင်န်အေသတင်းဌာနသို့ ပြောကြားသည်။ မလေးရှားတွင် ဧပြီလလယ်၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

**ကိုးကား–စီအင်န်အေ**
**ဘာသာပြန်–စိုးသူရ**

# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၂ သန်းကျော်ရှိလာ

**ဝါရှင်တန် မေ ၅**

ကမ္ဘာတစ်ဝန်း၌ မေ ၄ ရက်က ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၁ သန်းကျော်သာရှိသော်လည်း မေ ၅ ရက်တွင် ၁ ဒသမ ၂ သန်းအထိ မြင့်တက်လာခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုအခြေစိုက် ပုဂ္ဂလိက သုတေသနကျောင်း တစ်ကျောင်းဖြစ်သည့် ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ရရှိထားသည့် နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

လောလောဆယ် တစ်ကမ္ဘာလုံးတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၁၃၉၂၇ ဦးရှိပြီး ၆၄၇၀၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၂၂၄၅ ဦးရှိပြီး ၈၀၀၀ ကျော် သေဆုံးခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ ပေါ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက် ပျံ့နှံ့မှု အများဆုံးနိုင်ငံဖြစ်လာခဲ့သည်။

ထို့အတူ စပိန်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၀၇၅၉ ဦးရှိပြီး ၁၁၉၄၇ ဦး သေဆုံးခဲ့သည်။ စပိန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်လာခဲ့သည်။

ထို့အပြင် အီတလီနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၄၆၃၂ ဦးရှိပြီး ၁၅၆၃၂ ဦး သေဆုံးခဲ့သည်။ ယခုအခါ အီတလီနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာခဲ့ကြောင်း သုတေသနလေ့လာချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊**
**ဘာသာပြန် – ဂျေတီ**




# စပိန်နိုင်ငံက ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာ ဒုတိယအများဆုံးနိုင်ငံဖြစ်လာ



**မက်ဒရစ် မေ ၅**

အမေရိကန်နိုင်ငံပြီးလျှင် အီတလီနိုင်ငံကိုကျော်လွန်၍ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအရေအတွက် ဒုတိယအများဆုံးနိုင်ငံဖြစ်လာကြောင်း စပိန်နိုင်ငံက အတည်ပြုလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်မှာ ၁၂၆၁၆၈ ဦးဖြစ်ကြောင်း စပိန်အစိုးရက မေ ၄ ရက်တွင် ကြေညာခဲ့သည်။ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူမှာ ၁၁၉၄၇ ဦးအထိ မြင့်တက်လာခဲ့ပြီး အီတလီနိုင်ငံပြီးလျှင် ဒုတိယအများဆုံးဖြစ်သည်။ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုထိန်းချုပ်ရန် အချိန်ပိုမိုလိုအပ်သည်ဟု စပိန်ဝန်ကြီးချုပ် ပတ်ဒရို ဆန်းချက်ဇ်က မေ ၄ ရက်တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။ မေ ၁၁ ရက်တွင် သက်တမ်းကုန်တော့မည့် အရေးပေါ်အခြေအနေကို အစိုးရက နောက်ထပ်နှစ်ပတ် သက်တမ်းတိုးမည်ဟု ၎င်းက ပြောသည်။ စပိန်အစိုးရက မတ် ၁၄ ရက်တွင် တစ်နိုင်ငံလုံး အသွားအလာကန့်သတ်မှု ပြဋ္ဌာန်းခဲ့သည်။

### ဆက်လက်ရှိနေမည်

ထိုအစီအမံမှာ အရေးပေါ်အခြေအနေ သက်တမ်းတိုးမှုနှင့်အတူ စုစုပေါင်း ခြောက်ပတ်ကြာအထိ ဆက်လက် ရှိနေမည်ဖြစ်သည်။ အီတလီမှာ ဥရောပတိုက်တွင် ကန့်သတ်မှုများပြုလုပ်သည့် ပထမဆုံးသော နိုင်ငံဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအရေအတွက် လျော့ကျစေရန် လုပ်ဆောင်နိုင်ခြင်းကြောင့် အသိအမှတ်ပြုခံခဲ့ရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# အင်ဒိုနီးရှားတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများအား ကုသပေးသော ဆရာဝန် ၁၈ ဦးသေဆုံး

**ဂျကာတာ မေ ၅**

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသော လူနာများအား ဆေးဝါးကုသပေးနေသည့် ဆရာဝန် ၁၈ ဦး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားဆရာဝန်များအသင်းက ယနေ့ပြောကြားသည်။

အဆိုပါ ဆရာဝန်များသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ရောဂါစောင့်ကြည့်မှုအောက်တွင် အခြားလူနာများနှင့်အတူထားရှိပြီး အနီးကပ်စောင့်ကြည့်ခံထားရကြောင်း အင်ဒိုနီးရှားဆရာဝန်များအသင်း၏ ပြောရေးဆိုခွင့်ရှိသူ ဟာလစ်ခ်မာလစ်ခ်က ပြောကြားသည်။

သေဆုံးသွားသည့် ဆရာဝန်များသည် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသောလူနာများအား ဆေးရုံများတွင် ပြုစုစောင့်ရှောက်ပေးနေစဉ် ရောဂါကူးစက်ခံရဖွယ်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံရှိ သူနာပြုများနှင့် ဆေးရုံများသည် ဆေးဘက်ဝန်ထမ်းများအတွက် လိုအပ်သော ကာကွယ်ရေးပစ္စည်းကိရိယာများကို ဆေးရုံများတွင် ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ဆေးဘက်အကူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သော အကာအကွယ်ပေးရေးပစ္စည်းကိရိယာများကို ဆေးရုံများတွင် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဒေသဆိုင်ရာ မီဒီယာများသို့ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် လူခုနစ်ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် သေဆုံးသူ စုစုပေါင်း ၁၉၈ ဦးအထိ ရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အတူ အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ လူနာသစ် ၁၈၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူ လူနာစုစုပေါင်း ၂၂၇၃ ဦး ရှိလာခဲ့ကြောင်း ကိုဗစ်–၁၉ ရောဂါနှင့် ဆက်စပ်သည့် ကိစ္စရပ်များဆိုင်ရာ အင်ဒိုနီးရှားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာ့ခ်မက်ယူရီယံတိုက ပြောကြားသည်။ အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုဆက်လက်ဖြစ်ပွားနေသောကြောင့် နှာခေါင်းစည်းများ ဝတ်ဆင်ကြရန် ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# လာမည့်သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူအများအပြားသေဆုံးနိုင်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သတိပေး

**ဝါရှင်တန် မေ ၅**
ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ပိုမိုဆိုးရွားလာခြင်းကြောင့် လာမည့်သီတင်းပတ်အတွင်း လူအများအပြားသေဆုံးနိုင်ရာ အမေရိကန်နိုင်ငံအနေဖြင့် တောင့်ခံထားရန် သမ္မတ ဒေါ်နယ်ထရမ့်က သတိပေးလိုက်သည်။

အမေရိကန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်မှု အများဆုံးသီတင်းပတ်တစ်ခုသို့ ဦးတည်လာနေပြီး လူအများအပြားသေဆုံးနိုင်ကြောင်း မေ ၄ ရက်က ကျင်းပသည့် နေ့စဉ်သတင်းစာရှင်းလင်းပွဲ၌ ဒေါ်နယ်ထရမ့်က ပြောသည်။ အပျော်ခရီးထွက်မှု ရှောင်ကြဉ်ခြင်း၊ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုနှေးကွေးစေရန် လူတစ်ဦးနှင့်တစ်ဦး အကွာအဝေးသတ်မှတ်၍နေထိုင်ခြင်းကဲ့သို့သော လမ်းညွှန်ချက်များကို ဆက်လက်လိုက်နာရန် သမ္မတ ထရမ့်က ပြည်သူများသို့ တိုက်တွန်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးမှာ ပြည်သူများ၏ မျိုးချစ်စိတ်ကိုဖော်ကျူးသော တာဝန်ဟု ၎င်းက ဆိုသည်။ အမေရိကန်နိုင်ငံ၌ လက်ရှိ ကိုဗစ်-၁၉ ရောဂါ အဓိက ဖြစ်ပွားရာ နယူးယောက်မြို့တော်သို့ ဆရာဝန်များ၊ သူနာပြုများအပါအဝင် ဆေးဘက်ဆိုင်ရာဝန်ထမ်း ၁၀၀၀ စေလွှတ်ရန် တပ်မတော်သို့ အမိန့်ပေးခဲ့ကြောင်း ဒေါ်နယ်ထရမ့်က ပြောသည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၃၀၀၀၀၀ ကျော်ရှိပြီး သေဆုံးသူဦးရေ ၈၀၀၀ ကျော်ရှိကြောင်း သိရသည်။

နေအိမ်၌သာနေရန် တိုက်တွန်းသည့်အမိန့်များကို လိုက်နာသော်လည်းပဲ ကိုဗစ်-၁၉ ရောဂါကြောင့် အမေရိကန်နိုင်ငံသား ၂၄၀၀၀၀ ခန့် သေဆုံးနိုင်ကြောင်း အမေရိကန်အစိုးရက ခန့်မှန်းထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**





အတိုက်အခံခေါင်းဆောင် ဂွါအီဒို



ဗင်နီဇွဲလားသမ္မတ နီကိုလတ်စ်မာဒူရို

# ဗင်နီဇွဲလားနိုင်ငံ၌ အသွင်ကူးပြောင်းအစိုးရဖွဲ့စည်းရေးအား ဥရောပသမဂ္ဂ ထောက်ခံ

**ဘရပ်ဆဲလ် မေ ၅**
ဗင်နီဇွဲလားနိုင်ငံတွင် အသွင်ကူးပြောင်းအစိုးရဖွဲ့စည်းရေးနှင့် နိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းရေးတို့ကို ဆောင်ရွက်မည့် အမေရိကန်၏ အစီအစဉ်ကို ဥရောပသမဂ္ဂက ကြိုဆိုခဲ့သည်။ ဝါရှင်တန်က ဗင်နီဇွဲလားသမ္မတ နီကိုလတ်စ် မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုတို့အား နှစ်ဖက်စလုံးမှ ကိုယ်စားလှယ်များဖြင့် အသွင်ကူးပြောင်းအစိုးရတစ်ရပ်ဖွဲ့စည်းရန် လွန်ခဲ့သောလအတွင်းက တိုက်တွန်းခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြန်ဆန်နေသဖြင့် ရေနံလုပ်ငန်းအား အမှီပြုနေသောနိုင်ငံဖြစ်သောကြောင့် စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့နေရသည်။ ဗင်နီဇွဲလားနိုင်ငံ ဒီမိုကရက်တစ်အသွင်ကူးပြောင်းရေးအတွက် အမေရိကန်နိုင်ငံကအဆိုပြုထားသော လုပ်ငန်းမူဘောင်ကို ဥရောပသမဂ္ဂက ထောက်ခံကြောင်း ဥရောပသမဂ္ဂ၏သံတမန်ရေးရာအကြီးအကဲ ဂျိုးဇက်ဘိုးရယ်က ကြေညာချက်တွင် ပြောကြားသည်။

အမေရိကန်၏ အဆိုပြုချက်မှာ အကျပ်အတည်းမှ ငြိမ်းချမ်းသောနည်းဖြင့် ရုန်းထွက်ပြီး ဒီမိုကရက်တစ်အစိုးရဖြစ်လာစေရန်ပင်ဖြစ်ကြောင်း၊ ဝါရှင်တန်၏ အစီအစဉ်များအား အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက အမေရိကန်နှင့် ဥရောပသမဂ္ဂအနေဖြင့် ဗင်နီဇွဲလားအပေါ် အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးနိုင်မည်ဟု သိရသည်။ အစားအစာနှင့် အခြားအရေးကြီးသော ပစ္စည်းများကို ဗင်နီဇွဲလားနိုင်ငံတွင် ဖြည့်တင်းနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် နိုင်ငံတကာမှ အဖွဲ့အစည်းများကို ဖိတ်ခေါ်ပြီး စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန်အစီအစဉ်များ ဆောင်ရွက်ရမည်ဖြစ်သည်။

သို့သော် မာဒူရိုအစိုးရသည် အမေရိကန်၏ လုပ်ငန်းမူဘောင်အား ငြင်းပယ်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

# အီတလီကျန်းမာရေးလုပ်သားများ ကိုရိုနာဗိုင်းရပ်စ် အန္တရာယ်ကင်းစေရန် စက်ရုပ်များက အကူအညီပေး

**ရောမ မေ ၅**
အီတလီနိုင်ငံရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်လျှော့ချရန် ကျန်းမာရေးလုပ်သားများကို စက်ရုပ်များက အကူအညီပေးလျက်ရှိသည်။ အီတလီနိုင်ငံမှာ ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ် ဘေးအသင့်ဆုံးနိုင်ငံ တစ်ခုဖြစ်သည်။

အီတလီနိုင်ငံမြောက်ပိုင်း လွန်ဘာဒီဒေသရှိ ဆေးရုံတစ်ရုံ၌ စက်ရုပ်ခြောက်ရုပ်က ကျန်းမာရေးလုပ်သားများအား လူနာများနှင့် တိုက်ရိုက်ထိတွေ့မှုလျှော့ချရန်နှင့် တစ်ကိုယ်ရေအကာအကွယ်ပေးရေးဝတ်စုံများ ချွေတာရန် ကူညီသွားမည်ဖြစ်သည်။ စက်ရုပ်များကို အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်ပြီး ဆရာဝန်များက လူနာများကို စစ်ဆေးရာတွင် အထောက်အကူပြုသည့် ကင်မရာများ တပ်ဆင်ထားသည်။

စက်ရုပ်များက လူနာများ၏ အသက်ရှူမှု၊ သွေးဖိအားနှင့် နှလုံးခုန်နှုန်းတိုင်းခြင်းကဲ့သို့သော မက်ထရစ်စနစ်များကို ခြေရာခံနိုင်သည့်အပြင် လူနာများနှင့် ရိုးစင်းသော စကားပြောဆိုမှုများ ပြုလုပ်နိုင်သည်။ အီတလီနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်း ၉၅၀၀ ကျော် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရပြီး အတည်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၁၂၄၆၃၂ ဦးရှိကာ သေဆုံးသူ ၁၅၃၆၂ ဦးဖြင့် ကမ္ဘာပေါ်တွင် သေဆုံးသူဦးရေ အများဆုံးနိုင်ငံဖြစ်သည်။

ကျန်းမာရေးဝန်ထမ်းများက စက်ရုပ်များ၏ ဆောင်ရွက်မှုကို စိတ်ကျေနပ်မှုရှိပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် စက်ရုပ်များက ဆေးရုံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအန္တရာယ်ကို လျှော့ချပေးကြောင်း ဆေးရုံရှိ ဆရာဝန်တစ်ဦးက ပြောသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**





# ထိုင်းနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၂ ဦး ထပ်မံတွေ့ရှိ

**ဘန်ကောက် မေ ၅**
ထိုင်းနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၂ ဦးကို ထပ်မံတွေ့ရှိရသဖြင့် စုစုပေါင်း ရောဂါကူးစက်ခံရသူ ၂၁၆၉ ဦးရှိခဲ့ပြီး သုံးဦးထပ်မံသေဆုံးခဲ့သည်။ ဇန်နဝါရီလ တွင် ထိုင်းနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုစတင်ဖြစ်ပွားခဲ့ပြီး လူ ၂၃ ဦး သေဆုံးခဲ့သည်။

မေ ၃ ရက်တွင် ထိုင်းစစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့များသည် နိုင်ငံတစ်ဝန်း စစ်ဆေးရေးဂိတ်ရာပေါင်းများစွာကို ဖွင့်လှစ်ပြီး ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရန်အတွက် ညမထွက်ရအမိန့်ထုတ်ပြန်ကာ ပြည်သူများ လမ်းပေါ်တွင် စုဝေးခြင်းကို ကန့်သတ်ခဲ့သည်။ သို့သော် ကျန်းမာရေးလုပ်သားများနှင့် ဆေးပစ္စည်းသယ်ယူပို့ဆောင်သူများအား ခွင့်ပြုခဲ့သည်။

တာဝန်ရှိသူများ၏ ပြောကြားချက်အရ စစ်ဘက်နှင့် လုံခြုံရေးအဖွဲ့အစည်းများက နိုင်ငံတစ်ဝန်း စစ်ဆေးရေးဂိတ် ၄၂၁ ဂိတ်ကို ဖွင့်လှစ်ခဲ့ကြောင်း ပြောကြားသည်။ ထိုင်းနိုင်ငံတွင် လွန်ခဲ့သောလမှစတင်ပြီး ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသူ ၂၀၀၀ ကျော်ရှိခဲ့သောကြောင့် လူတစ်ဦးနှင့်တစ်ဦး အကွာအဝေးသတ်မှတ်နေထိုင်ခြင်းကို အစိုးရက ဆောင်ရွက်ခဲ့သည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-စိုးသူရ**

# ကိုဗစ်-၁၉ တိုက်ဖျက်ရေးကြိုးပမ်းမှုရန်ပုံငွေအဖြစ် ဖိလစ်ပိုင်သမ္မတ ဒူတာတေး လစာတစ်လစာလှူဒါန်း

**မနီလာ မေ ၅**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါတိုက်ဖျက်ရေးအတွက် အမျိုးသားရန်ပုံငွေအဖြစ် ၎င်း၏လစာတစ်လစာကို လှူဒါန်းခဲ့ကြောင်းနှင့် မတ် ၁၂ ရက်မှစတင်ပြီး ရောဂါထိန်းချုပ်ကန့်သတ်မှုခံခဲ့ရသည့် ဆင်းရဲနွမ်းပါးသည့် ဖိလစ်ပိုင်နိုင်ငံသားများအား အထောက်အပံ့များ ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

အိမ်ထောင်စု ၁၈ သန်းခန့်သည် မတ် ၁၂ ရက်မှစတင်ကာ အသွားအလာကန့်သတ်ခြင်းခံခဲ့ရပြီး စီးပွားရေးလုပ်ငန်းများမှာလည်း လုံးဝရပ်နားထားရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်အထိ သေဆုံးသူ ၁၅၂ ဦး၊ ရောဂါမှပြန်လည်သက်သာလာသူ ၆၄ ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူအရေအတွက်သည် ၃၂၄၆ ဦးအထိရှိလာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ အရေအတွက် တိုးလာလျက်ရှိပြီး ဖိလစ်ပိုင်အစိုးရကလည်း ကူးစက်ခံရသူများကို သီးသန့်ခွဲထားပြီး ဆေးဝါးကုသမှုများ လုပ်ဆောင်လျက်ရှိသည်။

သမ္မတဒူတာတေး၏ အစိုးရအဖွဲ့ဝင်ဝန်ကြီး အများအပြားကလည်း ယခုနှစ် မေမှ ဒီဇင်ဘာအထိ ၎င်းတို့၏ လစာများ၏ ၇၅ ရာခိုင်နှုန်း လျှော့ချယူရန် ကတိပြုခဲ့ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဆယ်ဗာဒိုပန်နယ်လိုက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးအတွက် အစိုးရ၏ရန်ပုံငွေတိုးပွားလာစေရေး ဒူတာတေး၏အစိုးရအဖွဲ့ဝန်ကြီးအများအပြားသည် ၎င်းတို့၏ လစာလေးပုံသုံးပုံကို လှူဒါန်းရန် ကတိပြုခဲ့ကြောင်းလည်း ဝန်ကြီးအဖွဲ့အတွင်းရေးမှူး နိုဂရာလက်စ်က မေ ၄ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# အိန္ဒိယတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၇၄ ဦးရှိပြီး ၇၇ ဦး သေဆုံး



အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ဆေးဖျန်းမှုများဆောင်ရွက်နေကြစဉ်။

**နယူးဒေလီ မေ ၅**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၇၄ ဦးရှိလာပြီး ၇၇ ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

မေ ၄ ရက် ညနေပိုင်းမှစ၍ အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူလူနာသစ် ၃၀၂ ဦး စမ်းသပ်တွေ့ရှိခဲ့ပြီး နှစ်ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် သေဆုံးသူဦးရေ ၇၇ ဦးအထိမြင့်တက်လာကာ ရောဂါကူးစက်ခံရသူ ၃၃၇၄ ဦး အထိမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

သို့သော် ရောဂါကူးစက်ခံရသော လူနာအားလုံးအနက် ၂၆၇ ဦးသည် ၎င်းတို့၏ ရောဂါဝေဒနာများမှ ပြန်လည်ကျန်းမာလာသောကြောင့် ဆေးရုံများမှ ပြန်ဆင်းသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၁ ရက်ကြာ အပြင်မထွက်ရေး စီမံချက်တစ်ရပ်ကို မတ် ၂၅ ရက်က ထုတ်ပြန်ကြေညာထားသည်။ အိန္ဒိယအာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်သည့်အနေဖြင့် ပြည်သူများ၏ သွားလာလှုပ်ရှားမှုကို တားဆီးရန် ညမထွက်ရ အမိန့်ကဲ့သို့သော တင်းကျပ်သည့် ကန့်သတ်ချက်များနှင့် တားမြစ်ပိတ်ပင်မှုများကို နိုင်ငံတစ်ဝန်းလုံးတွင် ပြဋ္ဌာန်းထားသည်။

ယင်းစီမံချက်အရ မရှိမဖြစ် လိုအပ်သော လုပ်ငန်းများမှလွဲလျှင် ကား၊ ရထားနှင့် လေယာဉ်ခရီးစဉ် အားလုံးကိုလည်း ရပ်ဆိုင်းထားပြီး နိုင်ငံအတွင်းရှိ အဓိကပွဲတော်များကိုလည်း ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါ အမှောင်ထုကို ဖြိုခွင်းတိုက်ခိုက်ရန်အတွက် မေ ၅ ရက် ဒေသစံတော်ချိန်ည ၉ နာရီတွင် နေအိမ်များရှိ လျှပ်စစ်မီးများကို ပိတ်ပြီး ဖယောင်းတိုင်မီး၊ ဓာတ်မီးနှင့် မိုဘိုင်းဖုန်းမီးများကို ကိုးမိနစ်ကြာ ထွန်းကြရန် ပြည်သူများအား မေ ၃ ရက်တွင် တိုက်တွန်းခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ကူးစက်လူနာ ၈၅၃၆ ဦးရှိလာ

**အဒစ်အာဘာဘာ မေ ၅**

အာဖရိကတိုက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၅၃၆ ဦးရှိပြီး သေဆုံးသူ ၃၆၀ ခန့်ရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့အတည်ပြုပြောကြားခဲ့သည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၅၅ နိုင်ငံအနက် နိုင်ငံပေါင်း ၅၀ တွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လျက်ရှိသည်။ အာဖရိကတိုက်တွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း အမြင့်မားဆုံးနိုင်ငံများမှာ တောင်အာဖရိကနိုင်ငံများ၊ အယ်လ်ဂျီးရီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့ ဖြစ်သည်။ တောင်အာဖရိကနိုင်ငံများတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၈၅ ဦး၊ အယ်လ်ဂျီးရီးယားနိုင်ငံတွင် ၁၁၇၁ ဦးနှင့် အီဂျစ်နိုင်ငံတွင် ၁၁၇၀ ဦးတို့ ကူးစက်ခံထားရသည်။ အာဖရိကတိုက်အတွင်း ဗိုင်းရပ်စ်ကူးစက်လူနာများအနက် လူနာ ၇၁၀ သည် ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ဥရောပတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူ ၄၅၀၀၀ ကျော်ရှိ


**ပါရီ မေ ၅**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဥရောပတိုက်တွင် သေဆုံးသူဦးရေမှာ ၄၅၀၀၀ ကျော်ရှိပြီး သေဆုံးသူဦးရေ၏ ၈၅ ရာခိုင်နှုန်းဝန်းကျင်မှာ အီတလီ၊ စပိန်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့မှဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာန၏ တွက်ချက်မှုများအရ သိရသည်။ ယင်းထုတ်ပြန်မှုကို မေ ၄ ရက် ဂရင်းနစ်စံတော်ချိန် ညနေ ၆ နာရီတွင် တရားဝင်သတင်းထုတ်ပြန်ချက်များအရ အေအက်ဖ်ပီက ဖော်ပြခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကို အဆိုးရွားဆုံး ခံစားနေရသည့်ဥရောပတိုက်၌ ယင်းရောဂါကြောင့် သေဆုံးသူစုစုပေါင်းမှာ ၄၆၀၃၃ ဦးရှိပြီး ရောဂါကူးစက်ခံရသူ ဦးရေမှာ ၆၂၇၂၀၃ ဦးဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် အီတလီနိုင်ငံတွင် သေဆုံးသူ ၁၅၆၃၂ ဦးနှင့် စပိန်တွင် ၁၁၇၄၄ ဦးရှိပြီး ၎င်းနှစ်နိုင်ငံမှာ သေဆုံးမှုအများဆုံးနိုင်ငံများဖြစ်ကာ ပြင်သစ်နိုင်ငံ၌ သေဆုံးသူ ၇၅၆၀ နှင့် ဗြိတိန်တွင် ၄၃၁၃ ဦးတို့ဖြင့် စံချိန်တင်မြင့်တက်ခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်- ဇော်ဝင်း**

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၉၈ ဦး ရှိလာ




**ဂျကာတာ မေ ၅**

အင်ဒိုနီးရှားနိုင်ငံတွင် မေ ၅ ရက်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၈ ဦးရှိလာပြီး စုစုပေါင်း ကူးစက်ခံရသူ ၂၂၇၃ ဦးရှိကြောင်းနှင့် ရောဂါမှ ပြန်လည်သက်သာလာသူ ၁၆၄ ဦး ရှိကြောင်း ကိုဗစ်-၁၉ နှင့် ဆက်နွယ်သည့် ကိစ္စရပ်များဆိုင်ရာ အစိုးရပြောရေးဆိုခွင့်ရှိသူ အက်ချ်မက်ယူရီယန်တိုက မေ ၅ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

လူဦးရေ ၁၀ သန်းရှိသည့် ဂျကာတာတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၅ ဦးနှင့် အမြင့်ဆုံးစံချိန်တင်ခဲ့ပြီး အနောက်ဂျာဗားတွင် ၂၈ ဦး၊ ဗဟိုဂျာဗားတွင် ၁၈ ဦး၊ ဘန်တန်တွင် ၁၇ ဦး၊ အရှေ့ဂျာဗားတွင် ၁၄ ဦးနှင့် အခြားဒေသများတွင်လည်း သေဆုံးမှုများရှိခဲ့သည်။

ထို့ကြောင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုကလည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့်စပ်လျဉ်း၍ အမျိုးသားပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ အာဏာပိုင်များကလည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားရာဒေသများတွင် စမ်းသပ်မှုများ လျင်မြန်စွာ လုပ်ဆောင်ပေးလျက်ရှိပြီး ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို ထိန်းချုပ်သည့်အနေဖြင့် ပြည်သူများအား နှာခေါင်းစည်းများ အမြဲတမ်းဝတ်ဆင်ထားရန် တိုက်တွန်းထားကြောင်း သိရသည်။

အင်ဒိုနီးရှားအစိုးရသည် ဂါလန်ကျွန်း၌ ၁၆ ဟက်တာရှိ မြေနေရာတွင် ကိုဗစ်-၁၉ ဆိုင်ရာ အရေးပေါ်ဆေးရုံတစ်ခုကို တည်ဆောက်လျက်ရှိပြီး အဆိုပါဆေးရုံ၏ ဆေးဝါးကုသမှုဆိုင်ရာများကို မေ ၆ ရက်တွင် စတင်မည်ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# နယူးဇီလန်နိုင်ငံတွင် ရောဂါကူးစက်မှုများ လျော့ကျလာပြီဟု ဝန်ကြီးချုပ် အာဒန် ပြောကြား

**ဝယ်လင်တန် မေ ၅**

နယူးဇီလန်နိုင်ငံတွင် မေ ၅ ရက်ဆေးမှတ်တမ်းများအရ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၉ ဦး ထပ်မံတွေ့ရှိသည့်အတွက် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၃၉ ဦး ရှိကြောင်း နယူးဇီလန်အစိုးရက ယနေ့အတည်ပြုပြောကြားခဲ့သည်။

နိုင်ငံအတွင်း၌ ဖြစ်ပွားလျက်ရှိသော ဗိုင်းရပ်စ်ကူးစက်မှုသည် တဖြည်းဖြည်း လျော့ကျလျက်ရှိပါကြောင်းနှင့် ခရီးသွားလာမှုပိတ်ပင်ခြင်းများသည်လည်း ထိရောက်မှုရှိကြောင်း ဝန်ကြီးချုပ် ဂျန်စင်ဒါအာဒန်က ဆိုသည်။

ရောဂါကူးစက်ခံရသူများ နေ့စဉ် ထပ်မံတွေ့ရှိနေရသော်လည်း အရေအတွက် များပြားမှုမရှိသဖြင့် နိုင်ငံအတွက် ကောင်းမွန်သော လက္ခဏာဖြစ်ကြောင်းနှင့် မကြာမီအချိန်တွင် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဝန်ကြီးချုပ်အာဒန်က ဆက်လက်ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံတွင် မတ် ၂၅ ရက်မှစပြီး ခရီးသွားလာမှုများ ပိတ်ပင်ခဲ့ပြီး အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့သည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ဖန်းမောက်နှင့် အင်းတော်မြို့နယ်အတွင်း တရားမဝင်ကျွန်းသစ်များ သိမ်းဆည်းရမိ

**ဖန်းမောက် မေ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ်နှင့် အင်းတော်မြို့နယ်အတွင်း တရားမဝင်ကျွန်းသစ်လုံးများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက်က အင်းတော်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်လင်းဝင်း ဦးစီးသော အဖွဲ့သည် အင်းတော်မြို့နယ် မံမော်ကြိုးဝိုင်း အကွက်အမှတ်(၇၆)အတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင် ကျွန်းသစ်လုံး ၁၁ လုံး (၃ ဒသမ ၆၉၈ တန်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယနေ့ မွန်းလွဲပိုင်းက ဦးစီးအရာရှိနှင့်အဖွဲ့ဝင်များသည် ဖန်းမောက်မြို့နယ်အတွင်း ဆက်စပ်နေရာဖြစ်သော မံမော်ကြိုးဝိုင်း အကွက်အမှတ်(၉၆) နေရာ၌ ဆက်လက်ရှာဖွေရာ တရားမဝင်ကျွန်းသစ် ၂၃ လုံး( ၉ ဒသမ ၂၇၀၀ တန်) နှင့် သစ်ခွဲရာတွင် အသုံးပြုသော အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ပစ္စည်းပိုင်ရှင်အား စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွား

**နေပြည်တော် မေ ၅**
ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၆၇/၃)အနီး၌ ယနေ့နံနက် ၃ နာရီ ၄၅ မိနစ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေး အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ နေပြည်တော်မှ မန္တလေးသို့ ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာနေ ကျော်လွင်ဦး မောင်းနှင်ပြီး ဒီပဲယင်းမြို့နေ ဦးမြင့်ဦး၊ ဦးဇော်ဝေဦးနှင့် ဆပ်ပြာကျင်းကျေးရွာနေ မောင်အောင်ဖြိုးဝေပါ လေးဦးတို့ လိုက်ပါလာသော ယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ကာ ဝဲဘက်ဂုတ်စပို့တိုင်နှင့် တံတားလက်ရန်းတိုင်အား တိုက်မိကာရပ်တန့်သွားပြီး ဦးမြင့်ဦးပါ ခြောက်ဦးမှာ ဒဏ်ရာများရရှိခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် ကျော်လွင်ဦးအား ပေပင်လေး အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၈၉/၄-၅)ကြားတွင် ယင်းနေ့နံနက် ၃ နာရီ ၁၀ မိနစ်က ရန်ကုန်မှ မန္တလေးသို့ လှိုင်သာယာမြို့နယ် (၉)ရပ်ကွက်နေ အေးမင်းဝင်း မောင်းနှင်ပြီး ငါးရှန်တောင်ကျေးရွာနေ မညိုညိုငွေး၊ တစ်ရွာတည်းနေ မအိမွန်ကျော်နှင့် မမာမာခိုင်တို့ လိုက်ပါလာသောယာဉ်သည် နောက်ယာဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့ရာ မညိုညိုငွေးပါသုံးဦးမှာ ဒဏ်ရာများ ရရှိခဲ့သဖြင့် အေးမင်းဝင်းအား ပလွေးအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**



ကျော်ခိုင်သိန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွ ရူးသွပ်ဆေးပြားများ နှင့်အတူ တွေ့ရစဉ်။

## ဘားအံနှင့် ပြင်ဦးလွင်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၅**
ဘားအံခရိုင် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် နံနက်ပိုင်းတွင် ဘားအံမြို့နယ်လှာကာကျေးရွာအုပ်စု ကမ်းကြီးကမ်းလေးကျေးရွာ အနီးလမ်းဘေးတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသူ ကျော်ခိုင်သိန်းအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ လက်ကိုင်ဖုန်းတစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် နောင်လှိုင်ကျေးရွာအုပ်စု မိုင်းလုံးကျေးရွာနေ မစန်းစန်းမြင့် (ခ)ဖုမိန်း၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆၇၅ စီး၊ သွင်းကုန် ၁၇၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၅၀) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှစ်စီးကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှ၌ ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦး သေဆုံး၊ ၁၀ ဦးဒဏ်ရာရ

**မင်းလှ မေ ၅**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သရော(အမ်)အုပ်စု သစ်တူးအိုင်ကျေးရွာအနီး မိုင်တိုင်အမှတ် (၁၀၃/၃)နှင့် (၁၀၃/၄) အကြားတွင် မေ ၄ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က ယာဉ်တိုက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည် ကားလမ်းမကြီးအတိုင်း ရန်ကုန်မှ ပြည်သို့ ဦးအောင်ကိုထွဋ် မောင်းနှင်ပြီး မခိုင်သင်းဦးပါ ၁၀ ဦး လိုက်ပါလာသောယာဉ်သည် မျိုးကိုကိုမောင်းနှင်းပြီး လူသုံးဦးလိုက်ပါလာသော ယာဉ်အားဝင်ချိတ်မိ၍ လမ်းဝဲဘက်မြောင်းအတွင်း ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းနှင့် လူကိုးဦးမှာ ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး မခိုင်သင်းဦးမှာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့မရဲစခန်းက ယာဉ်မောင်း ဦးအောင်ကိုထွဋ်အား အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

## အပူလွန်ကဲမှုကြောင့် သုံးဘီးယာဉ် မီးလောင်ကျွမ်း

**ကျိုက်ထို မေ ၅**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သုံးခွကျေးရွာအုပ်စု ဝါးဒတ်ကွင်းကျေးရွာတွင် မေ ၄ ရက် မွန်းလွဲ ၁ နာရီခန့်က အပူလွန်ကဲမှုကြောင့် သုံးဘီးယာဉ် တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျိုက်ထိုမြို့နယ် သုံးခွကျေးရွာအုပ်စု ဝါးဒတ်ကွင်းကျေးရွာ သိမ်ဇရပ်-ဝင်းကံသွားကားလမ်း ရွာလယ်လမ်းဘေးရှိ စည်သူလင်း ဝါးဒတ်ကွင်းကျေးရွာနေသူ၏ စက်သုံးဆီဆိုင်၌ ဓာတ်ဆီထည့်ပြီး မောင်းနှင်လာသည့် သုံးဘီးယာဉ်သည် ဓာတ်ဆီထည့်၍ ယင်းဆိုင်မှအထွက် ဆိုင်ရှေ့ ပေ ၂၀ ခန့်အကွာသို့အရောက်တွင် အင်ဂျင်အပူလွန်ကဲမှုကြောင့် ယာဉ်၏အင်ဂျင်ပိုင်းအား မီးစတင်လောင်ကျွမ်းခဲ့ရာ အနီးအနား နေထိုင်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် ယာဉ်၏ခေါင်းပိုင်းနှင့် အင်ဂျင်ပိုင်း မီးလောင်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်နေသူ သုံးဘီးယာဉ်မောင်း(စိစစ်ဆဲ)အား သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## နွေရာသီသောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နှစ်စဉ် နွေရာသီရေပြတ်လပ်မှုဖြစ်နိုင်ခြေရှိသော ကျေးရွာများအား ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေ အလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ သောက်သုံးရေပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သက်ဆိုင်ရာကျေးရွာများသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ဖြန့်ဝေထားရန် အကြောင်းကြားထားပြီးဖြစ်ပါသည်။ သို့ပါ၍ ရေပြတ်လပ်မှုဖြစ်ပါက သက်ဆိုင်ရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဆက်သွယ်ကြရန် နှိုးဆော်အပ်ပါသည်။

သောက်သုံးရေအခက်အခဲဖြစ်ပေါ်မှု သတင်းပေးပို့ခြင်းနှင့် လျှုဒါန်းလိုခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်းနံပါတ်များအား ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ အောက်ဖော်ပြပါ Hot Line ဖုန်းနံပါတ်များသို့လည်း ဖုန်းခေါ်ဆို၍လည်းကောင်း၊Text Message ပေးပို့၍လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်**

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၉-၅၀၈၈၉၉၉ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၀၆၇-၃၄၁၈၆၀၂ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၉-၄၂၈၃၀၀၇၆၆ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | |
| ညွှန်ကြားရေးမှူး(ကျေးလက်ရေရရှိရေးဌာန) | ၀၉-၄၄၂၀၇၆၂၄၄ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | Hot Line ၀၆၇-၃၄၁၈၆၅၁ |
| ကျေးလက်ရေရရှိရေးဌာန | ၀၆၇-၃၄၁၈၆၃၁၊ ၀၆၇-၃၄၁၈၆၅၅ |
| စိုက်ပျိုးရေးဦးစီးဌာန | Hot Line ၀၁-၂၃၉၉၅၅၅ |
| | Call Center ၀၆၇-၃၄၁၀၁၃၉ |

## မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာ ထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် ၂၁ ရက်နေ့တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money (MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Coronavirus Disease 2019 (COVID-19)ကူးစက်ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် ၂၁ ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် ၂၁ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့် ရက်များတွင်လည်း ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ကျေးဇူးပြု၍ အိမ်မှာပဲနေပေးကြပါ

ခိုင်မြဲသူယျ

မြန်မာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် လူနာကို စတင်တွေ့ရှိသည့်အချိန်မှစ၍ နိုင်ငံတော်အစိုးရသည် ယင်းဗိုင်းရပ်စ်ပိုး မကူးစက်စေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခဲ့သည်။ ထိုညွှန်ကြားချက်များအနက် အိမ်မှာပဲနေကြပါ (Stay Home)ဆိုသော ညွှန်ကြားချက်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပြည်သူများ အိမ်မှာပဲနေကြပါ၊ တတ်နိုင်သမျှ အပြင်မထွက်ပါနဲ့ဆိုသည့် စဉ်ဆက်မပြတ် ညွှန်ကြားချက်သည် ကိုရိုနာဗိုင်းရပ်စ်မဖြစ်ပွားအောင်၊ ကူးစက်မှုမရှိအောင် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးသော ကာကွယ်ဆေးတစ်လက်လည်း ဖြစ်ပေသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ထိရောက်သည်ဆိုသည့်စကားသည် နှစ်ပေါင်းများစွာကတည်းက မှန်ကန်လာခဲ့သော ဆေးလောကမှ အဆိုအမိန့်တစ်ခု ဖြစ်သည်။ ယခုလို ကိုရိုနာရောဂါဖြစ်ပွားနေချိန်တွင် အိမ်ထဲမှ အိမ်ပြင်မထွက်ခြင်းဖြင့် ရောဂါကူးစက်နိုင်မှု ရာခိုင်နှုန်း အင်မတန်နည်းပါးပေသည်။ ထို့အပြင် အိမ်ထဲမှာနေပေးခြင်းသည် ကိုရိုနာရောဂါကို မိမိအသက်အန္တရာယ်အား အမှုမထားဘဲ စွမ်းစွမ်းတမံကုသပေးနေသော ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို တစ်ဖက်တစ်လမ်းက ကူညီရာရောက်ပေသည်။ မိမိအပြင်မထွက်ပါက ရောဂါဖြစ်နိုင်ခြေနည်းပါး၏။ ရောဂါမဖြစ်ပါက မိမိမိသားစုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် မိမိအတွက် အလုပ်မရှုပ်တော့ပေ။ ဝန်ထုပ်ဝန်ပိုးလည်း မဖြစ်တော့ပေ။ အခြားသူများကိုလည်း မကူးစက်မပျံ့နှံ့တော့ပေ။ ထို့ကြောင့် အိမ်မှာပဲနေခြင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က "ပြည်သူအတွက် တိုက်ပွဲဝင်နေသော သူရဲကောင်းများ"ဟု ချီးကျူးပြောဆိုထားသည့် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများကို တစ်နည်းအားဖြင့် ထပ်ဆင့်ဂုဏ်ပြုပေးရာလည်း ရောက်ပါသည်။ ပို၍ကြီးကျယ်စွာပြောရလျှင် အိမ်မှာနေခြင်းသည် နိုင်ငံ့တာဝန်ကို တစ်ဖက်တစ်လမ်းမှ လေးလေးနက်နက်နှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေခြင်းဟု ဆိုချင်ပါသည်။ အိမ်မှာနေခြင်းဖြင့် အခြားသူများထံမှ ကူးစက်နိုင်ခြေနည်းပါးလွန်းသည့်အတွက် မိမိမိသားစုသည်လည်း အန္တရာယ်ကင်းရှင်းသွားပါသည်။ ထို့ကြောင့် အိမ်မှာနေ၍ နိုင်ငံတော်ကထုတ်ပြန်သော ညွှန်ကြားချက်များကို မပေါ့ဆဘဲ လေးနက်စွာ လိုက်နာဆောင်ရွက်ခြင်းသည် မိမိမိသားစုကို ကူညီရာ၊ ကယ်တင်ရာ၊ ချစ်ခင်ရာ ရောက်ပါသည်။

အပြင်မထွက်ဘဲ အိမ်မှာပဲ နေထိုင်နေသည့်အတွက် ကောင်းကျိုးများစွာ ရနိုင်ပါသည်။ အရေးအကြီးဆုံးအချက်မှာ လက်ရှိဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်မှ ရာနှုန်းပြည့်နီးပါး လွတ်ကင်းသွားခြင်းပင်။ အိမ်မှာနေ၍ အလုပ်လုပ်နေသည် ဆိုပေဦးတော့။ ယခင်က မကြာခဏဖြစ်လေ့ရှိသော အလုပ်ခွင်စိတ်ဖိစီးမှုသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ကျလာနိုင်သည်။ အိမ်မှာနေထိုင်နေသောအခါ အားလပ်ချိန်များ ယခင်ထက် ပိုမိုရရှိလာသဖြင့် စာဖတ်ချိန် အလုံအလောက်ရရှိလာ၏။ မိမိစိတ်ပါဝင်စားသော စာအုပ်စာပေများကို ဖတ်ရှုလေ့လာနိုင်ရုံသာမက မိမိဝါသနာပါသော အသိပညာ၊ အတတ်ပညာများကိုလည်း အင်တာနက်မှဖြစ်စေ၊ စာအုပ်စာတမ်းများမှဖြစ်စေ ပို၍လေ့လာသင်ယူနိုင်၏။ အိမ်မှာပဲ နေထိုင်သောအခါ အိပ်ချိန်များများ ရလာ၏။ ထိုအခါ အိပ်ရေးပျက်ခြင်းကြောင့်ရလာမည့် နေမကောင်းဖြစ်ခြင်း၊ ကျန်းမာရေးချူချာလာခြင်း၊ စိတ်တိုဒေါသထွက်ခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ဆိုးကျိုးများမခံစားရတော့ဘဲ လူသည် လန်းဆန်းတက်ကြွလျက် အားအင်ပြည့်ဖြိုးနေမည်ဖြစ်၏။

ယခင်က အလုပ်ကို အချိန်ပြည့်သွားနေရသူများ၊ နေ့ရောညပါ အလုပ်လုပ်နေရသူများအနေဖြင့်မူ ယခုလို အချိန်မျိုးတွင် မိမိမိသားစုနှင့် အေးအေးဆေးဆေးစကားပြောခွင့်ရလာ၏။ ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေးဖြင့် မိသားစုအတူနေချိန် ပိုမိုရလာ၏။ မိမိသားသမီးကို ပိုမိုထိန်းကျောင်းခွင့်နှင့် ဂရုစိုက်ခွင့်ပိုရလာ၏။ မိသားစုဝင်အချင်းချင်းကြား စည်းလုံးညီညွတ်မှုနှင့်နားလည်မှု ပိုရှိလာနိုင်၏။ အပြင်ထွက်ချိန် လျော့နည်းသလောက်ဖြစ်သွားသဖြင့် လမ်းခရီးသွားလာစရိတ်များလည်း ယခင်လိုမကုန်ကျတော့ပေ။ ထို့အပြင် အပြင်တွင် လက်ဖက်ရည်ဆိုင်ထိုင်တာမျိုး၊ ဘီယာဆိုင်ထိုင်တာမျိုး မရှိတော့သဖြင့် မိမိ၏ တစ်ကိုယ်ရေအသုံးစရိတ်အချို့လည်း ယခင်လို မကုန်ကျတော့ချေ။ အိမ်တွင် အချိန်ပိုရလာသဖြင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကိုလည်း လုပ်ဆောင်လာနိုင်၏။ ယခင်က မကြည့်ဖြစ်ခဲ့သော ရုပ်ရှင်၊ ဗီဒီယိုများကို အေးအေးလူလူ ကြည့်ခွင့်ရလာသည့်အပြင် နားမထောင်ဖြစ်သော၊ နားထောင်ချင်သော သီချင်းများကိုလည်း စိတ်ကြိုက်နားထောင်ခွင့်ရှိလာသည်။ ဘာသာရေးဘက် အားသန်သည့်သူများနှင့် သက်ကြီးရွယ်အိုများအတွက်မူ ဘာသာရေးကို ပိုမိုအလေးပေး လုပ်ဆောင်လာနိုင်၏။ အိမ်ရှင်မများအတွက် အိမ်မှုကိစ္စများကို ယခင်ထက် အချိန်ပေးပိုမိုလုပ်ကိုင်လာနိုင်သလို အိမ်ထောင်ဦးစီးများအတွက်လည်း အိမ်ဗာဟီရကိစ္စများကို ဝိုင်းဝန်းကူညီဖြေရှင်းလာနိုင်၏။ ထို့အပြင် အားလပ်သောအချိန်များကြားတွင် မိမိကိုယ်ကို အကောင်းမြင်စိတ်ဖြင့်တည်ဆောက်ပြီး အပြုသဘောဆောင်သော အနာဂတ်ကို မြော်တွေးရင်ဆိုင်သင့်ပေသည်။

> **မိမိတွင် ကိုရိုနာဗိုင်းရပ်စ် မဖြစ်ပွားစေရန်၊ မိမိမိသားစုနှင့်အခြားသူများကို ယင်းရောဂါဆိုးကြီး လက်ဆင့်ကမ်းဖြန့်ပွားမိတာမျိုး မဖြစ်စေရန်အတွက် အပြင်မထွက်ဘဲ အိမ်မှာပဲနေထိုင်ကြရန် အထူးအရေးကြီးလှပေသည်။ နိုင်ငံတော်အစိုးရကထုတ်ပြန်သော သတင်းအချက်အလက်နှင့် အမိန့်၊ စည်းကမ်း၊ ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာပြီး လေးစားစွာလိုက်နာနေထိုင်ကြခြင်းသည် နိုင်ငံတော်ကို ကူညီရုံသာမက နိုင်ငံသားအားလုံးကိုလည်း အသက်ဘေးမှ ကူညီကယ်တင်ရာရောက်**

ယနေ့ကမ္ဘာတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်မားနေသော အမေရိကန်၊ အီတလီ၊ စပိန်၊ ပြင်သစ် စသော နိုင်ငံအချို့တွင်သက်ဆိုင်ရာအစိုးရ၏အိမ်မှာပဲနေကြပါဆိုသည့် ညွှန်ကြားချက်ကို အလေးမထား ဂရုမစိုက်ဘဲ နေခဲ့ကြသဖြင့် ယခုလို ကူးစက်မှုနှုန်း ထိပ်ဆုံးသို့ရောက်လျက် လူ့အသက်ပေါင်းများစွာ ပေးဆပ်မှုကြီးမားနေခြင်းပင်ဖြစ်သည်။ အိမ်မှာမနေဘဲ လူစုလူဝေးရှိရာနေရာများသို့ သွားရောက်ကြခြင်းကြောင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်းသည် တစ်ဦးနှင့်တစ်ဦးဆင့်ပွားပျံ့နှံ့သည့် ကွင်းဆက်ကြီးမားများပြားလာပြီး ယခုလိုအဖြစ်မျိုးရင်ဆိုင်နေရသည့်နိုင်ငံများကို မျက်မြင်ကြည့်ရှု သင်ခန်းစာကောင်းစွာယူကြရပါမည်။ ကိုရိုနာဗိုင်းရပ်စ်တိုက်ပွဲကို ရင်ဆိုင်နေရသော အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဟု ဆိုနိုင်သည့် ဖိလစ်ပိုင်နိုင်ငံမှ သမ္မတ ဒူတာတေးကိုယ်တိုင်ကပင်လျှင် " အားလုံးကို သတိပေးထားမယ်။ ကျွန်တော်တို့ထုတ်ထားတဲ့အမိန့်ဟာ သေရေးရှင်ရေး အရေးကြီးပါတယ်။ ဒါကြောင့် ခုချိန်မှာ အစိုးရစကားကို နားထောင်ကြပါ။"ဟု ဧပြီ ၁ ရက် ညပိုင်း၌ ရုပ်မြင်သံကြားမှ နိုင်ငံတော်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့ကြောင့် မိမိတွင် ကိုရိုနာဗိုင်းရပ်စ် မဖြစ်ပွားစေရန်၊ မိမိမိသားစုနှင့်အခြားသူများကို ယင်းရောဂါဆိုးကြီး လက်ဆင့်ကမ်းဖြန့်ပွားမိတာမျိုး မဖြစ်စေရန်အတွက် အပြင်မထွက်ဘဲ အိမ်မှာပဲနေထိုင်ကြရန် အထူးအရေးကြီးလှပေသည်။ နိုင်ငံတော်အစိုးရကထုတ်ပြန်သော သတင်းအချက်အလက်နှင့် အမိန့်၊ စည်းကမ်း၊ ဥပဒေများကို စဉ်ဆက်မပြတ်လေ့လာပြီး လေးစားစွာလိုက်နာနေထိုင်ကြခြင်းသည် နိုင်ငံတော်ကို ကူညီရုံသာမက နိုင်ငံသားအားလုံးကိုလည်း အသက်ဘေးမှ ကူညီကယ်တင်ရာရောက်ပါသည်။ အိမ်ထဲမှာ နေထိုင်ခြင်းသည် ကိုဗစ်-၁၉ ကပ်ဆိုးကြီးကို တွန်းလှန်ချေဖျက်ရာ ရောက်ပါသည်။ ကိုဗစ်-၁၉ တိုက်ပွဲ၌ ရှေ့တန်းတိုက်စစ်မှူးများဟု ဆိုနိုင်သော ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများကို တစ်နည်းတစ်ဖုံ ကာကွယ်ပေးရာ၊ အင်အားဖြည့်တင်းပေးရာ ရောက်ပါသည်။ ထို့ကြောင့် ယခုလို ကိုရိုနာဗိုင်းရပ်စ်(ကိုဗစ်-၁၉) အကျပ်အတည်းကာလတွင် ပြည်သူများအနေဖြင့် စိတ်ရှည်သည်းခံစွာ တတ်နိုင်သမျှ ကျေးဇူးပြု၍ အိမ်ထဲမှာသာ နေပေးကြပါ (Stay Home)ဟု တိုက်တွန်းအပ်ပါသည်။ ။

## ကိုဗစ်-၁၉ အဆုတ်ရောင်ရောဂါ အသိပညာပေး နှိုးဆော်ချက်များ မြေစိုက်နံရံကပ်ပြဘုတ်များတွင် ပြသ

ညောင်ဦး ဧပြီ ၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ရှိ မြေစိုက်နံရံကပ်ပြဘုတ်များတွင် ကိုဗစ်-၁၉ အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များကို ယနေ့ နံနက် ၉ နာရီက ပြသထားရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး နှိုးဆော်ချက်များအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲမှ ထုတ်ဝေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများပါဝင်သည့် လက်ကမ်းစာစောင်၊ ပိုစတာတို့ကိုလည်းကောင်း၊ နိုင်ငံကျော် ရုပ်ရှင်/ဂီတ အနုပညာရှင်များ၏ ကိုဗစ်-၁၉ အသိပညာပေး ရင်းတွင်းစကားသံများ၊ ၎င်းတို့ကိုယ်တိုင် ပါဝင်သရုပ်ပြသထားသည့် သင့်ကိုယ်သင် ကာကွယ်ဖို့အတွက်၊ သင့်မိသားစုကို ကာကွယ်ဖို့အတွက်၊ သင့်ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက်၊ သင့်မြို့ရွာကို ကာကွယ်ဖို့အတွက် “အပြင်မထွက်ပါနဲ့ အိမ်မှာပဲနေပါ” စသည့် အသိပညာပေး နှိုးဆော်ချက်များကိုလည်းကောင်း မြေစိုက်နံရံကပ်ပြဘုတ်များတွင် ပြသခဲ့ကြောင်း သိရသည်။

ကျော်မင်းဦး (ရေနံချောင်း)

## ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်

ကျောင်းကုန်း ဧပြီ ၅

ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးသည် ယနေ့နံနက် ၉ နာရီခွဲက ကျောင်းကုန်းမြို့နယ်သို့ရောက်ရှိ၍ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီအဖွဲ့များနှင့်တွေ့ဆုံကာ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာထားရန် ပုသိမ်မြို့တိုင်းဆေးရုံကြီးနှင့် ဟင်္သာတခရိုင် ဆေးရုံကြီးများတွင် အသင့်ပြင်ဆင်ထားကြောင်း ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။ မြို့နယ်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ကျောင်းကုန်းမြို့တွင် ကန့်သတ်စောင့်ကြည့်နေရာ ခြောက်ခု ဖွင့်လှစ်ထားပြီး သုံးနေရာတွင် ၁၄ ဦး ထားရှိထားကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က သံသယလူနာထားရှိရန် မြို့နယ်ပြည်သူ့ဆေးရုံ ခုတင် ၅၀ ဆံ့နှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှစ်ခုတွင် အသင့်ပြင်ဆင်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ကျောင်းကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူငွေကျပ် သိန်း ၁၂၀ ကျော် ရရှိပြီး ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သည့် ပစ္စည်းများ ၄၈ သိန်းကျော်ဖိုး ဝယ်ယူထားကြောင်း၊ လက်ကျန်ငွေ ၇၂ သိန်းကျော်ရှိကြောင်း၊ ကျောင်းကုန်းမြို့နယ် ကျန်းမာရေးဝန်ထမ်း ၂၃၀ အား ဖုန်းဘေ ကျပ် ၅၀၀၀ နှင့် ဆိုင်ကယ်ဆီဖိုး ကျပ် ၂၀၀၀ စုစုပေါင်း ၁၆ သိန်းကျော်ကို မြို့နယ်လုပ်ငန်းကော်မတီမှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကော်မတီဝင်တစ်ဦးထံမှ သိရသည်။




ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ပုံငွေကျပ်သိန်း ၁၂၀ နှင့် နှာခေါင်းစည်းအစု ၁၀၀၀ တို့အား လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက မြို့နယ်အဆင့် ကိုဗစ်-၁၉ လုပ်ငန်းကော်မတီထံသို့ ပေးအပ်ခဲ့ပြီး မြို့နယ်မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ မုတ်သုန်ကျေးလက်ဖွံ့ဖြိုးရေးစင်တာမှ ဒေါက်တာသောင်းထွန်းက ကိုဗစ်-၁၉ အတွက် အလှူငွေ တစ်သိန်းလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၅-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီ**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာ ကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှု ခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၄-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၅-၄-၂၀၂၀) ရက်နေ့၊ ညနေ ၆ နာရီအထိ စောင့်ကြည့်လူနာအသစ် (၃၈) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (၅-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသောသူ(၅၅) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ လူနာ (၅၅) ဦးလုံး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ (၁)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၁၁) ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ(၁)ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁)ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့တွင် ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြောင်းရွှေ့လူနာ (၄)ဦး စုစုပေါင်း (၁၉) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၁)ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိဆေးကုသမှုပေးလျက်ရှိပါသည်။

၅။ ယခုအခါ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၅-၄-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၁) ဦး တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၅**

ကျန်းမာရေးနှင့် အားစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်ပြီး လှူဒါန်းမှုများကို လက်ခံခဲ့သည်။

**လှူဒါန်း**

ရှေးဦးစွာ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဦးဇော်မိုးခိုင်၊ ကမ္ဘောဇဘဏ်လီမိတက်မှ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်လင်းအောင်နှင့် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က လှူဒါန်းရခြင်း အကြောင်းရင်းများကို ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် အလှူရှင်များ ယခုလှူဒါန်းသည့် အသက်ရှူစက် (Ventilator) များ၊ လူနာအခြေအနေစောင့်ကြည့်စက် (Patient Monitor)များနှင့် အခြားဆေးနှင့်ဆေးပစ္စည်း ကိရိယာများသည် ကျန်းမာရေးဝန်ထမ်းများက လူနာများကို ပြုစုကုသရာတွင် ယခု COVID-19 လူနာများအတွက်သာမက နောင်ကာလများတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ထားရှိကုသရမည့် အခြားလူနာများအတွက်လည်း များစွာအကျိုးပြုကာ အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ပါကြောင်း။



အဆိုပါ စက်ပစ္စည်းကိရိယာများကို အသုံးပြု၍ ဆရာဝန်များ၊ သူနာပြုများကိုလည်း လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်၍ ရေတိုရေရှည်ကာလနှစ်ခုစလုံးအတွက် အကျိုးရှိမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါကြောင်း။

**အသုံးပြုဆောင်ရွက်နိုင်မည်**

လက်ခံရရှိသော ငွေကြေး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို လိုအပ်သောနေရာများတွင် ထိရောက်အကျိုးရှိစွာ စနစ်တကျ သုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုများကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ဆေးနှင့် ဆေးပစ္စည်းများ လုံလောက်စွာအသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်တို့က လှူဒါန်းမှုအား လက်ခံခဲ့ကြပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ လှူဒါန်းပွဲ၌ အလှူရှင် ၁၉၂ ဦးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းငွေကျပ် ၂၁၂၃၂၅၀၀၀၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ငွေကျပ် ၂၉၁၁၅၇၅၀၅၀ နှင့် US $ ၁၅၀၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ လက်ခံရရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ ငွေကျပ် ၇၂၉၅၀၂၀၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ၊ Quarantine Center များတွင် အသုံးပြုရန်အတွက် အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်များ လက်ခံရရှိခဲ့သည်။

**သတင်းစဉ်**

# ဒေးဒရဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်လုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ဒေးဒရဲ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အလှူငွေများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂေါ့မိုးမြတ်မြတ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂေါ့မိုးမြတ်မြတ်သူက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒေးဒရဲမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ မြို့နယ်အဆင့် ဖွဲ့စည်းထားရှိမှု၊ ဒေးဒရဲမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ပြည်ပမှပြန်လည်ရောက်ရှိလာသူများအား စောင့်ကြည့်စခန်းများတွင် နေထိုင်စားသောက်ရေးနှင့် အရေးပေါ်အခြေအနေတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ သယ်ယူပို့ဆောင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ အသိပညာပေးနိုင်မှု၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အလှူခံရရှိသည့် အလှူငွေများနှင့် ပစ္စည်းများအား စီမံခန့်ခွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်**

ထို့နောက် ဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ရန်ပုံငွေကျပ်သိန်း ၁၂၀ နှင့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် အသုံးပြုနိုင်ရေး အလှူငွေကျပ် သုံးသိန်းတို့ကို မြို့နယ်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်ခဲ့ရာ မြို့နယ်မှတာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မြို့မဈေးအတွင်းသို့ သွားရောက်ကာ ရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကြည့်ရှုအားပေး၍ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့များအား ခေါက်ဆွဲခြောက်များနှင့် မုန့်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားသည့် စကျွဒါနမျက်စိဆေးရုံနှင့် အထက(၃)သို့ သွားရောက်ပြီး စောင့်ကြည့်လူနာများ ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ် ဆောင်ရွက်မည့် မြို့နယ်ဆေးရုံကြီးတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

## ကျန်းမာရေးစင်တာအဖြစ် အသုံးပြုသွားမည့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး




**ရန်ကုန် မေ ၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်ပါက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ကို ကျန်းမာရေးစင်တာ အဖြစ် အသုံးပြုသွားမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်နေသည့် အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက မေ ၅ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

**လိုအပ်သည်များ မှာကြား**

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ကျန်းမာရေးစင်တာအဖြစ် ထားရှိပြီး အသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင် ဆောင်ရွက်နေသည့် အဆောင်များကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ဧရိယာပြင်ပရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးက ထွက်ရှိလာမည့် အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျမီးရှို့ ဖျက်ဆီးနိုင်ရန် အမှိုက်မီးရှို့စက် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုရာ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာန ဌာနမှူး ဦးချိုထွန်းအောင်က မီးရှို့စက်ရုံ ဆောက်လုပ်နေမှုကို မြေပုံနှင့်တကွ ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များကို မှာကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရန်ကုန်-မန္တလေး အမြန်လမ်း ရန်ကုန်အဝင် စစ်ဆေးရေးတိုးဂိတ်၌ ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားစေရေး ရန်ကုန်သို့ ပြန်လည်ဝင်ရောက်လာသော ခရီးသည်ယာဉ်များမှ ခရီးသည်တစ်ဦးချင်းစီကို မျက်နှာပုံရိပ်ရိုက်ကူး၊ ကိုယ်အပူချိန်တိုင်းတာသည့် စက်များဖြင့် စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အေးမင်းသူ၊ မိုးမြင့်မောင်




## ရပ်ကွက်၊ ကျေးရွာ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ Talk Show အစီအစဉ် ဆောင်ရွက်

**မံစီ မေ ၅**

ကချင်ပြည်နယ် မံစီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်း Talk Show အစီအစဉ်ကို ယနေ့ နံနက် ၁၀ နာရီက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်တို့ ဦးဆောင်သည့် မြို့နယ်အဆင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြင်ဦးလွင်ရပ်ကွက်နှင့် မောရဝတီရပ်ကွက်ကို အခြေခံပညာ အထက်တန်းကျောင်း(မံစီ) ဖုန်ကန်ဒူဝါခန်းမ၌ လည်းကောင်း၊ ကောင်ရာရပ်ကွက်နှင့် ဂျိန်းဖောမြေရပ်ကွက်ကို အခြေခံပညာအလယ်တန်းကျောင်းခွဲ(ကောင်ရာ)၌ လည်းကောင်း၊ ကုန်းတိန်ကျေးရွာအုပ်စု၊ ဟန်ထက်ကျေးရွာအုပ်စု၊ မန်သာကျေးရွာအုပ်စုတို့ကို သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများ၌ လည်းကောင်း တွေ့ဆုံခဲ့ကြသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် မြို့အဝင်၊ အထွက်၌ ခရီးသွားပြည်သူများကို နေ့စဉ် ဝန်ထမ်းများအလှည့်ကျစနစ်ဖြင့် ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တာဝန်ထမ်းဆောင်နေသူများကို အချိုရည်နှင့် မုန့်များပေးအပ်ခဲ့ကြောင်း သိရသည်။

ရိန် (ပြန်/ဆက်)

## မယ်စဲ့မြို့နယ် စစ်ဆေးရေးဂိတ်နှစ်ဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**မယ်စဲ့ မေ ၅**

ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဌာန ဆိုင်ရာများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ နမ့်မန်း စစ်ဆေးရေးဂိတ်နှင့် မယ်ဆည်နမ် စစ်ဆေးရေးဂိတ် နှစ်ဂိတ်တို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို နေ့စဉ် အရှိန်အဟုန်မြှင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဂိတ်နှစ်ဂိတ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယအကြိမ် ထောက်ပံ့သည့် ရေသန့်ဘူး၊ အစားအသောက်နှင့် ထောက်ပံ့ငွေများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များက ယနေ့နံနက်ပိုင်းတွင် သွားရောက်ထောက်ပံ့ခဲ့ကြသည်။

ထို့ပြင် မယ်စဲ့မြို့မကျောင်း ဆရာတော် ဦးဩဇေယျကလည်း စစ်ဆေးရေးဂိတ်နှစ်ဂိတ်တွင် တာဝန်ကျနေသော ပူးပေါင်းအဖွဲ့များအတွက် ရေသန့်ဘူး၊ ကြက်သွန်နီ ၁၀ ပိဿာနှင့် အာလူး ၁၀ ပိဿာစီတို့ကို သွားရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



## မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်

**မုဒုံ မေ ၅**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ပြည်သူများ နေ့စဉ်သွားလာလှုပ်ရှားသည့် နေရာများ၊ လမ်းမကြီးများ၊ ရပ်ကွက်များအတွင်းရှိ လမ်းများ၌ ပိုးသတ်ဆေးဖျန်းခြင်း ဒုတိယနေ့ကို ယမန်နေ့ ည ၉ နာရီက ဆောင်ရွက်ခဲ့သည်။

**ဝိုင်းဝန်းပူပေါင်းဆောင်ရွက်**

အဆိုပါ ဆေးဖျန်းခြင်းကို မုဒုံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုအဖွဲ့၊ မော်လမြိုင် လူမှုကယ်ဆယ်ရေးအသင်း(ရာမည)၊ အရပ်ဘက်လူမှုရေးအသင်းများနှင့် ပရဟိတလူငယ်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး ဝိုင်းဝန်းပူပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)



## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဆေးဖျန်းပုံးများ လှူဒါန်း

**တပ်ကုန်း မေ ၅**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စေတနာရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လှူဒါန်းသည့် ဆေးဖျန်းပုံးများ၊ ဆေးဖျန်းစက်နှင့် ဆက်စပ်ပစ္စည်းများ ငှားရမ်းခြင်းကို မေ ၅ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်စည်ပင်သာယာရေးမှူး ဦးအောင်လင်းထက်နှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းညွန့် မိသားစုက လှူဒါန်းသည့် ကျပ် ၁၇၅၀၀၀ တန်ဖိုးရှိ ဆေးဖျန်းပုံး ငါးပုံးကို လက်ခံခဲ့ပြီး ဆီဇာမိသားစုက လတ်တလောအသုံးပြုရန် ဆေးဖျန်းစက်နှင့် ဆက်စပ်ပစ္စည်းများကို ငှားရမ်းပေး ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေ ပေးအပ်

**ကံမ မေ ၅**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်က ကံမမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီထံသို့ အလှူငွေကျပ် နှစ်သိန်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးသည် ကံမမြို့နယ်အတွင်း နိုင်ငံရပ်ခြားမှ မိမိဒေသသို့ ပြန်လည်ဝင်ရောက်လာကြသည့် နေရပ်ပြန်များအား သက်ဆိုင်ရာဒေသများ၌ စီစဉ်ထားရှိသည့် အသွားအလာကန့်သတ်ထားသောနေရာများတွင် နေထိုင်လျက်ရှိသော ပြည်သူများထံ သွားရောက်၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျ ဝတ်ဆင်အသုံးပြုနည်း လက်တွေ့သရုပ်ပြ

**နမ့်စန် မေ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးလုပ်ငန်းများတွင်အသုံးပြုဝတ်ဆင်မည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်းနှင့် စွန့်ပစ်နည်းများ လက်တွေ့သရုပ်ပြရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေနှင့် ဦးစိုင်းလုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဦးစီးကော်မတီဝင်များ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**လက်တွေ့ဝတ်ဆင် သရုပ်ပြ**

ရှေးဦးစွာ မြို့နယ်ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမ ဒေါ်နန်းအေးမြသီတာက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်နည်းနှင့် စွန့်ပစ်နည်းများကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းခဲ့ပြီး သူနာပြုဆရာမ ဒေါ်နန်းဆိုင်ထွမ်းနှင့်အတူ လက်တွေ့ဝတ်ဆင် သရုပ်ပြရှင်းလင်းခဲ့သည်။

ထို့နောက်တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ကိုယ်တိုင်လေ့ကျင့်ဝတ်ဆင်ခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**





## မန္တလေး စက်ဘီးချစ်သူများအဖွဲ့ ပရဟိတအသင်းက လက်သန့်ဆေးရည်ဘူးများနှင့် နှာခေါင်းစည်းများ မျှဝေ

**မန္တလေး မေ ၅**

မန္တလေး စက်ဘီးချစ်သူများအဖွဲ့(MBA) ပရဟိတအသင်းမှဦးဆောင်ကာ ခရီးသွားပြည်သူများကို လက်သန့်ဆေးရည်များနှင့် နှာခေါင်းစည်းများ မျှဝေခြင်းအစီအစဉ်အဖြစ် မေ ၅ ရက် နံနက် ၇ နာရီက ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းနှင့် (၅၅)လမ်း မီးပွိုင့်အနီးတွင် မျှဝေခဲ့ကြသည်။

**လှူဒါန်း**

"ဒီနေရာမှာ ဒုတိယအကြိမ်မြောက် လှူဒါန်းတာပါ။ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ရာမှာတော့ လက်ဆေးခြင်းနဲ့ နှာခေါင်းစည်းတပ်ခြင်းက အရေးကြီးပါတယ်။ လက်ဆေးဖို့ဆိုတဲ့နေရာမှာတော့ အိမ်မှာဆိုရင် ဆပ်ပြာနဲ့ရေနဲ့ဆေးလို့ရတယ်။ လမ်းမှာသွားနေရတဲ့ အလုပ်သွား၊ အလုပ်ပြန်တွေအတွက် မိမိတို့အလုပ်ခွင်မှာ သုံးလို့ရနိုင်အောင်၊ ဗိုင်းရပ်စ် ကူးဆက်မှုမဖြစ်အောင် ကာကွယ်တဲ့အနေနဲ့ တကယ်လိုအပ်တဲ့နေရာတွေမှာ ဝေပါတယ်။ အလှူရှင်တွေရဲ့ စုပေါင်းမှုနဲ့ MBA က လှူဒါန်းပေးတာဖြစ်ပြီး မန္တလေးမြို့ နေရာ လေးနေရာမှာ တစ်နေရာကို လက်သန့်ဆေးရည်ဘူး ၆၀၀ လောက် ဝေပေးပါတယ်"ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ပြောသည်။

အလားတူ မန္တလေးခရိုင်အတွင်း ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ကျုံးဘေး အပါအဝင် နေရာပေါင်း လေးနေရာတွင် လက်သန့်ဆေးရည်ဘူး ၂၅၀၀ ခန့် ပေးဝေခဲ့ကြောင်း သိရသည်။

**ဝေဖြိုးအောင်**

## တာချီလိတ်မြို့၌ စောင့်ကြည့်ခံရသူများအဖြစ် ၁၄ ရက်ပြည့်မြောက်၍ နေရပ်သို့ ပြန်လည်စေလွှတ်

**တာချီလိတ် မေ ၅**

တာချီလိတ်မြို့တွင် မတ် ၂၃ ရက်က ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၉၂ ဦးအား သံသယလူနာနှင့် စောင့်ကြည့်ခံရသူများအဖြစ် ၁၄ ရက်ကြာ စောင့်ကြည့်ပြီးနောက် ကိုဗစ်-၁၉ ရောဂါပိုး ကင်းရှင်းကြောင်းသိရသဖြင့် ယနေ့ နံနက်ပိုင်းက မိမိတို့နေထိုင်ရာ အရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်ပို့ဆောင်ပေးရာတွင် ၁၄ ရက်ကြာ စောင့်ကြည့်ခြင်း၊ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှု ကင်းရှင်းကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဆေးရုံအုပ်ကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်ပါစာကို ပေးအပ်ပြီး မိမိတို့နေထိုင်ရာဒေသအရောက် စင်းလုံးငှား မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ လမ်းစရိတ်များကို ထောက်ပံ့ပေးခြင်းနှင့် အခြားလိုအပ်ချက်များကို တာဝန်ရှိသူများက စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး တုံ့ပြန်ဆောင်ရွက်မှုနှင့် ထိန်းချုပ်ရေးလုပ်ငန်းစဉ်အနေဖြင့် တာချီလိတ်မြို့သည် ပထမဆုံးအကြိမ်ဖြစ်ပြီး နေထိုင်စားသောက်ကျွေးမွေးစရိတ်နှင့် အခြားဝန်ဆောင်မှုမပါဘဲ နေရပ်ပြန်ခရီးအတွက် မော်တော်ယာဉ်ငှားရမ်းခနှင့် လမ်းခရီးစရိတ်များ ထောက်ပံ့ပေးခဲ့ကြောင်း ခရိုင်အထွေထွေစီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ပြောသည်။

၁၄ ရက်ကြာစောင့်ကြည့်ကာလအတွင်း သံသယလူနာနှင့် စောင့်ကြည့်လူနာများ၏ နေထိုင်စားသောက်စရိတ်ကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**



# သာယာဝတီခရိုင်အတွင်း ဆည်မြောင်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် ဧပြီ ၄ ရက်နံနက် ၉ နာရီခွဲက တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ သာယာဝတီခရိုင်အတွင်းရှိ ဆည်မြောင်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးသည်။



တိုင်းဒေသကြီးဝန်ကြီးသည် တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစဝ်ခွန်ဦး၊ ဦးစီးအရာရှိများ၊ ဌာနဆိုင်ရာများနှင့်အတူ သာယာဝတီခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုလျော့ပါး စေရေးလုပ်ငန်းများဖြစ်သည့် အုတ်ဖိုမြို့နယ် ရေကြည်ချောင်းမှ မြစ်မခမြစ်အထိ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ကဒတ်ချောင်းတူးဖော်ခြင်းလုပ်ငန်း၊ မိုးစပါးအောင်ရေ၊ နွေစပါးစိုက်ပျိုးရေနှင့် ကျေးရွာများသောက်သုံးရေရရှိရေးလုပ်ငန်းများဖြစ်သည့် ဇီးကုန်းမြို့နယ် ဝက်စပိုး ကျေးရွာနှင့် မြောက်လွတ်ကုန်းကျေးရွာရေသွယ်မြောင်းထိပ် ရေတံခါးတည်ဆောက်ခြင်း၊ ဘုရားပျိုကျေးရွာအုပ်စု ကျွဲကွင်းကျေးရွာအနီး တမံနှင့် ရေတံခါးတည်ဆောက်ခြင်း၊ သက်နီးကျေးရွာအနီး ကြို့ပင်တမံနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် အုတ်ဖိုမြို့နယ်၊ ကြိုပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ်များသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကန့်သတ်စောင့်ကြည့်နေရာများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**တင်စိုး(ပဲခူး)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အထူးကုပြင်ပလူနာဌာနများအား နေရာပြောင်းရွှေ့ ဖွင့်လှစ်မည်

**ရန်ကုန် ဧပြီ ၅**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အထူးကုပြင်ပလူနာဌာနများအား ဆေးရုံကြီး၏ မျက်နှာခြင်းဆိုင်ဘက်အခြမ်း၌ ဧပြီ ၆ ရက်မှ စတင်၍ နေရာပြောင်းရွှေ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

၂၀၂၀ ပြည့်နှစ်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အထူးကုပြင်ပလူနာဌာနများ ပြောင်းရွှေ့ဖွင့်လှစ်မည့်အချိန်စာရင်းများကို ထုတ်ပြန်ထားသည်။ လူဦးရေအကန့်အသတ်ဖြင့်သာ ကြည့်ရှုမည်ဖြစ်ရာ လွှဲစာပါသောလူနာများသာ ပြသခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် Tertiary Hospital ဖြစ်ရာ Specialist OPD (အထူးကုပြင်ပလူနာဌာန) အနေဖြင့် သာမန်လူနာအားလုံးကို ကြည့်ပေးနိုင်မည်မဟုတ်ဘဲ လွှဲစာ (Referral) များသာ ကြည့်ပေးကြောင်း၊ ၂၄ နာရီ အရေးပေါ်ဌာနဖြစ်ရာ အထူးကုဆရာဝန်များအဆင်သင့်ရှိနေကြောင်းနှင့် အရေးကြီးသည်ဟုထင်ပါက အရေးပေါ်ဌာနသို့လည်း သွားရောက်ပြသနိုင်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# ကန့်ဘလူမြို့တွင် မီးလင်းရေးလုပ်ငန်းများပြီးစီး

**ကန့်ဘလူ ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၏ အဓိကလမ်းမကြီးတစ်လျှောက်ဖြစ်သည့် ဘူတာမှ တပင်ရွှေထီးလမ်းအတိုင်း ယုဇနလမ်းဆုံအထိ လမ်းလယ်မီးတိုင်များစိုက်ထူခြင်းနှင့် မီးလင်းရေးလုပ်ငန်းများကို မတ် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ပြီးစီးသွားပြီဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ထောက်ပံ့ငွေကျပ်သိန်း ၁၉၀၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၃၄ သိန်းနှင့် ကန့်ဘလူမြို့မိမြို့ဖအဖွဲ့နှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၅၆ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၈၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့တွင်းသာယာလှပရေး၊တရားဥပဒေစိုးမိုးရေး၊ လမ်းသွားလမ်းလာဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်ရေး၊ လုယက်နှောင့်ယှက်သူများအန္တရာယ်မှ ကင်းဝေးရေး စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လမ်းများတွင် လျှပ်စစ်မီးရောင်များဖြင့် ပိုမိုထွန်းလင်းတောက်ပနေသည်ကို တွေ့မြင်ရ၍ ဒေသခံပြည်သူများမှာ ဝမ်းသာဂုဏ်ယူလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**





ရက်ကိုးဆယ် နွေစပါးမျိုးများ စတင်ရိတ်သိမ်းနေစဉ်။

# ဆွာချောင်းတမံမှ စပါးစိုက်ပျိုးဧက ၉၀၇၀ အတွက် အောင်ရေရရှိရေးဆောင်ရွက်

**ရေတာရှည် ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းဆည်တမံမှ ၂၀၁၉-၂၀၂၀ နွေစပါး စိုက်ပျိုးရာသီအတွက် ဒီဇင်ဘာ ၁၀ ရက်မှ စတင်ရေများပေးဝေခဲ့ပြီး မူလလျာထားချက်အနေဖြင့် ဧက ၈၀၀၀ ဖြစ်သော်လည်း ပိုလျှံရေများဖြင့် ထပ်မံစိုက်ပျိုးရာတွင် ဧကပေါင်း ၉၀၇၀ ဖြစ်ကြောင်း သိရသည်။

''ကျွန်တော်တို့က ဆည်အတွင်းမှာ ရေသိုလှောင်ထားတဲ့ပမာဏနဲ့တွက်ချက်ပြီးတော့ ကျေးရွာအုပ်စု ရှစ်အုပ်စုမှာရှိတဲ့ ဧက ၈၀၀၀ ကို ရေပေးဝေဖို့ ကြိုတင်ညှိနှိုင်းဆောင်ရွက်ခဲ့တာရှိပါတယ်၊ သို့သော်လည်း ပိုလျှံလာတဲ့ရေနဲ့ စိုက်ပျိုးတဲ့ ဧကအနေနဲ့ ဧက ၁၀၇၀ ဖြစ်သွားတော့ ခုချိန်မှာ အောင်ရေအတွက် ရေကူမြောင်းတွေဖော်ပြီးဆောင်ရွက်ပေးရတာရှိတယ်'' ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆) မှ ဦးစီးအရာရှိ ဦးတင်ဝင်းလှိုင်က ပြောကြားသည်။

ရေအကူပေး ဆောင်ရွက်ရာတွင် ဆွာမင်းလမ်းကျေးရွာအုပ်စု၊ စီပင်အေးကျေးရွာအနီး ဆွာချောင်းပိတ်တမံတောင်ဘက်ခြမ်းကို စက်ယန္တရားများဖြင့်ဖောက်ထုတ်၍ ကြာအင်းကျေးရွာတောင်ဘက် DY-2 ရေပေးမြောင်းမကြီးအထိ အရှည်ပေ ၁၇၅၀၊ အကျယ် ပေ ၃၀ ရှိရေကူမြောင်းဖြင့် ရေထည့်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

''တောင်သူတွေအနေနဲ့က ရေယူတဲ့အခါမှာ လိုသလောက်မဟုတ်ဘဲ အလျှံပယ်တွေသွင်းတယ်၊ ဒီလိုလုပ်တော့ အောက်ပိုင်းမှာရှိတဲ့ တောင်သူတွေအတွက် ရေနည်းသွားတာပေါ့၊ ဒါပေမယ့် ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတွေအနေနဲ့ နေ့တိုင်းလိုလို တောင်သူတွေနဲ့ညှိနှိုင်းဆောင်ရွက်တယ်၊ ခုနောက်ပိုင်းအောင်ရေအတွက် အတော့်ကို ကြိုးပမ်းဆောင်ရွက်ပေးတာတွေတွေ့ရတော့ ကျေးဇူးလည်း တင်ပါတယ်'' ဟု နွေစပါးစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ကျေးရွာ ခုနစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**မြိတ် ဧပြီ ၅**


တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ခုနစ်ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်က ပြောပြသည်။

နှစ်စဉ် သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသည့် မြိတ်မြို့နယ် မရမ်းပင်ချောင်းကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်နှင့် အရှည် (၃/၀ )မိုင်စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း၊ မွေ့ရောင်ကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်နှင့် အရှည် (၁/၀) မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း၊ တပ်တောင်ကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်နှင့် အရှည် (၂/၀) မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း၊ ရေမြစ်ကြီးကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်နှင့် အရှည် (၂/၀) မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ရာ ဧပြီလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အလားတူမြိတ်မြို့နယ် ကျောင်းတောင်ကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်နှင့် အရှည် (၁/၀) မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း၊ ဒေါကျေးရွာတွင်ရေတားတမံ၊ ရေဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တစ်ကန်နှင့် အရှည် (၁/၀) မိုင်စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း၊ ဓားသွေးကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်နှင့် အရှည် (၂/၀) မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံး ဧပြီလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း မြိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်ထံမှ သိရသည်။

**မြင့်ဦး(မြိတ်)**

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာပြီဖြစ်တဲ့ ဆာရာဘာရီလက်စ်



ဟောလိဝုဒ်မင်းသမီး ဆာရာဘာရီလက်စ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပြီး ကုသမှုတွေခံယူခဲ့ရာ လတ်တလောမှာ ပြန်လည်ကျန်းမာလာခဲ့ပြီဖြစ်ကြောင်း ယူအက်စ်မဇင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၄၀ အရွယ်ရှိပြီဖြစ်တဲ့ ဆာရာဘာရီလက်စ်က ဧပြီ ၂ ရက်မှာ သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်ကနေ တစ်ဆင့် ပရိသတ်တွေကို သူ့အနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် လတ်တလောမှာ ပြန်လည်ကျန်းမာလာခဲ့ပြီဖြစ်ကြောင်း အသိပေးခဲ့တာပါ။ မင်းသမီးဟာ အင်စတာဂရမ်မှာ တိုက်ရိုက်ထုတ်လွှင့်မှုပြုခဲ့ရာမှာ ယခုလို ပြောကြားခဲ့တာဖြစ်ပြီး သူဟာ နယူးယောက်မြို့တွင်းလမ်းမထက်မှာ သွားလာနေတာကိုလည်း တွေ့ရပါတယ်။

## အသွားအလာကန့်သတ်ခံရသည့်ကာလအတွင်း တေးသီချင်းသစ်ဖန်တီးနေသည့် ဘလိတ်ခ်ရှယ်လ်တန်နှင့် ဂွမ်စတီဖန်နီ

ကျော်ကြားတဲ့ တေးသံရှင်စုံတွဲတစ်တွဲဖြစ်တဲ့ ဘလိတ်ခ်ရှယ်လ်တန်နှင့် ဂွမ်စတီဖန်နီတို့ဟာ ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် နေအိမ်မှာပင် အသွားအလာကန့်သတ်ခံထားရတဲ့ ကာလအတွင်း နှစ်ဦးအတူ အချိန်တွေကုန်ရင်းက တေးသီချင်းသစ်တွေကိုလည်း အတူဖန်တီးနေကြကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကယ်လီဖိုးနီးယားမှာ အသွားအလာကန့်သတ်မှုတွေကို တင်းတင်းကျပ်ကျပ်စတင်လုပ်ဆောင်ခဲ့တဲ့ မေ ၁၉ ရက်က စတင်ပြီး အသက် ၄၃ နှစ်အရွယ် ဘလိတ်ခ်ရှယ်လ်တန်နဲ့ အသက် ၅၀ အရွယ် ဂွမ်စတီဖန်နီတို့ဟာ နေအိမ်မှာပဲနေထိုင်နေကြတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးအတူရှိနေစဉ် တေးသီချင်းသစ်တွေကို ဖန်တီးနေတာဖြစ်ကြောင်း ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားကာ အဆိုပါ မီဒီယာက ဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒီလိုအချိန်မှာ တေးသီချင်းသစ်တွေကို အတူဖန်တီးနေကြပေမယ့် ကြယ်ပွင့်စုံတွဲဟာ အနာဂတ်နဲ့ပတ်သက်ပြီး ဆွေးနွေးရာမှာ စေ့စပ်ဖို့နဲ့ လက်ထပ်ဖို့အကြောင်းအရာတွေကိုတော့ ဆွေးနွေးခြင်းမရှိဘူးလို့လည်း သိရပါတယ်။



## ရင်သွေးလေးမှာ သမီးလေးဖြစ်ကြောင်း ကတ်တီပါရီပြောကြား



အမေရိကန်ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီက သူ့ရဲ့ရင်သွေးလေးမှာ သမီးလေးဖြစ်ကြောင်း လတ်တလောမှာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၃ ရက်မှာ ကတ်တီပါရီက သူနဲ့ အော်လန်ဒိုဘလွန်းတို့ရဲ့ ရင်သွေးလေးဟာ သမီးလေးဖြစ်ကြောင်း သူ့ရဲ့အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ကတ်တီပါရီက သူနဲ့ စေ့စပ်ထားတဲ့ မင်းသားအော်လန်ဒိုဘလွန်းရဲ့ ဓာတ်ပုံတစ်ပုံကို အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့ပြီး ဒါဟာမိန်းကလေးတစ်ယောက်ပါလို့ အဓိပ္ပာယ်ရတဲ့ စာသားတွေကိုလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ကတ်တီပါရီနဲ့ အော်လန်ဒိုဘလွန်းတို့ဟာ မင်္ဂလာပွဲကျင်းပဖို့ရာ စီစဉ်ထားကြောင်း သတင်းတွေ ထွက်လာတာကြောင့် ပရိသတ်တွေက သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားကို စောင့်မျှော်နေကြပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့လအတွင်းမှာ ကတ်တီပါရီက သူဟာ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ပရိသတ်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ ကတ်တီပါရီက ရင်သွေးလေးလွယ်ထားရတဲ့ပုံကို သူ့ရဲ့ တေးသီချင်းသစ် Never Worn White ရဲ့ တေးဗီဒီယိုမှာ ပထမဆုံးအကြိမ်ထည့်သွင်းဖော်ပြခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

## တေးသံရှင် ကီဆမ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း တွေ့ရှိ

တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့ Everglow အဖွဲ့နဲ့ ညှော်ခန်းတစ်ခုတည်းကို အတူအသုံးပြုခဲ့ပြီးနောက် တောင်ကိုရီးယား ရက်ပ်တေးသံရှင် ကီဆမ်ဟာလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း စမ်းသပ်တွေ့ရှိခဲ့တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Everglow အဖွဲ့ဟာ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သူ အမျိုးသမီးတစ်ဦးနဲ့ လေယာဉ်တစ်စင်းတည်းစီးလာခဲ့ပြီးနောက် အဖွဲ့ဝင်တွေလည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက အဖွဲ့ဝင်တွေကို စမ်းသပ်စစ်ဆေးခဲ့ရာမှာ ကူးစက်ခံရခြင်းမရှိကြောင်း၊ အဖွဲ့ဝင်တွေနဲ့အတူ လိုက်ပါသွားတဲ့ ဝန်ထမ်းတစ်ဦးမှာသာ ကူးစက်ခံထားရတာကို တွေ့ရှိရကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရခြင်းမရှိပေမယ့် အဖွဲ့ဝင်တွေဟာ သူတို့ရဲ့ အနုပညာ လှုပ်ရှားမှုအစီအစဉ်တွေကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ကာ ကိုယ့်ကိုယ်ကိုယ် အသွားအလာကန့်သတ် နေထိုင်လျက်ရှိကြောင်းလည်း သိရပါတယ်။

ကီဆမ်ဟာ Everglow အဖွဲ့ဝင်တွေနဲ့ ထုတ်လွှင့်မှုတစ်ခုအတွင်း ညှော်ခန်းကို အတူအသုံးပြုခဲ့ကြောင်းနဲ့ လတ်တလောမှာ ကီဆမ်ဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရမှုကို စမ်းသပ်တွေ့ရှိခဲ့ကြောင်းလည်း သိရပါတယ်။





## နွေဦးနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် NU'EST

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ NU'EST က လတ်တလောမှာ တေးသီချင်းသစ်တွေကို ပြင်ဆင်နေကာ လာမယ့်နွေဦးမှ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၃ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက အဖွဲ့ဝင်တွေဟာ လတ်တလောမှာ တေးသီချင်းသစ်တွေကို ဖန်တီးနေကာ ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်ဖို့ ကြိုးပမ်းနေကြောင်း ပြောကြားခဲ့ပါတယ်။ တေးသီချင်းသစ် ထွက်ရှိမယ့်နေ့ကို အတိအကျ ပြောကြားခဲ့ခြင်းမရှိပေမယ့် လာမယ့် မေလအတွင်း ထုတ်လွှင့်ဖို့ရာ ရည်ရွယ်ထားကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အဖွဲ့ဟာ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ပေးဖို့ရာ ရည်ရွယ်ထားပြီး အဆိုပါ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ထွက်ရှိခဲ့တဲ့ အဖွဲ့ရဲ့ ခုနစ်ခုမြောက် မီနီတေးအယ်လ်ဘမ် ထုတ်လွှင့်ပြီးနောက်ပိုင်း ပထမဆုံးထုတ်လွှင့် သွားမယ့် တေးအယ်လ်ဘမ်ဖြစ်ကြောင်းလည်း သိရပါတယ်။

## ဘီယွန်းစေးနဲ့ ဂျေဇီးတို့ရဲ့ ၁၂ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်

ကျော်ကြားတဲ့ တေးသံရှင်စုံတွဲတစ်တွဲဖြစ်တဲ့ ဘီယွန်းစေးနဲ့ ဂျေဇီးတို့ဟာ လတ်တလောမှာတော့ မင်္ဂလာအခမ်းအနားပြုလုပ်ခဲ့တဲ့ ၁၂ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ဆယ်စုနှစ်တစ်ခုကျော်ဖြတ်သန်းလာခဲ့တဲ့ သူတို့နှစ်ဦးရဲ့ မင်္ဂလာသက်တမ်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းက အမှတ်တရဖော်ပြပေးခဲ့ကြောင်း သိရပါတယ်။

ဘီယွန်းစေးနဲ့ ဂျေဇီးတို့ဟာ ၂၀၀၈ ခုနှစ် ဧပြီ ၄ ရက်က မင်္ဂလာပွဲ ကျင်းပခဲ့တာကြောင့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၄ ရက်မှာ ၁၂ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ဆယ်စုနှစ်တစ်ခုကျော်ကြာလက်တွဲခဲ့တဲ့ အချိန်အတွင်း သူတို့နှစ်ဦးမှာ သားသမီးသုံးဦးထွန်းကားခဲ့ပါတယ်။ ပထမဆုံးရင်သွေးလေးကတော့ သမီးလေးဖြစ်ပြီး ဗလူးအိုင်ဗီလို့အမည်ရကာ လတ်တလောမှာ အသက်ရှစ်နှစ်အရွယ်ရှိပြီဖြစ်ပါတယ်။ နောက်ထပ်ရင်သွေးလေးတွေကတော့ အသက်နှစ်နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမြွှာလေးတွေဖြစ်ကြတဲ့ ရမ်မီနဲ့ ဆာတို့ ဖြစ်ကြပါတယ်။

ကြယ်ပွင့်စုံတွဲဟာ ဆယ်စုနှစ်တစ်ခုကျော်ကာလကို ဖြတ်သန်းရင်းက အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ ပြဿနာတွေကို ကြုံခဲ့ရပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးဟာ ပြဿနာတွေကို ကျော်ဖြတ်ရင်း ယခင်ထက်ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးမျိုးရှိခဲ့ကြကြောင်းလည်း သိရပါတယ်။



အေးပြည့်-စုစည်းသည်

## မိတ္ထီလာတွင် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်း

**မိတ္ထီလာ ဧပြီ ၅**

မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေနှင့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်းများကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမတွင် ပေးအပ်လှူဒါန်းပွဲကျင်းပသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်း ၃၀၀၀၊ ဦးစိန်ဝင်းမိသားစုက နှာခေါင်းစည်း ၅၀၀၀၊ မိတ္ထီလာဆေးရုံကြီးတွင် အလုပ်သင်ဆင်းခဲ့သည့် ဆရာဝန်များမှ Face mask ၅၀၀၊ ဦးကြိုင်ဆင့် မိသားစုအောက်ဆီဂျင်အိုးငါးလုံး၊ ဦးတင်ဝင်းမိသားစုက glove ငါးဘူး၊ disposable gowns ၁၀ စုံ၊ surgical mask ၁၀၀၀၊ ဒေါက်တာနွေးမြဇံက Face shield ၅၅ ခု၊ ဒေါက်တာခင်မောင်ဌေး (ဒုပါမောက္ခချုပ်-ငြိမ်း) မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ နှင့် ဒေါ်ညိုညိုဝင်းမိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ တို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်၊ ဆေးရုံအုပ်ဒေါက်တာ အိအိခင်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူရှင် စေတနာရှင်များက အလှူငွေများနှင့် ဆက်စပ်ပစ္စည်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိရာ ဧပြီ ၃ ရက်အထိ အလှူငွေကျပ် ၁၅၁၆၁၅၀၀ နှင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၈၁၇၅၀၀ ရှိ ပစ္စည်းမျိုးစုံတို့ကို စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်က ပြောကြားသည်။

ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သံသယလူနာများရှိလာပါက သီးသန့်အဆောင်ဖြင့် ထားရှိရန် စီစဉ်ဆောင်ရွက်ထားရှိသည့်အပြင် နိုင်ငံခြားမှ ပြန်လာသူများကိုလည်း အမြန်လမ်းမကြီး သီးကုန်းယာဉ် ရပ်နားစခန်းတွင် ကျန်းမာရေးစစ်ဆေး၍ ရပ်ကွက်ကျေးရွာများတွင် တစုတစည်းတည်း ၁၄ ရက်ထားရှိ၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာအသွားအလာ ကန့်သတ်၍ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**



## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် တစ်ကိုယ်ရေသုံးပစ္စည်းများထောက်ပံ့

**သာပေါင်း ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်သည် ဧပြီ ၄ ရက် နံနက်ပိုင်းက သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ်သိန်း ၁၂၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၅ စုံ၊ နှာခေါင်းစည်း အခုရေ ၁၀၀ တို့ကို ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများအကြားတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် သာပေါင်းမြို့ ငဝန်မြစ်ကမ်းနားတစ်လျှောက်နှင့် ရေဆင်းဆိပ်ခံတံတားများအား ပိုးသတ်ဆေးများပက်ဖျန်းနေခြင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ လေဘေးဒဏ်ခံနိုင်ရန် ဆောင်ရွက်လျက်ရှိသော သုံးအိမ်စုကျေးရွာနှင့် ခေးနန်အောက်စုကျေးရွာတို့တွင် အိမ်ဆောက်ပစ္စည်း ထောက်ပံ့ထားမှု၊ ဆောင်ရွက်လျက်ရှိသည်များကိုလည်းကောင်း၊ သာပေါင်းမြို့ပြည်သူ့ဆေးရုံနှင့် လေ့ကြီးတက်စက္ကူစက်ရုံပိုင် ၂၅ ခုတင်ဆံ့ဆေးရုံများတွင် လူနာများအသင့်ထားရှိနိုင်ရန် ပြင်ဆင်ထားမှုများကိုလည်းကောင်း စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေး

**ပွင့်ဖြူ ဧပြီ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာနေပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီက ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာနေပြည်သူများအား မြို့နယ်ဦးစီးမှူးဒေါ်ခင်ဝါဝါလှိုင်နှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုက်နာရမည့် အသိပညာပေးလက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ အထောက်အကူပစ္စည်းများလှူဒါန်း

**ပြည် ဧပြီ ၅**

ရန်ကုန်မြို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပြည်မြို့ပြည်သူ့ဆေးရုံ ခုတင် ၅၀၀ အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပစ္စည်းများကို ဧပြီ ၅ ရက်က ပေးပို့လှူဒါန်းသည်။

ယင်းပေးပို့လှူဒါန်းမှုတွင် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၅ စုံ၊ Surgical Gown၊ Goggles၊ Gloves၊ Mask၊ Sugrical Cap ၃၀ စုံ၊ နှာခေါင်းစည်း ၅၀၊ ရေမလို လက်သန့်ဆေးရည် ၅၀ မီလီ ၁၀ ဘူး၊ ရေမလိုလက်သန့်ဆေးရည် လီတာ ၂၀ နှစ်ပုံး၊ လက်ဆေးဆပ်ပြာရည် ၅၀၀ မီလီ ၁၀ ဘူး၊ အရက်ပျံ ၅၀၀ မီလီ ဘူး ၂၀ တို့ပါဝင်ပြီး စုစုပေါင်းငွေကျပ် ၁၂၆၄၇၉၀ တန်ဖိုးရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ပြည်မြို့ဆေးရုံအုပ်ကြီးထံသို့ ပဲခူးတိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ရေကြည် ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် ရေကြည်မြို့နယ် ဌာနဆိုင်ရာများတွေ့ဆုံပွဲကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီက ရေကြည်ခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် အလှူငွေကျပ်သိန်း ၁၂၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၅ စုံနှင့် နှာခေါင်းစည်း ၉၀၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့မဈေး၊ ကျောင်းနှင့် လူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်သူဟန်**
**(ရေကြည်)**



## စေတုတ္တရာမြို့တွင် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများလှူဒါန်း

**စေတုတ္တရာ ဧပြီ ၅**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါကာကွယ်ကုသရေးအတွက် လိုအပ်ပါက အသုံးပြုနိုင်ရန်အတွက် K & L ကုမ္ပဏီနှင့် မုန်းတမံဆည်မြောင်းတည်ဆောက်ရေး(၃) ဝန်ထမ်းမိသားစုတို့က တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများကို ဧပြီ ၄ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက်လှူဒါန်းသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများကို K & L ကုမ္ပဏီက ၁၀ စုံနှင့် ဆည်မြောင်းတည်ဆောက်ရေး(၃) မုန်းတမံဝန်ထမ်းမိသားစုတို့က ၁၀ စုံ စုစုပေါင်း တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀ ကို လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်နှင့် မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်**
**(ပြန်/ဆက်)**

## သမဝါယမ အသင်းသားများအတွက် အခြေခံစားကုန်များ ထောက်ပံ့

**ဂန့်ဂေါ ဧပြီ ၅**

ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုလီမိတက်က ရပ်ကွက်၊ ကျေးရွာများရှိ အခြေခံသမဝါယမအသင်းလီမိတက် ၁၅၅ သင်းမှ အသင်းသားပေါင်း ၁၂၅၆၆ ဦးအတွက် ဧပြီ ၄ ရက် နံနက်က အခြေခံစားကုန်များကို ထောက်ပံ့ပေးအပ်သည်။

မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးကြည်က အမှာစကားပြောကြား၍ အသင်းစုလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွေးက ကိုဗစ်-၁၉ ကာလတွင် ထောက်ပံ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ ထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ အသင်းစုလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွေးက "ကြက်သွန် ၂၇၇၆ ပိဿာ၊ အာလူး ၁၀၁၈ ပိဿာ၊ ဆား ၃၄၃ ပိဿာတို့ကို ထောက်ပံ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုးကျပ် ၃၅၆၀၁၀၀၀ တန်ဖိုးဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် မြို့နယ်သမဝါယမအသင်းစုလီမိတက်က မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်း ၁၅ ဦးနှင့် အသင်းစုလီမိတက် ဝန်ထမ်း ၁၈ ဦးတို့အတွက် ငွေကျပ် ၃၃၀၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်သွန်များကို ထောက်ပံ့ထားကြောင်း သိရသည်။

**ကျော်သန်းဆွေ**
**(ဂန့်ဂေါ)**

## ကိုဗစ်-၁၉ လူနာများလာပါက သက်ဆိုင်ရာဌာနများတွင် မေ့ဆေးဆရာဝန်များ၊ အရေးပေါ်ဆေးကုသမှုဆရာဝန်များနှင့် လက်ထောက်ဆရာဝန် ၄၀ စုစည်းထားရှိမည်

**မန္တလေး မေ ၅**

ကိုဗစ်-၁၉ လူနာများလာပါက သက်ဆိုင်ရာဌာနများတွင် မေ့ဆေးဆရာဝန်များ၊ အရေးပေါ်ဆေးကုသမှုဆရာဝန်များနှင့် တွဲဖက်တာဝန်ထမ်းဆောင်နိုင်ရန် လက်ထောက်ဆရာဝန် ၄၀ ကို အရန်အင်အားအဖြစ် စုစည်းထားပြီး Ventilator Care Training For Assistance Surgeon သင်တန်း ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်လွင်ထံမှ သိရသည်။

ဆေးတက္ကသိုလ်(မန္တလေး) မေ့ဆေးပညာဌာနနှင့် အရေးပေါ်ဆေးပညာဌာနမှ ဆရာ ဆရာမများ ပူးပေါင်း၍ ပထမအသုတ် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ၂၀ ကို သင်တန်းပေးပြီး ဒုတိယအသုတ်အနေဖြင့် မန္တလေးမြို့ပေါ်ရှိ ဆေးရုံအသီးသီးမှ လက်ထောက်ဆရာဝန် ၂၀ အား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

"မေ့ဆေးဆရာဝန်အင်အားက တကယ်တမ်းလူနာများလာရင် မလုံလောက်ဘူး၊ အဲဒီအတွက် လူနာတစ်ယောက် သတိလစ်လို့ အသက်ရှူစက် Ventilator တပ်ထားရင် Ventilator Care ကို လက်ထောက်ဆရာဝန်တွေက ဝိုင်းပြီးဆောင်ရွက်ပေးဖို့ အရန်အင်အားစုစည်းထားတဲ့သဘောပါ။ အရင်က မေ့ဆေးဆရာဝန်နှစ်ယောက် သုံးယောက်ရှိတယ်။ အခုတစ်ယောက်ပဲရှိမယ်။ ဆရာဝန်တစ်ယောက်အနေနဲ့ အထောက်အကူပြုကြည့်ပေးဖို့ Training ပေးတာပါ၊ Ventilator ကိုင်တွယ်ပုံ၊ စက်ရဲ့လည်ပတ်ပုံတွေ Operating ဘယ်လိုလုပ်တယ်ဆိုတာတွေ ရှင်းပြပြီး မနက်ပိုင်း စာတွေ့၊ ညနေပိုင်းလက်တွေ့နဲ့ စမ်းသပ်မှုတွေလုပ်သွားမယ်။ Ventilator စက်တွေရဲ့ ပြောင်းလဲမှုအခြေအနေတွေကိုသိထားဖို့၊ Training ပေးထားတဲ့ လက်ထောက်ဆရာဝန်တွေကို ကန်တော်နဒီဆေးရုံကြီးရဲ့ အရေးပေါ်ကုသမှုဌာန စသည်ဖြင့် လိုအပ်တဲ့ နေရာတွေမှာဖြည့်ဆည်းပေးသွားမှာပါ။ အခုလုပ်နေတဲ့ မေ့ဆေးဆရာဝန်တွေ ပင်ပန်းရင် မေ့ဆေးဆရာဝန်အင်အားကို နည်းနည်းလျှော့ပြီး လက်ထောက်ဆရာဝန်တွေ အစားထိုးတာဝန်ယူပေးသွားမှာပါ" ဟု ဆေးတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်က ပြောကြားသည်။

အဆိုပါ လက်ထောက်ဆရာဝန် ၄၀ ကို အရန်အင်အားအဖြစ် စုစည်းထားကာ ကိုဗစ်-၁၉ လူနာများလာပါက သက်ဆိုင်ရာဌာနများတွင် မေ့ဆေးဆရာဝန်များ၊ အရေးပေါ်ဆေးကုသမှုဆရာဝန်များနှင့် တွဲဖက်တာဝန်ထမ်းဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်ပြီး လိုအပ်လာပါက မန္တလေးတိုင်းဒေသကြီးအတွင်း ဆေးရုံများရှိ လက်ထောက်ဆရာဝန်များကိုလည်း သင်တန်းများဆက်လက်ပို့ချသွားမည့် အစီအစဉ်များ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

ဆေးတက္ကသိုလ်(မန္တလေး)အနေဖြင့် လက်တလောတွင် အဆောင်နေရန်အခက်ခဲဖြစ်နေသော မန္တလေးမြို့ရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်များ၊ သူနာပြုများအတွက် ဆေးတက္ကသိုလ် ( မန္တလေး) ရှိ ရေဝတီစာသင်ဆောင်တွင် Camp ဖွင့်၍ ခေတ္တထားရှိသွားမည်ဖြစ်ပြီး လူဦးရေ ၈၀ နေထိုင်နိုင်ရန်နှင့် စားသောက်ခန်းများတွင် အသင့်စားနိုင်မည့်အစားအသောက်များကို စီစဉ်ပေးထားသည့်အပြင် Camp တွင် လာရောက်နေထိုင်သော ဆရာဝန်တစ်ဦးလျှင် ထမင်းစရိတ်ကျပ် ၅၀၀၀ ထောက်ပံ့ပေးထားကြောင်း သိရသည်။

**ထိပ်ထားနိုင်**



## သင်္ကြန်ကာလအတွင်း ပန်းဆိုးတန်း-ဒလ ချယ်ရီသဘော်ာ ခေါက်ရေလျှော့ပြေးဆွဲမည်

**ရန်ကုန် မေ ၅**

မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း၌ ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ရေယာဉ် ချယ်ရီသင်္ဘောများအပါအဝင် ဝါးတန်း-ဒလကားကူးဇက်ကူးတို့၊ ရန်ကုန်-ခနောင်တို ကူးတို့၊ ရွှေလောင်း-မြေနုကူးတို့နှင့် ဝါးခယ်မ-ထော်ကန္တက်ကူးတို့တို့ကို ခေါက်ရေလျှော့ ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ရေကြောင်းခရီးဖြင့် သွားလာနေကြသော ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်ရှိ မိဘပြည်သူများသွားလာရေးအဆင်ပြေချောမွေ့စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးတို့အတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ သိရသည်။

မြစ်ဝကျွန်းပေါ်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာဦးသိန်းမြင့်က "သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်းမှာ နေရပ်ပြန်ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စွာသွားလာနိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ နှစ်သစ်ကူးရုံးပိတ်ရက် သင်္ကြန်အကြိုနေ့ကနေစပြီး နှစ်ဆန်းတစ်ရက်နေ့အထိ မြစ်ဝကျွန်းပေါ်ဌာနခွဲ အောက်မှာရှိတဲ့ ကူးတို့တွေကို ခေါက်ရေလျှော့ပြီး ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်၊ ဒီလိုပြေးဆွဲချိန်တွေမှာလည်း လက်မှတ်ရုံဝန်ထမ်းတွေနဲ့ သင်္ဘောဝန်ထမ်းတွေက ခရီးသည်တွေ ဘေးကင်းလုံခြုံရေးအတွက် ကူညီပေးသွားမှာပါ၊ ကျန်းမာရေးဝန်ဆောင်မှုအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လက်ကိုင်အသံချဲ့စက်နဲ့ နေ့စဉ် အသိပညာပေးပြီး ဆေးဖျန်းခြင်းကို ပုံမှန်ဆောင်ရွက်ပေးပါတယ်။ သင်္ဘောအပေါ်ထပ် ခရီးသည်ခုံတန်းတွေနဲ့ ထိုင်ခုံတွေကိုလည်း သုံးပေစီခြားပြီး သတ်မှတ်စီစဉ်ထားတယ်။ လက်ဆေးစင်များကိုလည်း သင်္ဘောဆိပ်လက်မှတ်ရုံအတွင်းနဲ့ ဝင်ပေါက်တွေမှာ ထားရှိဆောင်ရွက်ပေးထားပါတယ်" ဟု မေ ၅ ရက်နံနက်က ပြောကြားခဲ့သည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မေ ၁၂ ရက်မှ စတင်၍ ၁၇ ရက်အထိ ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်းအနေဖြင့် မူလ ၄၆ ခေါက် ပြေးဆွဲပေးရာမှ ခေါက်ရေ ၂၆ ခေါက်နှုန်း၊ ရန်ကုန်(ဝါးတန်း-ဒလ) ကားကူးဇက်ရေယာဉ်များအနေဖြင့် ကုန်စည်နှင့်မော်တော်ယာဉ်အမျိုးမျိုးတို့ကို သယ်ယူပို့ဆောင်ပေးလျက်ရှိရာ ယခင်အခေါက်ရေ ၁၅ ခေါက် ပြေးဆွဲပေးရာမှ ခေါက်ရေခြောက်ခေါက်နှုန်း၊ ရန်ကုန်-ခနောင်တို ကူးတို့တွင် မူလခြောက်ခေါက်ပြေးဆွဲရာမှ လေးခေါက်နှုန်း ပြေးဆွဲခြင်း၊ ရွှေလောင်း-မြေနု ကူးတို့တွင် မူလ ၁၀ ခေါက်ပြေးဆွဲရာမှ ရှစ်ခေါက်နှုန်း ပြေးဆွဲခြင်း၊ ဝါးခယ်မ-ထော်ကန္တက် ကူးတို့တွင် မူလ ၁၂ ခေါက် ပြေးဆွဲရာမှ ၁၀ ခေါက်နှုန်းသို့ အသီးသီးလျှော့၍ ပြေးဆွဲပို့ဆောင်ပေးသွားမည်ဖြစ်သည်။

ထို့အတူရန်ကုန်-ကျုံမငေးခရီးလမ်းအား မေ ၁၁ ရက်နှင့် ၁၈ ရက်၊ ရန်ကုန်အထွက်သည် မြန်မာနှစ်ကူးရုံးပိတ်ရက်များဖြစ်၍ ခရီးလမ်းပြေးဆွဲခြင်းမပြုဘဲ မေ ၂၅ ရက်တွင် မူလခရီးစဉ်အတိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-ကြာကန် ခရီးလမ်းအား မေ ၉ ရက်နှင့် ၁၆ ရက်၊ ရန်ကုန် အထွက်သည် မြန်မာနှစ်ကူးရုံးပိတ်ရက်များဖြစ်၍ ခရီးလမ်းပြေးဆွဲခြင်းမပြုဘဲ မေ ၂၃ ရက်တွင် မူလခရီးစဉ်အတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများစွာတို့ကို ရန်ကုန် (ပန်းဆိုးတန်း-ဒလ) သင်္ဘောခရီးစဉ်ဖြင့်လည်းကောင်း၊ ကုန်စည်နှင့်မော်တော်ယာဉ်အမျိုးမျိုးတို့ကို ရန်ကုန် (ဝါးတန်း-ဒလ) ကားကူးဇက်ရေယာဉ်များဖြင့်လည်းကောင်း၊ ရန်ကုန်-ခနောင်တို၊ ရွှေလောင်း-မြေနု၊ ဝါးခယ်မ-ထော်ကန္တက် စသည့် ကူးတို့တို့၌ ပို့ဆောင်ပေးလျက်ရှိရာ နှစ်စဉ်နှစ်သစ်ကူးသင်္ကြန်ပွဲတော် ရုံးပိတ်ရက်ကာလအတွင်း၌ ခေါက်ရေလျှော့၍ပြေးဆွဲပေးကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ဝါးမျိုးစေ့အထုပ်များ ဖြန့်ဝေပေးရန်စီစဉ်

**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်အများဆုံးခံစားရသော ကျေးလက်ဒေသများတွင် လေကာပင်များအဖြစ် စိုက်ပျိုးနိုင်ရေး ဝါးမျိုးစေ့အထုပ်များ ဖြန့်ဝေပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝါးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအသင်းဥက္ကဋ္ဌ ဦးသန့်ဇင်ထံမှ သိရသည်။

"အခုဖြန့်ဝေပေးမယ့် မျှင်ဝါးဖြူမျိုးက ကောလင်းဒေသမှာ သဘာဝအလျောက်ပေါက်ရောက်နေတဲ့ ဝါးမျိုးဖြစ်ပါတယ်၊ ဒီဝါးမျိုးက အပူဒဏ်ကို ခံနိုင်တယ်။ ဒါကြောင့် အပူပိုင်းဒေသမှာ စိုက်ပျိုးဖို့ သင့်လျော်တဲ့အတွက် ဖြန့်ဝေပေးဖို့စီစဉ်တာ ဖြစ်ပါတယ်။ နှစ်စဉ် သဘာဝဘေးဒဏ်ကို အများဆုံးခံစားနေရတဲ့ ကျေးရွာတွေကို ဦးစားပေး ဖြန့်ဝေပေးမှာဖြစ်သလို အရိပ်ရလေကာပင်စိုက်ပျိုးတာတို့၊ ဝါးမျိုးပျိုးနည်းတွေကို သင်တန်းပေးပြီးလုပ်ဆောင်ပေးသွားဖို့ စီစဉ်ထားပါတယ်။ ဝါးမျိုးအစေ့ ၆၀၀၀ လောက်ပါတဲ့ နို့ဆီဘူးတစ်ဘူးစာ တစ်ထုပ်နှုန်း ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးလာစေရန်၊ သဘာဝဘေးအန္တရာယ်များကို စုပေါင်းကာကွယ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ အရိပ်ရလေကာပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝဘေးများကို တုံ့ပြန်ဖြေရှင်းနိုင်ဖို့ရည်ရွယ်ပြီး ဖြန့်ဝေပေးတာ ဖြစ်ပါတယ်" ဟု ဥက္ကဋ္ဌ ဦးသန့်ဇင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝါးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအသင်းအနေဖြင့် မျှင်ဝါးဖြူမျိုးစေ့ တစ်ထုပ်လျှင် နို့ဆီဘူးတစ်ဘူးနှုန်းဖြင့် ဖြန့်ဝေခြင်းကို မေ ၆ ရက်မှ စတင်ဖြန့်ဝေပေးမည်ဖြစ်ပြီး သဘာဝဘေးဒဏ်သင့်ကျေးရွာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းများ၊ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများ၊ အခြားအသင်းအဖွဲ့များသို့ ဦးစားပေးဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**



## ကျုံပိကျေးရွာ ဘေလီတံတား ဖွင့်ပွဲကျင်းပ

**လေးမျက်နှာ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျုံပိကျေး ရွာ ဘေလီတံတားဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ သံကူဘေလီတံတားမှာ အလျားပေ ၁၀၀၊ အနံ ၁၃ ပေရှိကာ စာရေးကွင်း၊ ကျုံပိ၊ ညောင်ဝိုင်း၊ အိုင်သပြုကျေးရွာတို့သို့ ဆက်သွယ်ထားသော တံတားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်ကုန် ၁၃ တန်ဖြစ်ကြောင်း သိရသည်။

**ရွှေမိုး(ပြန်/ဆက်)**

## ဟိုင်းကြီးကျွန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ဟိုင်းကြီးကျွန်း မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃) ရပ်ကွက်တွင် မေ ၄ ရက် ညနေပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှတ်(၃)ရပ်ကွက်တွင် နယ်မြေ ၁၁ ခုရှိပြီး အိမ်ခြေ ၁၆၇၀ ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တစ်ရပ်ကွက်လုံး ပိုးသတ်ဆေးဖျန်းခြင်းကို လူငယ်အဖွဲ့ သုံးဖွဲ့ခွဲ၍ မေ ၃ ရက် ညနေပိုင်းက စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်ရပ်ကွက်လုံး နှံ့စပ်အောင်ဆေးဖျန်းနိုင်ရေးအတွက် မေ ၅ ရက် နေ့အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များကို ဒေသခံများအားလုံးထံ တစ်အိမ်တက်ဆင်း ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ နေ့စဉ် ခရီးသည်တင် ရေယာဉ်များနှင့် ကားများဖြင့်လိုက်ပါလာသော ခရီးသွားပြည်သူများ၏ ဝင်ထွက်မှုကိုလည်း စောင့်ကြည့်မှတ်တမ်းရယူကာ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများကို မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ပဋိပက္ခဖြစ်လု နှစ်ဖက်နားလည်သဘောပေါက်ချစ်ခင်ခဲ့ကြသည့် သင်္ကြန်

**ဆူးငှက်**

မြန်မာလူမျိုးတို့၏ ရိုးရာပွဲလမ်းများတွင် သင်္ကြန်ပွဲတော်သည် ယဉ်ကျေးမှု၏ အထင်ကရအဓိက အမှတ်အသားစရိုက်လက္ခဏာကြီး ဖြစ်သည်။ တစ်လျှောက်လုံး 'မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်' ဟု လေးနက်စွာ တစ်ခုတ်တစ်ရ ပြောဆိုသုံးနှုန်းထုတ်ပြန်ခဲ့သည်။ အထူးသဖြင့် မန္တလေးကဲ့သို့သော ကျန်ကောင်း ကျန်ရာမြန်မာ့ဓလေ့စရိုက်လက္ခဏာ အစုအဝေးတည်ရှိရာ မြို့ကြီး၏ သင်္ကြန်ပွဲတော်များတွင် ထိုအပြောအဆို၊ ထိုအသုံးအနှုန်း၊ ထိုအမူအကျင့်တို့ကို တစိုက်မတ်မတ်တစ်လျှောက်လုံး ထိန်းသိမ်းခဲ့သည်။ လက်ဆင့်ကမ်းခဲ့သည်။

မြို့လူထု သာမက(အထူးသဖြင့်) တာဝန်ရှိသူများကလည်း (တာဝန်ရှိသည့်ပမာ) အထူးအလေးအနက် ထားခဲ့ကြသည်။ ထို့ကြောင့်လည်း တစ်လျှောက်လုံး 'မြန်မာ့ရိုးရာယဉ်ကျေးမှု မန္တလေးမဟာသင်္ကြန်'ဟု သုံးနှုန်းခဲ့ကြသည်။ သုံးနှုန်းသလိုလည်း လိုက်နာခဲ့ကြသည်။ ထို့ကြောင့်လည်း သင်္ကြန်ရောက်သည်နှင့် မြန်မာဆန်ဆန် ယဉ်ကျေးစွာ ရေပက်ကစားခြင်း၊ ဂီတ၊ အက၊ အလှတို့ကို တစ်ဝကြီး ခံစားလိုကြခြင်းဖြင့် မြန်မာသင်္ကြန်၏ အမှတ်အသားတစ်ခုပမာ မန္တလေးသင်္ကြန်ကို ပြည်တွင်းသာမက ပြည်ပမှပါ အာရုံစိုက်ခဲ့ကြခြင်းဖြစ်သည်။

### အနုပညာအပေါ် နှစ်ယူခံစား လေးစားမြတ်နိုးလွန်း၍

အဆိုတော်ရုပ်ရှင်မင်းသား ဝင်းဦးသည် ၁၉၆၈ ခုနှစ်မှစ၍ ၁၉၇၈ ခုနှစ်အထိ ဆယ်နှစ်ကျော် ဆယ့်တစ်နှစ်ကာလမျှ မန္တလေးသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့သည်။ ဝင်းဦးသည် ထိုစဉ်က နံပါတ်(၁)မင်းသားဟု ပြောရလောက်အောင် လျှမ်းလျှမ်းတောက်နေသော ကာလလည်းဖြစ်ကာ မိန်းကလေးပရိသတ် အများဆုံးရရှိထားသည်။ ဝင်းဦးသည် ရုပ်ရှင်မင်းသားသာမက စာရေးဆရာလည်းဖြစ်ကာ အထူးသဖြင့် နာမည်ကျော် အဆိုတော်တစ်ဦးလည်းဖြစ်သည်။

မန္တလေးသင်္ကြန်သို့ ရုပ်ရှင်မင်းသားအဆိုတော် ဝင်းဦး ဆယ်နှစ်ကျော်ကြာ လာရောက်ခြင်းမှာ သိန်းဘယ်နှဆယ်နှင့် ငှားရမ်း၍ သို့မဟုတ် ဘယ်သူဘယ်ဝါက စပွန်ဆာပေး၍ လာရောက်ခြင်းမဟုတ်။ ကိုယ်ကိုယ်နှိုက်က အနုပညာအပေါ် နှစ်ယူခံစား လေးစားမြတ်နိုးလွန်း၍ 'အနုပညာ' များ အတောက်စား၊ အမြူးတူးဆုံး မန္တလေးသင်္ကြန်တွင် ကိုယ့်စရိတ်နှင့်ကိုယ် လာရောက်ကာ ဆင်နွှဲခြင်းဖြစ်သည်။

### မန္တလေးသားတွေအားလုံး၏ အနုပညာပစ္စည်း

တကယ်တော့ ရုပ်ရှင်မင်းသားဝင်းဦးက လာရောက်ဖျော်ဖြေခြင်းမဟုတ်။ မန္တလေးသူ၊ မန္တလေးသားတိုင်း တစ်ယောက်ချင်းစီ အသီးသီး အသက မိမိတို့တတ်ကျွမ်းသော ပန်းချီ၊ ပန်းပု၊ အက၊ အဆို၊ အတီး၊ အနုသုခုမပညာကိုယ်စီဖြင့် မိမိဆန္ဒအလျောက် အမှီခိုကင်းစွာဖြင့် သင်္ကြန်တွင် ဆင်နွှဲကြသည့်နည်းတူ ရုပ်ရှင်မင်းသားဝင်းဦးကလည်း အများသူငါလို ဆင်နွှဲခြင်းဖြစ်သည်။ လာရောက်ဖျော်ဖြေခြင်းမဟုတ်။

ထို့ကြောင့် ရုပ်ရှင်မင်းသားဝင်းဦးသီဆိုသလို မန္တလေးသူလေးတွေ ကပြသည်။ မန္တလေးသားများ အလှပြယာဉ်အသင်းအဖွဲ့တွေကလည်း ပြန်လည်သီဆိုတီးမှုတ်ကြသည်။ ရုပ်ရှင်မင်းသားဝင်းဦးအပါအဝင် သူတို့သူတို့သီဆိုတီးမှုတ်ကပြကြသည့် သီချင်း၊ တီးလုံး၊ တီးကွက်တိုင်းကလည်း မန္တလေးသားတွေအားလုံး၏ အနုပညာပစ္စည်းချည်းပဲလေ။

### အကြားအလပ်မရှိ တေးသံမြိုင်မြိုင်နှင့်

ရာချီသော ညှော်ခံအလှပြမဏ္ဍပ်တွေ မြို့လုံးပတ်လည်ရှိသောကြောင့် မြို့လယ်လမ်းမကြီးတွေပေါ်မှာ မဏ္ဍပ်များဆီ ကူးသန်းကြသည့် အလှပြယာဉ်ကြီးများ၊ သင်္ကြန်ပျော်ဂျစ်ကားများက ပျားပန်းခပ်မျှ ဥဒဟိုသွားလာနေကြသည်။ လမ်းမကြီးတွေပေါ် သာမက လမ်းသွယ်၊ လမ်းကြားများထိ လျှပ်စစ်မီးတထိန်ထိန်၊ မီးစက်သံတညံညံနှင့် အလှပြယာဉ်ကြီးများ ဖြတ်သန်းသွားကြသလို ဘောနက်ဖုံးကို စည်းချက်ကျကျ ထုရိုက်သံနှင့် ဂျစ်ကားများကလည်း ဆူညံစွာအော်ဟစ်ရင်း အပြေးအလွှား မောင်းနှင်သွားကြသည်။

အထူးသဖြင့် ချစ်ပန်းနွယ်၊ ဈေးချိုသူ၊ ဗဟိုမဏ္ဍပ်၊ နဂါးမယ်၊ အောင်မြေသူဇာစသည့် မဏ္ဍပ်ကြီးများတစ်ဆက်တည်းရှိနေသော မြို့လယ်ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးနှင့် ဈေးချိုသူ၊ မီးရထား၊ ဆောက်လုပ်ရေး၊ ငုရွှေဝါမဏ္ဍပ်များသို့ ဆက်စပ်သွားလာနိုင်သည့် အာဇာနည်လမ်း၊ ၇၈ လမ်းနှင့် လမ်း ၃၀ မှာလည်း အလှပြယာဉ်တွေ၊ ဂျစ်ကားတွေ အကြားအလပ်မရှိ တေးသံမြိုင်မြိုင်နှင့် ဆက်စပ်သွားလာလျက်ရှိ၏။

### ကားဦး၌ ငွေနန်းရုပ်များကိုဆင်ယင်

ညဦးဦးယံ ၇ နာရီကျော်သည်နှင့် ဟို .. အနောက်ဘက်နာရီစင်ဆီမှ အာဇာနည်လမ်းအတိုင်း အမိုးပွင့်ဂျစ်ကားနှင့် လင့်ရိုဗာကားအစီး ၂၀ ခန့်က ကားဦး၌ ငွေနန်းရုပ်များကိုဆင်ယင်ထားပြီး မြို့မငွေနန်း အလှပြယာဉ်ကြီးကို ဦးဆောင်ကာအရှေ့သို့တက်လာသည်။ မီးလုံးရောင်စုံများ၊ အလှဆင်မီးဆိုင်းများ ဆင်ယင်ထားသော ငွေနန်းယာဉ်

> **ရုပ်ရှင်မင်းသားဝင်းဦးက အလှပြယာဉ်ပေါ်မှ မတ်တတ်ရပ်၍ ရှေ့တူရူရှိ ပရိသတ်ကြီးဘက်လှည့်ကာ နှုတ်ဆက်သီချင်းကို သီဆိုရင်း အလှပြယာဉ်ကြီးက တရွေ့ရွေ့ ထွက်ခွာ...**



ကြီးပေါ်မှာ ရုပ်ရှင်မင်းသားဝင်းဦးက မိုက်ကရိုဖုန်းတိုင်ကိုကိုင်ရင်း သီချင်းတစ်ပုဒ်ကို သီဆိုလာသည်။ သီချင်းနှင့်အတူ ဥရောပဗုံချက်အသွားဖြင့်တေးသံစုံကိုလည်း ညက်ညက်ညောညောတီးမှုတ်လာလို့ အလှပြယာဉ်ကြီးမှာ စည်းချက်နှင့်အတူ တငြိမ့်ငြိမ့်ဖြင့် ရွေ့လျားမောင်းနှင်လာ၏။

မြို့မအလှပြယာဉ်ကြီး၏ ဘေးတစ်ဖက်တစ်ချက်စီမှာ ကားတန်းကြီးနှစ်တန်းက လမ်းလုံးပြည့်ယှဉ်၍ လိုက်လာကြသည်။ ကားပေါ်ပါလာသူ ရွှေမန်းသူပျိုပျိုရွှယ်ရွှယ်အားလုံးကလည်း ကားအမိုးကိုင်းကို ကျောမှီပြီး အကဲပိုလှစွာဖြင့် အလှပြယာဉ်ကြီးပေါ်က မင်းသားဆီ မျက်နှာမူကြသည်။ အလှပြယာဉ်ကြီး၏ဘေးမှာ၊ နောက်မှာ အမိုးဖွင့်ထားသော ကားအမျိုးအစားပေါင်းစုံက အစီးလေးဆယ်၊ ငါးဆယ် အနည်းဆုံးရှိမှာပေါ့။

### နာမည်ကျော် 'ငုရွှေဝါ'

ထိုယာဉ်တန်းကြီးက အာဇာနည်လမ်းအတိုင်း မစိုးရိမ်မီးပွိုင့်ကို ကျော်သည်။ ၇၈ လမ်း ခတ်ဆီဆိုင်ရောက်တော့ တောင်ချိုးသည်။ မီးရထားမဏ္ဍပ်မှာ ခေတ္တခဏဖျော်ဖြေသည်။ ထို့နောက် လမ်း ၃၀ အတိုင်း အရှေ့တက်ပြီး ဗထူးကွင်းတောင်ဘက်က ဆောက်လုပ်ရေးမဏ္ဍပ်မှာလည်း အပြန်အလှန် သီဆိုကြသည်။ ထို့နောက် အရှေ့သို့ဆက်တက်ကာ မန္တလေးတွင် အကနာမည်ကျော်သော ငုရွှေဝါအမျိုးသမီး အလှပြမဏ္ဍပ်သို့ ဝင်တော့ ညသန်းခေါင်တိုင်လုပြီ။ မန္တလေးသင်္ကြန်ပျော်ပရိသတ်ကလည်း မြို့မငွေနန်း အလှပြယာဉ်ကြီးနှင့် နာမည်ကျော်ရုပ်ရှင်မင်းသား ဝင်းဦး...။ ထို့ပြင် အစီး ၅၀ ကျော်နီးပါး ကားများဖြင့် ကျိတ်ကျိတ်ခဲအားပေးကြသည့် ရွှေမန်းသူသည်းသည်းလှုပ်များကို နာမည်ကျော် 'ငုရွှေဝါ' မဏ္ဍပ်မှာ မည်သို့မည်ပုံ ဆုံကြမလဲဆိုတာ အလွန်စိတ်ဝင်စားကြ၏။ ထို့ကြောင့်လည်း ငုရွှေဝါမဏ္ဍပ်သို့ မြို့မရောက်ရှိမည့်နေ့၊ အချိန်ကို စောင့်စားနေကြခြင်းဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ...
ခေါင်းမှာလည်း ကောက်ရိုးတွေပုံ
'လမ်းသူရဲယောင်
အမောက်ထောင်
မျောက်ကောင် အသုံးအဆောင်
သူ့ခမျာ ပြုံးကြောင်ကြောင် ...တော့။
ဘိုးဘွားအစဉ်အဆက်
မြန်မာမှုမဟုတ်ပြန်
နားမှာလည်း ဆံပင်အုပ်
ယောကျ်ားမပီလေပြန်၊
ဘောင်းဘီကျပ်မောင်တို့
ဆင်ယင်မှုမပီသလေ ...တော့
သူ့အဖေက ဒက်ဒီ
သူ့အမေက မာမီ
စကားမပီရှာသလေ ...
ပျို့မောင်ကြီးရေ .. တော့၊
ခေါင်းမှာလည်း
ကောက်ရိုးတွေပုံ ...'

မြန်မာဆန်ဆန် ဆံတောက်များ ဖားလျားချကာ ပိတောက်တွေဝေနေအောင်ပန်ပြီး သနပ်ခါးပါးကွက်ကျားများဖြင့် မြန်မာဆန်ဆန် ချောမောလှသော 'ငုရွှေဝါ' နှမငယ်တို့က သီဆိုကပြဖျော်ဖြေသည်။

### ငွေနန်းအလှပြယာဉ်ကြီး ကျန်းမာပါစေ

ကျိတ်ကျိတ်ခဲမျှအားပေးနေသော ပရိသတ်ကြီးက သီချင်းတစ်ပိုဒ်ပြီးတိုင်းပြီးတိုင်း အားပါးတရ လက်ခုပ်တီးအားပေးကြသည်။ စာသားသာမက သံစဉ်ပါ ထူးခြားလှသောသီချင်းတွင် 'ငုရွှေဝါ' တို့က လှပညီညာစွာ ကပြအသုံးခံသည်။ ထို့နောက် မောင်ကြီးမြို့မတို့က နှုတ်ဆက်သီချင်းသီဆိုပြီး ထွက်ခွာမည်ဖြစ်သည်။ ပရိသတ်ကြီးကလည်း မြို့မအလှပြယာဉ်ကြီးပေါ်မှ ရုပ်ရှင်မင်းသားဝင်းဦးကို 'ဒီဘက်လှည့်ပြီး သီဆိုဖျော်ဖြေပါဦး' ဟု တောင်းဆို အားပေးကြသည်။ 'ငုရွှေဝါ အမျိုးသမီးရေသဘင်အဖွဲ့ကြီး ကျန်းမာပါစေ' ဟု သုံးကြိမ်သုံးခါနှုတ်ဆက်ပြီး ...

'ရုပ်ရှင်မင်းသားဝင်းဦးနှင့် မြို့မငွေနန်းအလှပြယာဉ်ကြီး ကျန်းမာပါစေ' ဟု ငုရွှေဝါနှမငယ်တို့ကလည်း ပြန်လှန်နှုတ်ဆက်ချိန်တွင် မြို့မက နှုတ်ဆက်တေးသွားကို ခပ်ညက်ညက်လေးတီးမှုတ်ပြီး စောစောက ပရိသတ်ကြီးက သူတို့ဘက်လှည့်ပြီး သီဆိုပါဦးဟု တောင်းဆိုသဖြင့် ရုပ်ရှင်မင်းသားဝင်းဦးက အလှပြယာဉ်ပေါ်မှ မတ်တတ်ရပ်၍ ရှေ့တူရူရှိ ပရိသတ်ကြီးဘက်လှည့်ကာ နှုတ်ဆက်သီချင်းကို သီဆိုရင်း အလှပြယာဉ်ကြီးကတရွေ့ရွေ့ ထွက်ခွာသွားတော့၏။

**စာမျက်နှာ ၂၄ သို့ ○**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေများ ပေးအပ်

**ဟသ်ာတ မေ ၅**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဟသ်ာတမြို့နယ်နှင့် လေးမျက်နှာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ ထောက်ပံ့ငွေများပေးအပ်သည့်အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက ဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဟသ်ာတခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် မြို့နယ်ကော်မတီဥက္ကဋ္ဌတို့က ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်မြို့နယ်လျှင် ကျပ်သိန်း ၁၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ်ကော်မတီဥက္ကဋ္ဌများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ဟသ်ာတမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဌေးဌေးလှိုင်နှင့် ဟသ်ာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးသန္တာကြည်တို့က လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း စောင့်ကြည့်ရေးစင်တာနှင့် ဟသ်ာတတက္ကသိုလ် စောင့်ကြည့်ရေးစင်တာတို့တွင် ပြည်ပမှ ပြန်လာသူများအား ၁၄ ရက် စောင့်ကြည့်ထားရှိမှုကို လှည့်လည်ကြည့်ရှု၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်( ပြန်/ဆက်)**
**ဓာတ်ပုံ-ကိုဇော်**

## ထားဝယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအသိပညာပေး

**ထားဝယ် မေ ၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင်ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ ဆောင်ရွက်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးနှိုးဆော်ချက်ကို ယနေ့ မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တွင် ပြသပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များကို ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက သင့်ကိုယ်သင်ကာကွယ်ဖို့အတွက်၊ သင့်မိသားစုကို ကာကွယ်ဖို့အတွက်၊ သင့်ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက်၊ သင့်မြို့ရွာကို ကာကွယ်ဖို့အတွက်၊ သင့်တိုင်းပြည်ကို ကာကွယ်ဖို့အတွက် အိမ်မှာပဲနေပါ၊ အပြင်မထွက်ပါနဲ့ စသည့် အသိပညာပေးနှိုးဆော်ချက်များကို ယခင် နံရံကပ်ပြဘုတ်အပြင်၊ သီးသန့်နံရံကပ်ပြဘုတ် တစ်ခု ထပ်မံပြုလုပ်ကာ ခရီးသွားလာအများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ပြသဆောင်ရွက်ထားရှိခဲ့သည်။

**ဆောင်ရွက်လျက်ရှိ**

နံရံကပ်ပြဘုတ်အား တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှ လေ့လာကြည့်ရှုကြရန်နှင့် မကြာခဏ လက်ဆေးရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထားဝယ်ခရိုင်ရုံးဝန်ထမ်းများက အသိပညာပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## ပြည်တွင်း၌ ကုလားပဲခြမ်းများအဝယ်လိုက်သော်လည်း ဈေးကျ



**မန္တလေး မေ ၅**

ပြည်တွင်း၌ ကုလားပဲခြမ်းများ အဝယ်များနေသော်လည်း ပဲသစ်ပေါ်ချိန်ဖြစ်ပြီး သီးနှံလှိုင်လှိုင်ပေါ်နေသည့်အတွက် ဈေးနှုန်းများကျနေကြောင်း မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။

"ကုလားပဲခြမ်းတွေကို နယ်တွေကလည်း အော်ဒါတွေများတယ်၊ အဲဒါကြောင့် ပဲခွဲစက်တိုင်းလိုလို အော်ဒါတွေပြည့်နေတယ်၊ ဒါပေမယ့် ပဲသစ်ပေါ်ချိန်ဖြစ်တဲ့အတွက် တောင်သူတွေက နေ့တိုင်းလာရောင်းတယ်၊ ကုန်စည်ဒိုင်မှာ တစ်ရက်ကို ကုလားပဲတွေ အိတ်ထောင်ချီပြီး အလုပ်ဖြစ်တယ်၊ အခုကရာသီလှိုင်လှိုင်ပေါ်ချိန်ဆိုတော့ တောင်သူတွေအတွက်လည်း တစ်ဖက်မှာငွေဖြစ်တယ်၊ စားသုံးသူတွေအတွက်လည်း ဈေးမတက်ဘဲ ရိက္ခာဖြည့်ပြီးသားဖြစ်တယ်" ဟု မန္တလေးကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောကြားသည်။

ယခင်က ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ရှိပြီး ယခု ကျပ် ၆၄၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း၊ ယခင် V2 ကုလားပဲတစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ရှိပြီး ယခု တစ်အိတ်လျှင် ကျပ် ၆၄၀၀၀ ဈေးသာရှိကြောင်း သိရသည်။

**ထိပ်ထားနိုင်**

○ စာမျက်နှာ ၂၃ မှ

**ပရိသတ်အကြားအထူးအသားပေးပြောကြားငြင်းခုန်**

နောက်နေ့နံနက်တွင် မန္တလေးမြို့ထုတ် သတင်းစာ၌ ဆောင်းပါးရှင်တစ်ဦးက 'မဏ္ဍပ်ပေါ်မှ ဘောင်းဘီ ဖင်ကျပ်အကြောင်း၊ မြန်မာမဆန်သူတို့အကြောင်း၊ သတိပေးပညာပေးသည့်သီချင်းများ သီဆိုကြရာ ဘောင်းဘီဝတ်လာသူကိုဝင်းဦးက သူ့ကိုစောင်းမြောင်းသီဆိုရပ့ါမလားဟု မျက်မာန်ရှကာ အလှပြယာဉ်အထွက်တွင် မဏ္ဍပ်ကိုနှုတ်မဆက်ဘဲ တမင်ကျော်ပေးပြီး ထွက်ခွာသွားကြောင်း ဤအပြုအမူမှာ အရုပ်ဆိုး ရိုင်းစိုင်းလှပါကြောင်း' စသည့် အဓိပ္ပာယ်သက်ရောက်သောဆောင်းပါးကို ရေးသားဖော်ပြပါရှိခဲ့သည်။

ထိုအဖြစ်အပျက်ကား ထိုနှစ် သင်္ကြန်တွင် ပရိသတ်အကြား အထူးအသားပေး ပြောကြားငြင်းခုန်စရာဖြစ်ခဲ့ကြသည်။ ဆောင်းပါးရေးတာမှန်တယ်။ မန္တလေးလိုယဉ်ကျေးမှုမြို့တော်မှာ ဒီလိုအပြုအမူမျိုးခွင့်မလွှတ်နိုင်ဟူသော သုံးသပ်မှုမျိုး။ ထိုကိစ္စ မဟုတ်ပါ။ မင်းသားကြီးက ပရိသတ်အများစုဘက်လှည့်၍ သီချင်းသီဆိုသဖြင့် မဏ္ဍပ်ကိုကျော်ပေးသလိုဖြစ်ရတာပါ။ အဲဒီအချိန် ကိုယ်တိုင်မြင်ရတာပါ' ဟု အတွေ့အကြုံဖြင့် ပြောဆိုမှုမျိုး ... စသည်ဖြင့် စီစီညံခဲ့၏။

**အလွန်ယဉ်ကျေးသိမ်မွေ့သော ရုပ်ရှင်မင်းသား**

မည်သို့ဆိုစေ နိုင်ငံကျော်ရုပ်ရှင်မင်းသားမို့ သတင်းဖြစ်သွားတာ သေချာသည်။ မန္တလေးကလည်း တာဝန်ရှိသူမှအစ မြို့သူမြို့သား အားလုံးကလည်း 'ယဉ်ကျေးမှုသင်္ကြန်' ဟူသော အနှစ်သာရကို မည်သို့မျှ အပွန်းအပဲ့ မခံတာလည်း သေချာသည်။ ထို့အတူ အလွန်ယဉ်ကျေးသိမ်မွေ့သော ရုပ်ရှင်မင်းသား ဝင်းဦးကလည်း ထိုကိစ္စအတွက် ဆောင်းပါးရှင်၏ ထင်မြင်ယူဆချက်လည်း မမှားပါ။ မိမိဝတ်လာသော အဝတ်အစားနှင့် မဏ္ဍပ်မှ သီချင်းတို့ တိုက်ဆိုင်မှုတွင် မိမိစိတ် ကသိကအောက်ဖြစ်ကာ ဤသို့ပြုမူခြင်းဖြစ်လိမ့်မည်ဟု ဆောင်းပါးရှင်က ယူဆသော်လည်း တကယ့်ဖြစ်ရပ်မှာမဟုတ်ပါ။ မိမိမှာ ပရိသတ်အားလုံး၏ဆန္ဒကို လိုက်လျောလိုသဖြင့် မိမိတို့ အလှပြယာဉ်အထွက်တွင် အများစုပရိသတ်ကြီးအား ဖျော်ဖြေလို၍ မျက်နှာမူမိရာမှ မဏ္ဍပ်အား ကျော်ပေးသကဲ့သို့ဖြစ်ရပါသည်ဟု ပြန်လည်ဖြေရှင်းခဲ့သည်။

ထိုစဉ်က ရုပ်ရှင်မင်းသားဝင်းဦး နှင့် မန္တလေးပရိသတ်မှာ အဝေးရောက် မိမိအိမ်သားတစ်ယောက် သင်္ကြန်ပြန်လာခိုက် ဝမ်းပန်းတသာ ကြိုဆိုကြသည့် အမူအကျင့်ပဲဖြစ်သည်။ နောက်နှစ်ကစ၍ မင်းသားဝင်းဦးကလည်း ချိတ်ပိုးလုံချည်၊ တိုက်ပုံနှင့် ဝတ်စားသီဆိုသည်။ ပရိသတ်ကလည်း ထွေးထွေးပိုက်ပိုက် စောင့်ရှောက်အားပေးခဲ့၏။ ဆယ်နှစ်ကျော် ဆယ့်တစ်နှစ်တိုင်။

**ဤသို့ဖြင့် ပဋိပက္ခဖြစ်လု နှစ်ဖက်နားလည်သဘောပေါက်ချစ်ခင်လိုက်ကြသည်မှာ**

ထိုစဉ်က ဖြစ်စဉ်ကို ပြန်လှန်စဉ်းစားမိတော့ မန္တလေးပရိသတ်အချို့ကလည်း အစွဲကြီးစွာဖြင့် ဩ့သည်ကို မိမိတို့ယဉ်ကျေးမှုနှင့် မတူသူဟူ၍ ကြိုတင်ကောက်ချက်ချကာ တံဆိပ်ကပ်သည်။ ထိုကောက်ချက်ကို ကိုယ်စားပြု၍ ဆောင်းပါးရှင်က ရေး၏။ ထိုရေးသားချက်အပေါ် ကာယကံရှင်က လျစ်လျူမပြုဘဲ ယဉ်ကျေးပွင့်လင်းစွာ ပြန်လည်ဖြေရှင်းသည်။ ဖြေရှင်းရုံမက အိမ်ရှင်မန္တလေးသားတို့ တန်ဖိုးထားသည့် အဝတ်အစားပင် ပြောင်းလဲဝတ်ဆင်လိုက်သေးသည်။ ဤသို့ဖြင့် ပဋိပက္ခဖြစ်လု နှစ်ဖက်နားလည်သဘောပေါက် ချစ်ခင်လိုက်ကြသည်မှာ မင်းသားကြီးရိုးမြေကျသည်အထိသာမက ယနေ့ နက်ဖြန်တိုင်သည် အထိ။

**တစ်တိုင်းတစ်ပြည်လုံး ငြိမ်းချမ်းရေး ညီညွတ်ရေး**

တစ်နှစ်ကုန်၍ တစ်နှစ်ကူးချိန် အဟောင်းကို စွန့်ခွာအသစ်ကို ကမ်းလင့်မှုဖြင့် မင်္ဂလာရှိသော သင်္ကြန်ပွဲတော်များ ခေတ်စနစ်အကူးအပြောင်း၊ စစ်ဘေးစစ်ဒဏ်၊ ဥတုရာသီ၊ ရောဂါကပ်ဘေး စသည့် အဖြစ်အပျက်ကြုံလျှင် သင်္ကြန်သည်လည်း ကွဲကူးရေပါ ဆုတ်ယုတ်ခဲ့ရသည်။ ဒီနှစ် ကောဇာသက္ကရာဇ် ၁၃၈၁ ခုနှစ်မှ ၁၃၈၂ ခုနှစ်အကူး သင်္ကြန်ကား ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကပ်ဘေးကြောင့် ယခင်နှစ်များကဲ့သို့ ပျော်ပွဲရွှင်ပွဲအသွင် ဆင်ယင်ကြတော့မှာမဟုတ်။ ကျန်းမာရေးအတွက် အိမ်တွင်းတွင် နေထိုင်ကြရမည်။

ထိုနံ့ရောအခါ ဒီနှစ်သင်္ကြန်တွင်း၌ မိမိအိမ်တွင် နေထိုင်ရင်း ဥပုသ်သီတင်းသီလစောင့်ထိန်းကာ ယနေ့နိုင်ငံတော်တွင် အရေးတကြီးလိုအပ်နေသော ပဋိပက္ခဖြစ်လု ဘက်နှစ်ဖက်တိုင်း နားလည်သဘောပေါက်ကြပြီး တစ်တိုင်းတစ်ပြည်လုံး ငြိမ်းချမ်းရေး ညီညွတ်ရေးတို့ကို ဆုတောင်းကြရပေမည်။ ကောဇာသက္ကရာဇ် ၁၃၈၂ ခုနှစ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် မြူမှောင်ဝေကင်း၍ ငြိမ်းချမ်းညီညွတ်ခြင်း လစန္ဒာရောင် ထွန်းလင်းကာ အသစ်ဖြစ်ထွန်းမည့် ကောင်းမြတ်ခြင်းနှင့် ပြည့်စုံသည့် မင်္ဂလာနှစ်သစ်ဖြစ်ပါစေသောဝ်။ ။

## ခရီးသွားလာခြင်း ကန့်သတ်သည့်လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန်လို

**ရန်ကုန် ဧပြီ ၅**

လူများများသွားလေ ရောဂါပိုးပြန့်လေဖြစ်သည့်အတွက် အရေးကြီးဆုံးဖြစ်သည့် ခရီးသွားလာခြင်း ကန့်သတ်သည့်လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားလာခြင်းကို ကန့်သတ်နိုင်မှ ရောဂါပိုးကူးစက်မှုကို ဟန့်တားနိုင်မည်ဖြစ်ကြောင်း ဒေါက်တာသာထွန်းကျော်က ပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါ အတွေ့အကြုံအရ ပထမပိုင်းမှာတော့ တစ်ရက်မှာ လူနာတစ်ယောက် နှစ်ယောက်လောက် ပိုးတွေ့ရပေမယ့် ကြာလာတာနဲ့အမျှ တစ်လလောက် ကြာပြီးတဲ့နောက်ပိုင်းမှာ ပိုးတွေ့တဲ့လူနာများလာတဲ့အနေအထားတွေ တွေ့ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီကာလမှာ ဖိဖိစီးစီးဆောင်ရွက်နိုင်ခဲ့ရင် ရောဂါဖြစ်ပွားမှုတွေ၊ ရောဂါပိုးပြန့်ပွားမှုတွေကို ထိန်းချုပ်နိုင်မှာပါ။ ပြီးတော့ကူးစက်မှုနဲ့ သေဆုံးမှုတွေ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ဖို့ အရေးကြီးတဲ့အချိန်ဖြစ်တဲ့အတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့တွေက ဆောင်ရွက်နေတဲ့ ခရီးသွားလာခြင်း ကန့်သတ်တဲ့လုပ်ငန်းတွေကို ကြိုဆိုပါတယ်၊ ဒီလို ထိထိရောက်ရောက်လုပ်မယ်၊ လိုက်နာမယ်ဆိုရင် ရောဂါကူးစက်မှုကိုထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်" ဟု ဒေါက်တာသာထွန်းကျော်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေအထိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာလူနာ ၂၁ ယောက်ရှိပြီး ဓာတ်ခွဲနမူနာယူစစ်ဆေးထားသည့် လူနာအရေအတွက် ၁၁၀၀ ကျော်ရှိကြောင်း သိရသည်။

"လက်ရှိအနေအထားမှာ လူနာတွေတင်ပြီး ကုသနေသလို အထွေထွေကုဆေးရုံများဟာ ကိုဗစ်-၁၉ ပိုးတွေ့တဲ့လူနာတွေကို လက်ခံကုသဖို့အတွက် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်ပါတယ်၊ စက်ပစ္စည်းပိုင်းရော၊ ဆေးပစ္စည်းပိုင်းရော လုံလုံလောက်လောက် စီမံထားပြီးဖြစ်တယ်လို့ ပြောလို့ရပါတယ်" ဟု ၎င်းက ပြောကြားသည်။

အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ ပြည်သူများ၊ လူနာများ၊ လိုက်နာရမည့်ကိစ္စရပ်များနှင့် ကျန်းမာရေးဝန်ထမ်းများကုသသည့်နေရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ပေးနေကြောင်း သိရသည်။

**ဓာနည်မောင်၊ အေးမင်းသူ**



## ဟားခါးမြို့၌ ကျန်းမာရေးစစ်ဆေးမှုများ နေ့စဉ်ဆောင်ရွက်

**ဟားခါး ဧပြီ ၅**

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဘက်ပေါင်းစုံမှ နေ့စဉ်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက်က ဟားခါးမြို့သို့ လာရောက်ကြသည့် ခရီးသွားပြည်သူများကို ဟားခါးမြို့အဝင် လုံခြုံရေး၊ (တန်ပို)စစ်ဆေးရေးဂိတ်၌ ဟားခါးမြို့မရဲတပ်ဖွဲ့မှဦးဆောင်၍ ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှုများနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟားခါးမြို့အဝင် လုံခြုံရေး၊ စစ်ဆေးရေးဂိတ်၌ ဟားခါးမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဇော်ဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းတို့က မော်တော်ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာကြသည့် ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းနှင်သူများ၊ ဆိုင်ကယ်စီးနင်းလာသူများကို ကျန်းမာရေးစောင့်ကြည့်စစ်ဆေးခြင်း၊ အသိပညာပေး ဆွေးနွေးပြောကြားခြင်းနှင့် ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အသိပညာပေးကိစ္စရပ်များကို ခရီးသွားပြည်သူတစ်ဦးချင်းစီအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ခွီရှိန်း(ပြန်/ဆက်)**

## နေပြည်တော်ဘူတာကြီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များပြသ



**နေပြည်တော် ဧပြီ ၅**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို သိရှိစေရေးအတွက် အသိပညာပေးနံရံကပ်စာစောင်များကို နေပြည်တော် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နေပြည်တော်ဘူတာကြီးနှင့် ဥတ္တရခရိုင်ပြန်/ဆက်ရုံးရှိ နံရံကပ်ပြဘုတ်တို့တွင် ဧပြီ ၄ ရက် မွန်းလွဲပိုင်းက ပြသခဲ့သည်။

အသိပညာပေးနံရံကပ်စာစောင်တွင် အသိပညာပေးနှိုးဆော်ချက်အဖြစ် ရုပ်ရှင်သရုပ်ဆောင်များဖြင့် သင့်ကိုယ်သင်ကာကွယ်ဖို့အတွက်၊ သင့်မိသားစုကို ကာကွယ်ဖို့အတွက်၊ သင့်ပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက်၊ သင့်မြို့ရွာကိုကာကွယ်ဖို့အတွက်၊ သင့်တိုင်းပြည်ကို ကာကွယ်ဖို့အတွက် အိမ်မှာပဲနေပါ၊ အပြင်မထွက်ပါနဲ့ စသည့် အသိပညာပေးနှိုးဆော်ချက်များကို ပြသထားပြီး နံရံကပ်ဘုတ်ကြည့်ရှုသူများကလည်း တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါအကြောင်း အသိပညာပေးဟောပြော

**ဗန်းမောက် ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် ကိုဗစ်-၁၉ အကြောင်း အသိပညာပေး နယ်လှည့်ဟောပြောပွဲကို ဧပြီ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပင်ဟင်းခါးကျေးရွာအုပ်စု၊ လေးသီကျေးရွာအုပ်စု၊ တုံးလှော်ကျေးရွာအုပ်စုများ၌ ပြုလုပ်ခဲ့သည်။

ဗန်းမောက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းတို့၏ စီစဉ်ပံ့ပိုးပေးမှုဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေးနှင့် မြို့နယ်အား/ကာမှူး ဦးမင်းထက်တို့က ကိုဗစ်-၁၉ ရောဂါအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင် များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် စီးမော်ကျေးရွာအုပ်စု ပန်းတင်ကျေးရွာတွင် မြို့နယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက အသိပညာပေးခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## မကွေးခရိုင်ပြန်/ဆက်မှ ကိုဗစ်-၁၉ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မကွေး ဧပြီ ၅**

မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ရုပ်ရှင်၊ဂီတအနုပညာရှင်များ၏ အသိပညာပေးပိုစတာများပြသကာ ပြည်သူတစ်ရပ်လုံးလိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို ဧပြီ ၄ ရက်က ရုံးရှေ့တွင် နံရံကပ်ပိုစတာပြသခြင်း၊ မကွေးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့မော်တော်ယာဉ်ဖြင့် လှည့်လည်နှိုးဆော်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းနှင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ လှည့်လည်နှိုးဆော်ခြင်းကို မကွေးခရိုင်ပြန်/ဆက် ဝန်ထမ်းများ ဦးဆောင်မှုဖြင့် Women Club အဖွဲ့၊ Book Club အဖွဲ့ဝင်များ၊ စာရေးဆရာအသင်း၊ ရောင်စုံမေတ္တာလူမှုကယ်ဆယ်ရေးအသင်းနှင့် သုခဘုံလူမှုကူညီရေးအသင်းတို့ ပူးပေါင်းကာနေ့စဉ်လှည့်လည် နှိုးဆော်ခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သန်းနိုင်ဦး (ငဖဲ)**

## ပျံကျဈေးသည် ၂၀၀ ကျော် နေရာခွဲရောင်းချ

**ဝါးခယ်မ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်၊ ကုန်ခြောက် အပါအဝင် (ပျံကျ) ဈေးသည် ၂၀၀ ကျော်အား ဧပြီ ၄ ရက်နံနက်မှစကာ နေရာခွဲထုတ် ရောင်းချလျက်ရှိသည်။

"အဓိကတော့ လူကျပ်တည်းနေတာကို လျှော့ချတဲ့သဘောပါပဲ။ ဈေးရောင်းဈေးဝယ်တွေနဲ့ နေ့စဉ်လူအများဆုံးနေရာဖြစ်တဲ့အတွက် အခုလို ဆောင်ရွက်တာပါ။ ပျံကျဈေးမှာ ဟင်းသီးဟင်းရွက်၊ ကုန်ခြောက်၊ ဘဲဥ၊ ကြက်ဥ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲဆိုင်၊ အဝတ်အထည်၊ ကွမ်းဆိုင်၊ မုန့်ဆိုင်တွေပါတယ်၊ စုစုပေါင်း (ပျံကျ) ဈေးသည် ၂၃၀ ကျော် ရောင်းချလျက်ရှိပါတယ်။ မြို့မဈေးမှာ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းတွေ၊ ဆေးဖျန်းခြင်းလုပ်ငန်းတွေကိုလည်း လုပ်ဆောင်ပေးနေပါတယ်" ဟု မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်စိုးကပြောကြားသည်။

အဆိုပါ ပျံကျဈေးသို့ ခွဲထုတ်ရောင်းချခြင်းသည် ဧပြီ ၄ ရက်မှ ၃၀ ရက်အထိ ယာယီသတ်မှတ်ထားရှိပြီး ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ပြီးဆုံးပါက ဈေးသည်များအနေဖြင့် ယခင်ရောင်းခဲ့သော နေရာများတွင် ပြန်လည်ရောင်းချရမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

## ကျွန်းစုမြို့တွင် ကိုဗစ်-၁၉ ရောဂါအကြောင်း အသိပညာပေးဟောပြော

**ကျွန်းစု ဧပြီ ၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများအား ဧပြီ ၄ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်းက အမှာစကားပြောကြားပြီး မြိတ်မြို့မှ ဒေါက်တာသဥ္ဇာရှိန်က ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ဝတ်/ချွတ်နည်းနှင့် နှာခေါင်းစည်းတပ်ဆင်နည်းတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**စည်သူရအောင် (ကျွန်းစု)**

# မြစ်ကြီးနားမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများအား ပိုးသတ်ဆေးဖျန်း



**မြစ်ကြီးနား ဧပြီ ၅**

ကချင်ပြည်နယ် မြစ်ကြီးနား၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ရုံး အပါအဝင် လူဝင်/ထွက်များသည့် ဌာနဆိုင်ရာရုံး အဆောက်အအုံများအား မြို့နယ်မီးသတ်တပ်ဖွဲ့က ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုမီးသတ်ဦးစီးမှူး ဦးဝေလျှံထွေးနှင့် တပ်ဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မြစ်ကြီးနားမြို့ပေါ်၌ ဧပြီ ၂ ရက်မှ စတင်ပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ရုံးအဆောက်အအုံနှင့် ပတ်ဝန်းကျင်များကို ပိုးသတ်ဆေး ဖျန်းပေးခဲ့ကြပြီး ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရ အဖွဲ့ရုံးအပါအဝင် ကျန်ဌာနဆိုင်ရာ များအား လိုက်လံဖျန်းပေးလျက် ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**စိန်ဝင်း(ပြန်/ဆက်)**

# ညောင်တုန်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း



**ညောင်တုန်း ဧပြီ ၅**

ညောင်တုန်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ပီတိလူငယ်ပရဟိတ အဖွဲ့က ဦးဆောင်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ ဧပြီ ၃ ရက် ညနေပိုင်းက ပိုးသတ်ဆေးများဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခြေခံပညာစာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဈေးများ၊ ဘဏ်များ၊ မြို့ပေါ်ရှိရပ်ကွက် ၁၀ ခုမှ စောင့်ကြည့်ရေးစင်တာများအား ပိုးသတ်ဆေးဖျန်းခြင်းများအား စနစ်တကျဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

၎င်းအပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနည်းလမ်းများ၊ ညွှန်ကြားချက်များ၊ ပြည်သူများလိုက်နာသင့်သည့် အချက်များကို ရပ်ကွက်အတွင်း အသံချဲ့စက်များဖြင့် အသိပညာပေး ကြေညာပေးလျက်ရှိသည်။

လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ညောင်တုန်းမြို့နယ်အတွင်း ရောင်းချလျက်ရှိသော စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ မုန့်ဆိုင်များတွင် ပါဆယ်စနစ်ဖြင့်သာ ရောင်းချသွားရန် နှိုးဆော်ထားကြောင်း သိရသည်။

ထို့ပြင် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် သီးခြားထားရှိသော နေရာများအား လှူတော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်ကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်**
**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ရန်ကုန်တိုင်းဒေသကြီး ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် တိုင်းရင်းဆေးရုံကြီး(ရန်ကုန်) ၌ ပိုးသတ်ဆေးဖျန်း

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ဦးဆောင်၍ စန္ဒီပရဆေးမိသားစု၏ ကူညီပံ့ပိုးမှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၄ ရက် နံနက်ပိုင်းက ကြက်ခြေနီစေတနာ့လုပ်အားရှင်များက ပိုးသတ်ဆေးဖျန်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များက ရန်ကုန်တိုင်းဒေသကြီး ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် တိုင်းရင်းဆေးရုံကြီး(ရန်ကုန်) တိုင်းရင်းဆေးပညာဦးစီးဌာန(ရန်ကုန်)၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ ဝန်ထမ်းအိမ်ရာများနှင့် တိုင်းရင်းဆေးဝါးစက်ရုံတို့ကို ပိုးသတ်ဆေးများဖျန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းနေမှုကို ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း)နှင့် တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့ ခရိုင်တပ်ဖွဲ့မှူး ဦးခင်သန်းဦးနှင့် တာဝန်ရှိသူများက ပိုသတ်ဆေးဖျန်းခြင်းကို ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**



## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ထန်းတပင်**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများမရှိစေရေးအတွက် လူအသွားအလာများပြားသည့် မြို့မဈေးနှင့် လမ်းဆုံကားဂိတ်တို့တွင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရေဖျန်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဧပြီ ၃ ရက် ညပိုင်းကဆောင်ရွက်ခဲ့ကြသည်။

ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒေါ်ခင်ခင်ဌေးက ဦးဆောင်၍ လူအသွားအလာများပြားသည့် ထန်းတပင်မြို့မဈေးအတွင်း ရေဖျန်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများ၊ အသားငါးရောင်းချနေသည့် ဈေးတန်းတစ်လျှောက်တို့နှင့် လမ်းဆုံကားဂိတ်တို့တွင် ပိုးသတ်ဆေးများဖျန်းပေးခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့မဈေးအတွင်း ပိုးသတ်ဆေးဖျန်းခြင်းကို တစ်ပတ်လျှင် နှစ်ကြိမ်နှုန်းဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး ဈေးသူ၊ ဈေးသားများနှင့် ဈေးသို့လာရောက်ကြသူများကိုလည်း ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများ သိရှိနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဗီနိုင်းပြသထားရှိခြင်းနှင့် လက်ဆေးဘေစင်များကိုပါ ထားရှိပေးထားသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

**ဟသ်ာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ ဟသ်ာတ-ရန်ကုန်ကားများနှင့် ကားဂိတ်တို့တွင် ဆေးဖျန်းခြင်းလုပ်ငန်းများကို ဧပြီ ၃ ရက် ညနေ ၄ နာရီက ဆောင်ရွက်ခဲ့သည်။

မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ စေတနာ့လုပ်အားရှင်များ၊ ကိုဗစ်-၁၉ ကာကွယ်ကူညီရေးပရဟိတအဖွဲ့နှင့် ဂိတ်ပိုင်ရှင်များစုပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ခရီးသွားပြည်သူများ ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် မော်တော်ယာဉ်လိုင်းများ၊ ဂိတ်များနှင့် ကားဂိတ်အတွင်းရှိ ဈေးဆိုင်ပတ်ဝန်းကျင်များကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပွားရေး၊ ထိန်းချုပ်ကာကွယ်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဧပြီ ၄ ရက် ညနေ ၅ နာရီက ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါပိုးသတ်ဆေးဖျန်းရာတွင် ပြည်သူများ နေ့စဉ်ဝင်ထွက်သွားလာနေသော ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ လူထုအခြေပြုဇဟိုဌာန၊ ရုံးတွင်း၊ ရုံးပြင်နေရာများအား မြို့နယ်မီးသတ်ဦးစီးဌာနက ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

**ဟိုင်းကြီးကျွန်း**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်တွင် နယ်မြေ ၁၁ ခုရှိပြီး အိမ်ခြေ ၁၆၇၀ ရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် တစ်ရပ်ကွက်လုံးပိုးသတ်ဆေးဖျန်းခြင်းကို လူငယ်အဖွဲ့သုံးဖွဲ့ခွဲ၍ ဧပြီ ၃ ရက် ညနေပိုင်းက ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များကို တစ်အိမ်တက်ဆင်းဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ နေ့စဉ် ခရီးသည်တင်ရေယာဉ်များ၊ ကားများဖြင့် လိုက်ပါလာသောခရီးသွားပြည်သူများ၏ ဝင်ထွက်မှုကိုလည်း စောင့်ကြည့်မှတ်တမ်းရယူကာ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများကို မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသောဒေသခံပြည်သူများတွင် စောင့်ကြည့်လူနာအဆင့် ဖြစ်ပေါ်လာပါကလည်း သီးသန့်ထားရှိရန်နေရာများကို ကြိုတင်ပြင်ဆင်ထားကြောင်းနှင့် လိုအပ်ပါက ရပ်ကွက်အတွင်း ပိုးသတ်ဆေးများ ထပ်မံပက်ဖျန်းနိုင်ရန်အတွက် ဆေးများထပ်မံမှာယူထားကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

**ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဧပြီ ၄ ရက် နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆေးဖျန်းခြင်းကို ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်ခြောက်ဦးတို့က ရွှေဘိုမြို့နယ်အတွင်းရှိ မဟာဂန္ဓာရုံဘုန်းကြီးကျောင်း၊ သုခကာရီဘုန်းကြီးကျောင်း၊ ဘုရားကြီးတောင်တိုက်နှင့် ပုခန်းဘုရားကြီးတို့တွင် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

‘အေ့…..အ်…..ဂ်’

ထိတ်လန့်ဖွယ်ရာ ရုတ်တရက်ထွက်ပေါ်လာသည့် ‘အသံကြီး’။ မီးပူတိုက်နေသည့်ချစ်ဇနီးနှင့် ကွန်ပျူတာသုံးနေသည့် ချစ်သမီးတော်တို့နှစ်ဦးမှာ ‘အောင်မလေး’ဟု ပြိုင်တူ‘အော်’လိုက်ကြ၏။ သူတို့သာမက အသံထွက်ပေါ်လာရာ လည်ချောင်းပိုင်ရှင်သခင်ကြီး ဆာသော်ဒိုးပါ ကိုယ့်ကိုယ်ကိုယ် လန့်သွားသည်။ အသံကြီးကား အရှေ့ခုနစ်အိမ် အနောက် ခုနစ်အိမ် ကြားရပေမည်။

အချိန်ကား အားကစားသမားတို့အကြိုက် ညနေ ‘ညီအစ်ကို မသိတသိ’ အချိန် နေဝင်ရီတရော။ နေရာကား မြို့တော်ရန်ကုန်၏ အသည်းနှလုံး စမ်းချောင်းမြေ စမ်းချောင်းလမ်းရှိ တိုက်ခန်းကျယ် အိမ်ဂေဟာမှာပါ။ တစ်နေကုန်စာဖတ်စာရေးအပြီး ရေမိုးချိုးကာ အနားယူမယ်ကြံစဉ် အဆိုပါလည်ချောင်းထဲမှ ‘အေ့’ကာရန် လျှံထွက်လာခြင်းပါခင်ဗျ။

“သည်အချိန်ရောက်လာရင်ကွယ်… ကျွန်တော့်စိတ်တွေဖောက်ဖောက်လာတယ်” တစ်ခါက တေးသီချင်းက နားဝသို့ ရောက်လာ၏။ အိမ်ဝရန်တာမှနေ၍ မျှော်ကြည့်လိုက်လေသော် ဘီယာဆိုင်တစ်မျှော်တစ်ခေါ်ကြီးမှာ တိတ်ဆိတ်လျက်။ ငြိမ်သက်လျက်။ တံခါးများကို ပိတ်ထား၏။ လူအဝင်၊ အထွက် တစ်စက်လေးမှကို မတွေ့ရတော့ပေ။ ‘ထိုင်သောက်’ သာမက ‘ပါဆယ်’ပါ မရတော့ဟု ဝမ်းနည်းစွာ နားလည်ရတော့သည်။

“အေ့…..အ်…..ဂေ့…..အ်”

ထိတ်လန့်ဖွယ်ရာ လည်ချောင်းထဲမှအသံကြီး နောက်ထပ်တစ်ဖန်ထွက်လာပြန်လေရာ ဇနီးသည်နှင့် သမီးတွေလည်း ဒုတိယမိ ‘လန့်’ သွားကြပါလေတော့၏။ ကျွန်ုပ်လည်း ကိုယ်မဟုတ်သလိုနှင့် ဝရန်တာမှသည် သောက်ရေအိုးဆီသို့လှမ်းကာ PH7 တစ်ခွက်ကို လည်ချောင်းထဲသို့ ပက်ထည့်လိုက်ရလေတော့၏။

လူတွေကား ‘ဆာတတ်’ ၏၊ ‘ကော်ဖီ’ ဆာတတ်၏၊ ‘အချိုရည်’ဆာတတ်၏၊ ‘ယမကာ’ဆာတတ်၏။ သူ့အချိန်နှင့်သူ ‘ဆာ’ တတ်တာလေးတွေပေါ့ ခင်ဗျာ။ မနေ့တစ်နေ့ကအထိ ကြက်ပျံမကျ တိုးမပေါက်အောင် စည်ကားလှသည့် အနီဘီယာဆိုင်မဟာကြီးတွေမှာ ကျွန်ုပ်တို့ဖော်သဟာဆွေ ဘော်ဒါတွေ ‘အပျော်ရှာအရည်’ မှီဝဲခဲ့ကြသေးတာကလား။ ဝိုင်းပေါင်းငါးဆယ် လူပေါင်း ၂၅၀ လောက် ဒူးတင်ပေါင်တင်ကို သောက်ခဲ့ကြသေးတာပါ။

ဆိုင်တွေမှာ နိုင်ငံတကာ ဘီယာပေါင်းစုံ ‘ပုလင်း’ သာမက ‘စည်’ပါရသဗျ။ ‘အပြင်း’ပုလင်းလည်း အတော့်ကို စုံတာကလား။ ရက်ဒ်လား၊ ဘလက်ခ်လား၊ ဘလူးလား၊ ဂရင်းလား၊ ဂိုးလ်လား လာထား။ ‘ပြည်ပအားကိုးပုဆိန်ရိုး’ မလုပ်ချင်ဘူးလား ရတယ်။ ဟောသည်မှာ ‘ပြည်တွင်းဖြစ်’ အယ်လ်ကိုဟော ဗျစ်ရွှေရည်မျိုးစုံဗျား။ ပုလင်းပေါင်းစုံ၊ တံဆိပ်ပေါင်းစုံ၊ အရသာပေါင်းစုံ၊ မူးယစ်ရီဝေပုံ ပေါင်းစုံပါခင်ဗျ။




ယမကာလုလင်တွေ၏ ဝိုင်းပေါင်းစုံကို မကြာခဏ လေ့လာခွင့်ရသည့်အခါ ‘စစ်တမ်း’တစ်ခုရရှိခဲ့ပါ၏။ ဤကား ‘ပြည်ပအားကိုးပုဆိန်ရိုး’ကား အနည်းစု။ ‘ပြည်တွင်းဖြစ်’ကို အားပေးကြသူတွေက အများစုပါခင်ဗျ။ ‘အမည်း’တို့၊ ‘အပြာ’တို့၊ ‘ရွှေ’တို့ အတိုကောက်အမည်တွေနှင့် ပုလင်းတွေကား ဝိုင်းတိုင်းနီးပါး။ မြန်မာတို့ကား ‘မျိုးချစ်စိတ်ဓာတ်’ တအားကြီးသည့် လူမျိုးပါတကား။

မှတ်တမ်းများအရ၊ စစ်တမ်းများအရ၊ လေ့လာတွေ့ရှိချက်များအရ ဆိုရပါမူ ‘၈၈’နောက်ပိုင်းကာလ တောက်လျှောက် ‘အရက်ပေါင်းစုံ’ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့ရာ ‘စက်မှုဇုန်’ တွေမှာ ‘အရက်ချက်စက်ရုံ’တွေ ‘များစွာ များစွာ များစွာမှ များစွာ’ သူ့ထက်ငါ ပေါ်ထွန်းလာခဲ့ပါသတဲ့။ ပြည်တွင်းကို လုံလောက်အောင် သာမက ပိုလျှံအောင်ပင်ဖြန့်ဖြူးနိုင်ခဲ့ပါသတဲ့။ ပြည်ပတိုင်းပြည်များသို့ပင် ‘တင်ပို့’ရောင်းချနိုင်ခဲ့ကြပါသတဲ့။

၈၈ မတိုင်ခင်က ရပ်ကွက်တစ်ခုမှာ ‘အရက်ဆိုင်’ တစ်ခုရှိဖို့တောင်မှ သိပ်မလွယ်ကူလှ။ ၈၈ နောက်ပိုင်းမှာတော့ ရပ်ကွက်တစ်ခုရဲ့လမ်းတစ်ခုတည်းမှာတင် အရက်ဆိုင်တွေဟာ ‘တံစက်မြိတ်ချင်း’ကို ထိစပ်နေတာကလား။

ဆာသော်ဒိုးတို့လို ‘မနက် ကြာနီကန်၊ ည အာမီရမ်’ သမားကြီးတွေကတော့ ‘အကြိုက်’ပေါ့ဗျာ။ အချိန်မရွေး၊ နေရာမရွေး မှီဝဲလို့ရတာကိုးဗျ။ အခုတော့ လမ်းတွေပေါ်မှာ လူတွေပါးသွားပြီ။ ကိုဗစ်-၁၉ မွှေချက်။ ရက်စက်လိုက်တာဗျာ။ Lockdown မချပေမယ့် လူတွေဟာ နေအိမ်တွေမှာ Quarantine သဘောမျိုး ကိုယ့်ဟာနဲ့ကိုယ် ကန့်သတ်နေကြရတာကလား။

‘ယမကာ’ကို ချစ်ပေမယ့် ‘ကိုရိုနာ’ကို ကြောက်တာကြောင့် ကိုယ့်အိမ်မှာသာ ကိုယ့်မိသားစုနဲ့ ရှိနေကြချိန်ပေါ့ဗျာ။ အပြင်ထွက်မယ်ဆိုရင် အနည်းဆုံး နှာခေါင်းစည်း(mask)တပ်ရမယ်။ လမ်းမှာ လက်သန့်စင်ဆေးနဲ့ ဆေးရမယ်။

အိမ်ပြန်ရောက်ရင်လည်း လက်တွေကိုစနစ်တကျ သေသေချာချာကို ဆေးရမယ်။ လက်သန့်ဆေးရည် သုံးရမယ်ဗျ။ အခုဆိုရင် ‘လက်သန့်ဆေးရည်’ဟာ ရှားပါးစပြုနေပါပြီ။ ပြည်သူလူထုအတွက် ‘အဓိကကျတဲ့’ အဲသည် ‘လက်သန့်ဆေးရည်’ကို လူတိုင်းသုံးစွဲနိုင်အောင် ထုတ်လုပ်ဖြန့်ဖြူးပေးဖို့ အချိန်ကျရောက်နေပါပြီ။

‘အေ့……ဂ်……တ်’

ဝရန်တာမှာထိုင်ရင်း ယမကာဆိုင်တွေဘက် မျှော်ရင်း ‘လေပြိုရင်း’ သတင်းစာထဲက သတင်းတစ်ပုဒ်ကို ဖတ်မိတယ်။ ‘ကျန်းမာရေးလုပ်သားများအတွက် လက်သန့်စင်ဆေးရည်ပုလင်း ရှစ်သန်းထောက်ပံ့မည်ဟု ကမ္ဘာ့အကြီးဆုံးယမကာကုမ္ပဏီ DIAGEO က ကတိပြုတဲ့’ ခင်ဗျ။ သူတို့က အရက် ‘လီတာနှစ်သန်း’ လှူဒါန်းပါသတဲ့။

Johnnie Walker တို့၊ Guinness နဲ့ Smirnoff စတဲ့ ယမကာတွေထုတ်လုပ်နေတဲ့ DIAGEO က လက်တွဲဖော်ကုမ္ပဏီကြီးတွေကို ‘အရက်လီတာနှစ်သန်း’ လှူဒါန်းတာပါခင်ဗျ။ အဲသည်အရက် လီတာနှစ်သန်းကနေပြီး ‘လက်သန့်စင်ဆေးရည်ပုလင်းပေါင်း ရှစ်သန်း’ ထုတ်လုပ်နိုင်မှာပါတဲ့။

‘လက်သန့်စင်ဆေးရည်’ ပြတ်လပ်သွားချိန်မှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်တိုက်ဖျက်ဖို့ ကွင်းဆင်းဆောင်ရွက်နေတဲ့ ကျန်းမာရေးလုပ်သားတွေကို ကာကွယ်ရေး အထောက်အကူပြုဖို့ပါတဲ့။ အဲဒါကို ပြင်သစ် PERNOD RICHARD အပါအဝင် အခြားကုမ္ပဏီတွေကလည်း ပူးပေါင်းပါဝင်မတဲ့။ DIAGEO ကုမ္ပဏီက ဗော့ဒ်ကာနဲ့ ဂျင်နဲ ထုတ်လုပ်ရာမှာ အရက် ၉၆ ရာခိုင်နှုန်းပါတဲ့ Grain Neutral Spirit(GNS)တွေလည်း ပေးမယ်လို့ သိရပါတယ်။

‘ကြားရ ကြားရ နားဝချမ်းသာ’ လိုက်တာဗျာ။ လိုအပ်တဲ့အချိန်မှာ လိုအပ်တဲ့ပစ္စည်းကို ပြောင်းလဲထုတ်လုပ် ဖြန့်ဖြူးပေးနေတဲ့ မောင်မင်းကြီးသားများ ကျန်းမာချမ်းသာလန်းဖြာကြပါစေဗျာ။ ဥစ္စာစီးပွားများလည်း ဒီရေအလားဆထက်တိုးလို့ ဆက်လက် အကျိုးပေးကြပါစေဗျာ။

ဒါနဲ့ ‘ရွှေမြေ’ မှာကော ဘာသတင်းထူးတွေများ ကြားသေးလဲဗျ။

‘အေ့…..အ်…..ဂ်’

## ဝက်လက်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**ဝက်လက် ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကော်မတီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လိုအပ်သော ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံကြီး အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် ဝက်လက်မြို့နယ်အတွင်းရှိ ရှိမ္မကား၊ ရွှေပန်းကုံးနှင့် မင်းကျီ တိုက်နယ်ဆေးရုံတို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆေးရုံသုံးပစ္စည်းများကို ဝက်လက်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြို့နယ်ကုသရေးမှူး ဒေါက်တာ သန့်ဇင်လတ်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ထို့နောက် ဝက်လက်မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၁၃၅ ဦးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အလှူငွေနှင့် အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဥမ္မာဝင်း(ဝက်လက်)**





## မကွေးမြို့တွင် ပရဟိတအဖွဲ့အစည်းများပူးပေါင်း၍ ရပ်ကွက်/ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေး

**မကွေး ဧပြီ ၅**

ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကို ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းဖြင့် ထိရောက်စွာ ဟန့်တားနိုင်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းကာ ရပ်ကွက်/ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေးမှုများကို မကွေးမြို့နယ်အတွင်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးအသိပညာဆိုင်ရာ ပြောကြားချက်များအား အသံသွင်း၍ အသံချဲ့စက်ဖြင့် ဖွင့်ပြခြင်း၊ ပညာပေး ပိုစတာနှင့် ဗီနိုင်းများကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပြည်သူများအား နေ့စဉ်ဖွင့်ပြနိုင်ရန် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ အသံသွင်းထားသည့် စီဒီနှင့် မန်မိုရီစတစ်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများတွင် မကွေးမြို့နယ် စာရေးဆရာအသင်း၊ စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း၊ အမျိုးသမီးများအသင်း၊ ရောင်စုံမေတ္တာ လူမှုကူညီရေးအသင်း၊ သုခဘုံ နာရေးကူညီမှုအသင်း၊ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အများပြည်သူအကျိုး လိုလားသူများ ပူးပေါင်းပါဝင်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ဝီဆင်နဲ့ ကင်း ကို ဘုန်းမောက်အသင်းက ရောင်းချမည်ဖြစ်၍ မန်ယူနဲ့ စပါးက ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းမည်

ဘုန်းမောက်အသင်းဟာ အသင်းရဲ့ကစားသမားတွေဖြစ်တဲ့ ကာလမ်ဝီဆင်နဲ့ ဂျိုရှူယာကင်းတို့ကို ရောင်းချသွားမှာဖြစ်တဲ့အတွက် မန်ယူအသင်းနဲ့ စပါးအသင်းတို့က ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

ဘုန်းမောက်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီတွေအတွင်းက လူငယ်ကစားသမားအများအပြားကို ခေါ်ယူစုဆောင်းခဲ့တာဖြစ်ပြီး အကျိုးအမြတ်ရရှိမှုနည်းတဲ့အတွက် လာမယ့်အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ ဝီဆင်နဲ့ ကင်းတို့ကို ရောင်းထုတ်ဖို့ စီစဉ်လာတာဖြစ်ပါတယ်။

ဘုန်းမောက်အသင်းအနေနဲ့ ဝီဆင်နဲ့ ကင်းတို့ကို ရောင်းထုတ်မှာဖြစ်တဲ့အတွက် အီဘေးနဲ့ ရိုင်ယန်ဖရေဆာတို့ကလည်း နွေရာသီဈေးကွက်အတွင်း စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်လို့ အသင်းကနေ ထွက်ခွာဖို့ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းမောက်အသင်းအနေနဲ့ အီဘေးနဲ့ ရိုင်ယန်ဖရေဆာတို့ကို ဆုံးရှုံးရဖို့ရှိနေတာဖြစ်ပါတယ်။



## ❂ အင်္ဂလန်အသင်းနည်းပြမှ

အင်္ဂလန်အသင်းကို ကမ္ဘာ့ဖလားဆီမီးဖိုင်နယ် တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

အင်္ဂလန်အသင်းနည်းပြဆောက်ဂိတ်ဟာ တစ်နှစ်ကို ပေါင်သုံးသန်းရရှိထားရာကနေ ပေါင်တစ်သန်းနီးပါးကို လျှော့ယူသွားမှာလည်းဖြစ်ပါတယ်။




# အာဆင်နယ်အသင်းက လင်းဂတ်ကိုခေါ်ယူဖို့ ပြင်ဆင်လာဖွယ်ရှိ

အာဆင်နယ်အသင်းဟာ မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား လင်းဂတ်ကို ခေါ်ယူဖို့ ပြင်ဆင်လာဖွယ်ရှိနေတယ်လို့ သိရပါတယ်။

မြောက်လန်ဒန်ကလပ်အသင်းဟာ လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ဆီဘယ်လော့စ်ကို အငှားစာချုပ်နဲ့ ခေါ်ယူထားတာဖြစ်ပြီး နွေရာသီဈေးကွက်အတွင်းမှာ အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူနိုင်ဖို့ မဖြစ်နိုင်တာကြောင့် လင်းဂတ်ကိုခေါ်ယူဖို့ စီစဉ်နေတဲ့သတင်းတွေ ထွက်ပေါ်နေတာ ဖြစ်ပါတယ်။ မန်ယူအသင်းကွင်းလယ်ကစားသမား လင်းဂတ်ဟာလည်း ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်နေရတာဖြစ်တဲ့အတွက် အသင်းပြောင်းရွှေ့ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# မန်ယူအသင်း ချန်ပီယံလိဂ်မဝင်ပါက မန်ယူသို့ ပြောင်းမည်မဟုတ်ဟု ဒေါ့မွန်အသင်း တောင်ပံကစားသမား ဂျာဒန်ဆန်ချို ပြောကြား

မန်ယူအသင်းအနေနဲ့ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်မဝင်ခဲ့ဘူးဆိုရင် မန်ယူအသင်းဆီ ပြောင်းရွှေ့ကစားမှာမဟုတ်ဘူးလို့ ဒေါ့မွန်အသင်း တောင်ပံကစားသမား ဂျာဒန်ဆန်ချိုက ပြောကြားလိုက်ပါတယ်။

အင်္ဂလန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ အခုနွေရာသီဈေးကွက်အတွင်းမှာ လက်ရှိကလပ် ဒေါ့မွန်အသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာ ဒေါ့မွန်အသင်းအတွက် ၁၇ ဂိုး သွင်းယူပေးထားကာ ၁၉ ဂိုး ဖန်တီးပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

လက်ရှိမှာ ဂျာဒန်ဆန်ချိုကို ခေါ်ယူနိုင်ဖို့အတွက် မန်ယူအသင်းနဲ့အပြိုင် ချယ်လ်ဆီးအသင်းကလည်း ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဒါပေမယ့် အသက် ၂၀ အရွယ် ဂျာဒန်ဆန်ချိုက ချန်ပီယံလိဂ်မှာ ကစားဖို့ဆန္ဒရှိနေတာကြောင့် ဂျာဒန်ဆန်ချိုကို ခေါ်ယူနိုင်ရေးမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရခြင်း၊ မရခြင်းနဲ့လည်း သက်ဆိုင်နေတာဖြစ်ပါတယ်။

ဂျာဒန်ဆန်ချိုဟာ မန်စီးတီးဘောလုံးအကယ်ဒမီကနေ ပေါက်ပွားလာတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး မန်ယူအသင်းက တစ်ပတ်လုပ်ခလစာပေါင် လေးသိန်းပေးပြီး ခေါ်ယူဖို့လည်း အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

လက်ရှိရပ်နားထားတဲ့ ပရီမီယာလိဂ်ပြိုင်ပွဲ ဘယ်အချိန်မှာ ပြန်လည်စတင်မလဲ၊ အပြောင်းအရွှေ့ဈေးကွက်ကို ဘယ်အချိန်မှာ ဖွင့်မလဲဆိုတာနဲ့ ကလပ်အသင်းတွေ ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးမှု ဘယ်လောက်ရှိမလဲဆိုတာကို လက်ရှိအချိန်မှာ ခန့်မှန်းလို့မရသလို မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ကလည်း လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ကြိုးပမ်းနေရတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်ဟာ ရာသီကုန်ချိန်အထိ လက်ရှိရပ်တည်နေတဲ့ အဆင့် ၄ နဲ့ပဲ ရာသီသိမ်းဖို့ မျှော်လင့်နေသလို လာမယ့်ဘောလုံးရာသီမှာ မန်စီးတီးအသင်း ချန်ပီယံလိဂ်ကစားခွင့် ပိတ်ပင်ခံရမယ်ဆိုရင်တော့ အဆင့် ၅ နေရာက အသင်းလည်း မန်စီးတီးအသင်းအစား ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။ အမှတ်ပေးဇယား ဒုတိယနေရာက မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ကစားခွင့်ရဖို့ လျှောက်လဲချက်တင်ထားတယ်လို့ သိရပါတယ်။

မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ နီးစပ်နေတာကြောင့် ဂျာဒန်ဆန်ချိုကို ဘယ်အသင်းက ခေါ်ယူနိုင်မလဲဆိုတာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ဒေါ့မွန်အသင်းက ဂျာဒန်ဆန်ချိုရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၀၀ သတ်မှတ်ထားပေမယ့် မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းကတော့ ပြောင်းလဲသတ်မှတ်ဖို့ ဆွေးနွေးမှုတွေလုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။




# မန်ယူ၊ ချယ်လ်ဆီး၊ စပါးနဲ့ လက်စတာတို့ ကော်တင်ဟိုကို ခေါ်ယူဖို့ စိတ်ဝင်စားနေ

ဘာစီလိုနာအသင်းရဲ့ ကစားသမားကော်တင်ဟိုအပါအဝင် နာမည်ကြီးကစားသမားတချို့ဟာ သူတို့ရဲ့အနာဂတ်တွေ တည်မြဲဖို့အတွက် နွေရာသီဈေးကွက်အတွင်းမှာ အသင်းပြောင်းရွှေ့ကစားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ကော်တင်ဟိုဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ လီဗာပူးအသင်းကနေ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၁၄၅ သန်းနဲ့ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ခဲ့ပေမယ့် ဘာစီလိုနာအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့ ရုန်းကန်ခဲ့ရသူလည်း ဖြစ်ပါတယ်။

ဒါကြောင့် ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ပြန်လည်တည်ဆောက်ခဲ့ပေမယ့် ဘာစီလိုနာအသင်းက ကော်တင်ဟိုကို ဘိုင်ယန်မြူးနစ်အသင်းဆီ အငှားချထားခဲ့တာလည်းဖြစ်ပါတယ်။ ကော်တင်ဟိုဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါပွဲစဉ် ၂၂ ပွဲပါဝင်ကစားခဲ့ရာမှာ သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းက ကော်တင်ဟိုကို အငှားစာချုပ်ကနေ အမြဲတမ်းစာချုပ်ချုပ်ဆိုဖို့ မရှိတာကြောင့် ဘာစီလိုနာအသင်းဆီမှာ ပြန်ကစားရဦးမှာဖြစ်ပြီး ဘာစီလိုနာအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ကလည်း သုံးနှစ်ကျန်ရှိနေသေးတာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ ကော်တင်ဟိုကို ခေါ်ယူဖို့အတွက် မန်ယူအသင်း၊ ချယ်လ်ဆီးအသင်း၊ စပါးအသင်းနဲ့ လက်စတာစီးတီးအသင်းတို့က စိတ်ဝင်စားနေတာဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ ကွင်းလယ်ပိုင်းမှာ ဖရက်ဒ်၊ အမ်တိုမီနေး၊ ဘရူနိုဖာနန်ဒက်စ်နဲ့ ပေါ့ဘာတို့ရှိနေခဲ့တာဖြစ်ပေမယ့် ပေါ့ဘာဟာ အသင်းပြောင်းရွှေ့ကစားဖို့ရှိနေတာကြောင့် မန်ယူအသင်းက ကော်တင်ဟိုကိုခေါ်ယူဖို့ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကလည်း ဟာဇက်ကို ရီးယဲလ်မက်ဒရစ်အသင်းထံ ဆုံးရှုံးခဲ့ပြီးနောက် တိုက်စစ်ပိုင်းအတွက် အားထားရမယ့်ကစားသမားတစ်ဦးကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။ လက်ရှိမှာ ချယ်လ်ဆီးအသင်းက ကော်တင်ဟိုကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။




# ဝက်စ်ဟမ်းအသင်းက ဖရိုင်းဘတ်နောက်ခံလူ ရော်ဘင်ကို့ချ်ကို ခေါ်ယူမည်

ဝက်စ်ဟမ်းအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဖရိုင်းဘတ်အသင်းမှ နောက်တန်းကစားသမား ရော်ဘင်ကို့ချ်ကို ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဝက်စ်ဟမ်းအသင်းအပြင် စပါးအသင်း၊ နော့ဝှစ်ချ်အသင်း၊ လိဒ်စ်အသင်းတို့ကလည်း အသက် ၂၃ နှစ်အရွယ်ရှိ ဂျာမနီကြယ်ပွင့် ရော်ဘင်ကို့ချ်ကို ခေါ်ယူဖို့ စောင့်ကြည့်ရေးအဖွဲ့တွေ စေလွှတ်ထားတယ်လို့ သိရပါတယ်။

ဖရိုင်းဘတ်အသင်းဟာ နောက်တန်းကစားသမား ရော်ဘင်ကို့ချ်ကို ဇန်နဝါရီဈေးကွက်အတွင်းက လိုက်ဇစ်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၁၇ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ရော်ဘင်ကို့ချ်ဟာ ညာနောက်ခံနေရာအပြင် ကွင်းလယ်ကစားသမားအဖြစ်လည်း ကစားနိုင်သူဖြစ်ပြီး လက်ရှိကလပ် ဖရိုင်းဘတ်အသင်းနဲ့ ၂၀၂၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားတာ ဖြစ်ပါတယ်။

ဖရိုင်းဘတ်အသင်းအနေနဲ့ ပေါ်တူဂီနောက်တန်းကစားသမား ဆိုယွန်ကူကို ၂၀၁၈ ခုနှစ်က ပြောင်းရွှေ့ကြေးပေါင် ၁၉ သန်းနဲ့ လက်စတာစီးတီးအသင်းဆီ ရောင်းချခဲ့ပြီး အခုလက်ရှိတွင်လည်း နောက်တန်းကစားသမား ရော်ဘင်ကို့ချ်ကို ဆုံးရှုံးရဖွယ်ရှိနေတာ ဖြစ်ပါတယ်။

## တောင်ကြီးမြို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်

**တောင်ကြီး မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီတို့က ယနေ့နံနက် ၆ နာရီမှ ည ၆ နာရီအထိ တောင်ကြီးမြို့အဝင်ဂိတ် လေးဂိတ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကျေး/ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်တို့ပူးပေါင်း၍ တောင်လေးလုံးဂိတ်၊ ဟဲကယ်တိုးဂိတ်၊ ဟိုပုံးတိုးဂိတ်၊ ကျောက်တလုံးကြီး (နောင်ယာဆိုင်းလမ်းဆုံ)တို့တွင် ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များပေါ်ရှိ ခရီးသည်များအား လမ်းဆင်းလျှောက်စေပြီး ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အပူရှိန်တိုင်းတာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးခြင်းများ ပြုလုပ်ပေးခဲ့ကြပြီး ကားများ၊ ဆိုင်ကယ်များအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရေး အတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

တောင်ကြီးမြို့ပေါ်ရပ်ကွက်များသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများပူးပေါင်း၍ တောင်ကြီးမြို့ပေါ် ရပ်ကွက်(၂၂)ရပ်ကွက်အား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန် ကားနှစ်စီးဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## မြဝတီမြို့ရှိ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှု စခန်းများအတွက် လူမှုအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက ဆန်နှင့် စားဆီများ လှူဒါန်း

**မြဝတီ မေ ၅**

ထိုင်းနိုင်ငံမှ ပြန်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကရင်ပြည်နယ် မြဝတီမြို့တွင် စီစဉ်ထားသော အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှု စခန်းများတွင် စောင့်ကြည့်လျက်ရှိရာ အဆိုပါစခန်းများရှိ နေရပ်ပြန်များ စားသောက်ရေးအတွက် မြဝတီမြို့ရှိ လူမှုအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက လာရောက်လှူဒါန်းလျက်ရှိသည်။

**လက်ခံရယူ**

ထိုသို့ လှူဒါန်းလျက်ရှိရာ ဦးပြည့်ဖြိုးအောင် ဦးဆောင်သော ပြောင်းကုန်သည်များ မိသားစုများက ဆန်အိတ်များနှင့် စားဆီများအား ယနေ့ ည ၇ နာရီက မြဝတီမြို့ အထက(၁)စခန်းသို့ ၂၄ ပြည်ဆန်အိတ် ၃၀ နှင့် ၁၀ ပိဿာ ဆီပုံး ၁၀ ပုံးအား လာရောက်လှူဒါန်းရာ အထက(၁)စခန်းတာဝန်ခံ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။



အလားတူ အဆိုပါ အလှူရှင်အဖွဲ့သည် လေးကေ့ကော်စခန်းအတွက် ၂၄ ပြည်ဆန်အိတ် ၃၀ နှင့် ၁၀ ပိဿာ ဆီပုံး ၁၀ ပုံး၊ ရွှေမြဝတီစခန်း အတွက် ၂၄ ပြည် ဆန်အိတ် ၃၀ နှင့် ၁၀ ပိဿာ ဆီပုံး ၁၀ ပုံးစုစုပေါင်း ဆန်အိတ် ၉၀၊ ဆီပုံး ၃၀ အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

✻ **မြောင်းမြမြို့၌မှ**

အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း တစ်ခု၊ ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအခြေပြု အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း၁၃ခု စုစုပေါင်း အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း ၁၄ ခု ထားရှိကာ လာရောက်နေထိုင်သူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် စားဝတ်နေရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားကြောင်းနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များက လုံခြုံရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ မြို့နယ်ကျန်းမာရေးဌာနအခြေပြု အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းက ပြုလုပ်နေတဲ့ ရှုခင်းသာကျေးရွာ၊ စွမ်းအားပရိယတ္တိ တောရကျောင်းမှာ ယနေ့အထိ လူနာ ၂၄ ဦးရှိပါတယ်။ မနက်ည တစ်ကြိမ်စီ အပူတိုင်း ကျန်းမာရေးစစ်ဆေး ပေးပါတယ်။ အားလုံးလည်း ကျန်းမာရေး ကောင်းမွန်လျက်ရှိပါတယ်"ဟု စခန်းရှိ မြို့နယ်ကျန်းမာရေးမှ သူနာပြုဆရာမ ဒေါ်ရွှေဝါဝင်းက ပြောသည်။

အဆိုပါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် သီးခြားထားရှိသော စောင့်ကြည့်ရေးစင်တာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ သွားရောက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် နေထိုင်ကြသူများအားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သင်းရနံ့(မြရာမြေ)**

## ကော့ကရိတ်မြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုစခန်းတွင် စောစောပြော မိုဘိုင်းအပလီကေးရှင်းအကြောင်း အသိပညာပေး

**ကော့ကရိတ် မေ ၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းခံရသူများအတွက် စောစောပြော မိုဘိုင်းအပလီကေးရှင်းစနစ်ရဲ့ အသုံးပြုပုံများကို ယနေ့နံနက် ၁၁ နာရီက သွားရောက်ရှင်းလင်းပြသခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးပိုစတာကပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့အသိပညာပေးခြင်းကို ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ မိုဘိုင်းအပလီကေးရှင်းစနစ်သည် ကန့်သတ်ခံထားရသူ တစ်ဦးအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းများအား လိုက်နာဆောင်ရွက်နေသည့်ကာလတွင် မိမိတို့၏ ကျန်းမာရေးအခြေအနေကို မိုဘိုင်းအပလီကေးရှင်းဖြင့် သတင်းပို့နိုင်သည့်စနစ်ဖြစ်ကြောင်း ကော့ကရိတ်မြို့နယ် အမှတ်(၂)ရပ်ကွက် အထကခွဲ(ဝင်းကြီး)၊ အမှတ်(၁)ရပ်ကွက် အထက (ချောင်းတောင်)ရှိ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းခံရသူများ ထားရှိသော နေရာများ သို့လည်းကောင်း သွားရောက်ခဲ့ပြီး ကျန်ရှိနေသည့် စခန်းများတွင်လည်း အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

○ **ညောင်ဦးမြို့မှ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး နည်းလမ်းတွေကို ရပ်ကွက်၊ ကျေးရွာနေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင်၊ ပြည်သူတွေ သိနားလည်ပြီး ပူးပေါင်းပါဝင်လာအောင်၊ ကျန်းမာရေးဌာနကို ကူညီထောက်ပံ့နိုင်အောင်၊ ဥပဒေကို လိုက်နာအောင် စသည့်ရည်ရွယ်ချက်များဖြင့် ယခုလို အသံချဲ့စက်များဖြင့် ကြေညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ညောင်ဦးခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စမ်းမြလွင်နှင့် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်မာမျိုးထံမှ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပြည်သူလူထုအနေဖြင့် လက်ကို မကြာခဏဆေးကြောခြင်း၊ လူစုလူဝေး ရှိသည့် နေရာများအား ရှောင်ကြဉ်ခြင်း၊ နှာချေချောင်းဆိုးပါက လိုက်နာရမည့်အချက်များ၊ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျ အသုံးပြုရန်တို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မင်းဦး(ရေနံချောင်း)**
**ကိုထိန်(ငှါးသရောက်)**


## ကြော်ငြာ

**"ဦးဘိုးစိုး[၁၂/ဥကတ(နိုင်)၀၃၇၅၂၁]၏ ညွှန်ကြားချက်အရ ၁-၄-၂၀၂၀ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၈)ရှိ ဒေါ်သူဇာအောင်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၈၇၉)၏ကြေညာချက်အပေါ် ကန့်ကွက်ခြင်းနှင့် ဒေါ်အေးအေးမော်[၁၃/ တကန(နိုင်)၁၁၅၂၁၃]၊ ဒေါ်အေးအေးသော်[၁၂/ဥကတ(နိုင်)၀၃၇၆၇၉]တို့မှ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း/အရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၄၉)၊ မြေညီထပ်(ခြေရင်းခန်း)နေ ဒေါ်အေးအေးမော်[၁၃/တကန(နိုင်)၁၁၅၂၁၃]နှင့် ဒေါ်အေးအေးသော်[၁၂/ဥကတ(နိုင်)၀၃၇၆၇၉] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးဘိုးစိုးနှင့်ဒေါ်စိန်မေ(ကွယ်လွန်)တို့တွင် သားသမီး(၄)ဦးထွန်းကားပြီး ၎င်းတို့မှာ (၁)ဒေါ်အေးအေးမော်၊ (၂)ဒေါ်အေးအေးသော်၊ (၃)ဒေါ်နုနုဝင်းနှင့် (၄)ဒေါ်ချယ်ရီစိုးတို့ဖြစ်ပါသည်။ ဖခင်ဖြစ်သူ ဦးဘိုးစိုးမှ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာရိပ်သာ၊ ကေတုမာလာ(၂)လမ်း၊ အမှတ်(၃၇/ဂ)(၁၀'x၆၀') မြေနှင့်နေအိမ်ကို သမီး မစန္ဒာဝင်းအားလည်းကောင်း၊ အမှတ်(၃၈/က)၊ (၂၀'x၆၀')မြေနှင့်နေအိမ်အား သမီး မချယ်ရီစိုးအားလည်းကောင်း စာချုပ်စာတမ်းနှင့်တကွ တရားဝင်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ကြေညာချက် အပေါ် ကျန်သားသမီးများမှ လုံးဝသဘောတူညီမှုမရှိပါကြောင်းနှင့် မစန္ဒာဝင်းမှာ ဒေါ်နုနုဝင်း၏ သမီးသာဖြစ်ပြီး ယခုကြေညာသူများ၏ တူမတစ်ဦးသာဖြစ်သည့်အတွက် ဖခင် ဦးဘိုးစိုး၏ ကြေညာချက်အပေါ် ကန့်ကွက်ပါကြောင်းအား ဖခင် ဦးဘိုးစိုးနှင့်တကွ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်)

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးသီတာမော်(LL.B,D.B.L)** | **ဒေါ်သန္တာမောင်(LL.B,D.B.L)** | **ဒေါ်နန့်အိသန္တာထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၄၂၉)** | **(စဉ်-၁၆၁၅၉)** | **(စဉ်-၁၆၁၂၅)** |

**အမှတ်-၉၉/၁၀၁၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊ ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၈၂၂၁၊ ၀၁-၅၅၂၄၅၁၊ ၀၉-၄၄၃၁၆၅၂၂၀**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

**တင်ဒါအမှတ်-(၆/၂၀၁၉-၂၀၂၀)**

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့မှ(၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်၊ ရရှိလာသောရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ် စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂၁)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၂၁-၄-၂၀၂၀)ရက်နေ့မှစ၍ ဖော်ပြထားပါသည်။

| | | |
|---|---|---|
| ၁။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၂၁-၄-၂၀၂၀ (၁၀:၀၀) နာရီ |
| ၂။ တင်ဒါပိတ်မည့် ရက်/အချိန် | - | ၂၉-၄-၂၀၂၀ (၁၅:၀၀)နာရီ |
| ၃။ တင်ဒါဖွင့်မည့် ရက်/အချိန် | - | ၃၀-၄-၂၀၂၀နံနက်(၁၀:၀၀)နာရီ |
| ၄။ တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂၁) ညောင်တုန်းမြို့။ |

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၀၂၀၃ တွင် (၂၁-၄-၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)လမ်းဦးစီးဌာန**
**ဖုန်း-၀၉-၂၅၀၁၂၁၆၁၅၊၀၉-၇၇၃၄၄၇၇၀၄၊ ၀၉-၇၉၅၁၀၀၃၉၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၄-၂၀၂၀ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ ဒေါ်ပါးပါးနီ (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် တိုက်ခန်းအကျယ်အဝန်းအား (၆၈၆.၁၃) စတုရန်းပေ အစား (၈၆၈.၁၃) စတုရန်းပေဟု ပြင်ဆင်ဖတ်ရှုပါရန်။

**SYM** Engineering Co., Ltd.
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် များအား ပြုပြင်တပ်ဆင်၊ ရောင်းဝယ်၊ လဲလှယ်၊
Servicing ပြုလုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
09-5191361,09-73033344,
09-73033355,09-73033366

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ရာဇဒရာဇ်လမ်း၊ တိုက်(၃၁)၊ ငါးလွှာယာနေ ဒေါ်ခင်စန်းမြင့် [၁၂/တကတ(နိုင်) ၁၁၉၇၉၁]၏သမီး မလင်းနန္ဒာ [TKA-၁၁၁၈၀၂] ကိုင်ဆောင်သူသည် ၃-၄-၂၀၂၀ ရက်တွင် မိမိသဘောဆန္ဒ အလျှောက်ပြုမူနေထိုင်ပြီး အိမ်သို့ပြန်မလာသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိခင်ဖြစ်သူ**
**ဒေါ်ခင်စန်းမြင့်**
**၁၂/တကတ(နိုင်)၁၁၉၇၉၁**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်စောဦး
### ဒုတိယအင်ဂျင်နီယာချုပ် (MRTV-ငြိမ်း)
### အသက်(၆၂)နှစ်

ဦးအောင်စောဦး (EC-83)သည် ၄-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**R.I.T 1980-1983 B.E (Ec/Ep) အတန်းဖော် သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ယာယီရဲမှူးမိုးညွန့်ဦး
### ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး
### အသက်(၅၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးအလယ်ရပ်နေ [ဦးညွန့်တင် (ခရိုင်ဦးစီးမှူး-ငြိမ်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)-ဒေါ်မြညွန့်] တို့၏ သားလတ်၊ (ဦးစောမောင်)-ဒေါ်ခင်ကြည်တို့၏ သားသမက်၊ မကေသီ မိုးညွန့်ဦး (2nd Law)၏ မွေးသဖခင်၊ ဒေါ်မူမူ(ခ)ဒေါ်သီသီနိုင်၏ ချစ်လှစွာသော ခင်ပွန်း ယာယီရဲမှူး မိုးညွန့်ဦး (ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး)သည် ၄-၄-၂၀၂၀ (စနေနေ့) ည ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ ဟိုပုံးမြို့**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သိမ်း (ထားဝယ်)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မြို့သစ်(၁)လမ်း၊ အမှတ်(၄)မြေညီထပ်၊ ကျောက်မြောင်းနေ (ဦးသိန်းညွန့်-ဒေါ်ထွေး)တို့၏သမီး၊ (ဦးမြင့်စိုး)၏ဇနီး၊ ဦးကျော်မြင့်-ဒေါ်ခင်စန္ဒာစိုး၊ ဦးကျော်နိုင်စိုး-ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်မိုးနန္ဒာစိုး၊ ဦးမျိုးမင်းစိုး-ဒေါ်သဇင်အောင်တို့၏ ချစ်လှစွာသောမွေးသမိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်သိမ်း သည် ၄-၄-၂၀၂၀ (စနေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းစိန်
### အလုပ်ရုံခွဲမှူး(ငြိမ်း)၊ သန်လျင်ဖန်ချက်စက်ရုံ
### အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ အမှတ်(၅) ဒေါနလမ်းနေ (ဦးမောင်ညာဏ်-ဒေါ်စိန်) (ဥက္ကံ)တို့၏ သား၊ ဒေါ်မြမြသန်း၏ခင်ပွန်း၊ ဦးကျော်မျိုးအောင်-ဒေါ်ဆွေဆွေလှိုင် (မူလွန်-အောင်မင်္ဂလာ)၊ ဦးစိုးမင်းအောင်-ဒေါ်ခင်သန်းဆွေ၊ ဦးမျိုးဟန် (ဆန်ရောင်းဝယ်ရေး)-ဒေါ်သန္တာ(MPT-မရမ်းကုန်း)၊ ဦးရင်ထွန်း-ဒေါ်အိရွှေစင်ထွန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မသူထူးစံ (အလုပ်သင် ဆရာဝန်၊ သွား/ဆေးတက္ကသိုလ်-ရန်ကုန်)၊ မောင်ထက်အောင်ရှိုင်းတို့၏ အဘိုး သည် ၄-၄-၂၀၂၀(စနေနေ့) ည ၈:၄၇နာရီတွင် သဃ်န်းကျွန်းမြို့နယ်၊ အောင်ရတနာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းရပ် ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဗိုလ်ကြီး
### အသက်(၇၈)နှစ်
### (လက်ထောက်အင်ဂျင်နီယာ-ငြိမ်း၊ ချောက်မြို့)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံ(၁)လမ်း၊ အမှတ်(၁၁၁)နေ (ဦးဆရိုလဘန်းဆင်-ဒေါ်ဘီဘီ)တို့၏ သား၊ (ဦးဂျမ်းဆင်-ဒေါ်အေးရှင်)တို့၏ သားသမက်၊ ဒေါ်မြစန်းကြည်၏ ချစ်ခင်ပွန်း၊ ဦးဇော်မင်းဦး-ဒေါ်ဥမ္မာအောင်၊ ဦးဇော်ဝင်းမိုး-ဒေါ်နွယ်နွယ်ခိုင်၊ ဒေါက်တာဇော်မင်းဗိုလ်-Mrs Shun Lun၊ ဦးဇင်ဗိုလ်လတ်-ဒေါ်စိုးသီတာတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်သာလင်းဇော်၊ မောင်ဟိန်းထွဋ်ဇင်၊ မောင်အေးချမ်းမောင်၊ မောင်မြတ်သူရိန်ခန့် တို့၏အဘိုး ဦးဗိုလ်ကြီး (အငြိမ်းစား၊ လက်ထောက်အင်ဂျင်နီယာ-ချောက်မြို့၊ မကွေးတိုင်းဒေသကြီး)သည် ၅-၄-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၁၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန် သွားပါသဖြင့် ၆-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝမ်းတစ် (အုတ်ဖို)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ခ/ရပ်ကွက်၊ မြရတနာ(၈)လမ်း၊ အမှတ်(၁၀၇)နေ (ဦးသူ-ဒေါ်တင်ညွန့်)တို့၏ သား၊ (ဦးကျော်-ဒေါ်စောမြင့်)တို့၏ သားသမက်၊ ဦးမြစိုး-ဒေါ်အုန်းတင်၊ ဦးမြင့်ကြည်-ဒေါ်ငွေငွေခင်တို့၏ ညီ၊ (ဦးစန်းဝေ)-ဒေါ်မြင့်မြင့်၊ ဒေါ်လှလှဝင်း(ခ)မပေါက်၊ (ဦးဝင်းနိုင်)-ဒေါ်ယဉ်ယဉ်အေး [လ/ထ ညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန]တို့၏အစ်ကို၊ ဦးစိုပြေ (မန်နေဂျာ၊ အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်)၊ ဦးဖိုးပြည့် (ဦးစီးအရာရှိ၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန)၊ မသီရိခင်ထက် (M.B.B.S, Ygn)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်ငွေဦး (ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၏ ချစ်လှစွာသောခင်ပွန်း ဦးဝမ်းတစ်(အုတ်ဖို) အသက်(၆၇) နှစ်သည် ၅-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၃:၃၀ နာရီတွင် နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၀(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှရွှေ
### အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ သက္ကယ်သောင်ကျေးရွာအုပ်စု၊ သက္ကယ်သောင်ရွာနေ (ဦးအုန်းမောင်-ဒေါ်သိန်းတင်)တို့၏ သမီးကြီး၊ (ဦးလှမောင်)၏ဇနီး၊ ဒေါ်အေးသိန်း၏အစ်မ၊ (ဦးကြည်ဝင်း)-ဒေါ်ခင်သန်းအေး၊ (ဦးကြည်သင်း)-ဒေါ်ခင်လှမေ၊ ဦးစိုးဝင်း-ဒေါ်မိမိမော်၊ ဦးဇော်ထွန်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးအောင်နိုင်-ဒေါ်သန်းသန်းနွဲ့တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မတင့်တင့်အောင်၊ မောင်ကျော်ကိုကို အောင်၊ မောင်ဟိန်းထက်အောင်၊ ကိုမြတ်မင်းဗိုလ်-မစိုးသဥ္ဇာမော်၊ မပန်းချစ်ငြိမ်း၊ မောင်အောင်ကိုဟိန်း-မယွန်းတိမ်လွှာဦး၊ မောင်သုတအောင်၊ မသိမ့်သိမ့်အောင်၊ မသဲစုနိုင်၊ မထွန်းရတီထွန်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်လှရွှေသည် ၅-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅:၃၀ နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်
### အလုပ်ကြပ်(ငြိမ်း) မြန်မာ့မီးရထား
### မလွှကုန်းဒီဇယ်စက်ခေါင်းရုံ
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ်(၄၂၇)နေ (ဦးတင်အောင်-ဒေါ်သင်းလှိုင်)တို့၏ သား၊ (ဦးအောင်သိန်း-ဒေါ်အေးဝင်း)တို့၏ သားသမက်၊ ဦးဝင်းဗိုလ်-ဒေါ်မြင့်ကြည်၊ ဦးထွန်းအောင်-ဒေါ်လှလှရီ၊ ဦးရဲနောင်-ဒေါ်မေသန္တာအေး၊ ဦးညာဏ်မင်းထွေး-ဒေါ်ဝင်းဝင်းမြင့်တို့၏ အစ်ကိုကြီး၊ (ဒေါ်သန္တာဦး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးBERNARD-ဒေါ်ခိုင်ငြိမ်းမို၊ ဒေါ်လဲ့ယဉ်ဝင်း၊ ဦးစိုပြေဦး-ဒေါ်အေးမြတ်နှင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကျော် ဇင်ထက်၊ မမေဇင်ထက်တို့၏အဘိုး ဦးဝင်းမောင် (အလုပ်ကြပ်-ငြိမ်း၊ မြန်မာ့ မီးရထား၊ မလွှကုန်းဒီဇယ်စက်ခေါင်းရုံ)သည် ၅-၄-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၆-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန် သူအားရည်စူး၍ ၁၁-၄-၂၀၂၀ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစု တို့ဖြင့် ရေစက်သွန်းချအမျှ ပေးဝေလိုပါသောကြောင့် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဂျန်မော်တူးရှန်(ငြိမ်း)
### အသက်(၅၆)နှစ်
### ကြည်း-၂၁၁၄၀၊ တေဇ (၁၅)
### ဒုတိယညွှန်ကြားရေးမှူး
### ကော်ဖီရာသီ သီးနှံဌာနခွဲ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (၁၀ မိုင်)
### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### ပဲခူးတိုင်းဒေသကြီး

ရန်ကုန်မြို့နေ ဦးဂျန်မော်ဂမ်-ဒေါ်ဂျန်တို့၏ သား၊ ဦးမောင်မောင်ခင်-ဒေါ်အုန်းမြ တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၄၂)၊ ပထမထပ်၊ (၄၄) လမ်းထိပ်၊ ကုန်သည်လမ်းနေ ဒေါ်မိုးမိုးထူး ၏ ခင်ပွန်း၊ မောင်ရဲရင့်တူးရှန် (AYA Bank)၊ မသန့်သန့်မိုးတူးရှန် (2nd MBBS ဆေး-၁)တို့၏ဖခင် ဗိုလ်ကြီး ဂျန်မော်တူးရှန်(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး သည် ၅-၄-၂၀၂၀ ရက်တွင် အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်(၅၀၀)၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါ သဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၂၀ (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အမှတ်(၄၄၂)၊ ပထမထပ်၊ (၄၄)လမ်းထိပ်၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဂျန်မော်တူးရှန်(ငြိမ်း)
### အသက်(၅၆)နှစ်

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်(၁၅)၊ တေဇ(၁၅)မှ ဗိုလ်ကြီးဂျန်မော်တူးရှန်(ငြိမ်း)သည် ၅-၄-၂၀၂၀ ရက်တွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန် သွားကြောင်းသိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အနိစ္စ

# သစ်
# တော
# နဲ့
# သစ်ပင်
# ချစ်
# ခင်
# တဲ့
# လူမျိုး
# သစ်
# ပင်
# ကို
# နှစ်စဉ်
# စိုက်
# ရွှေတိုက်
# ကိုစိုး

## အမြဲတသ သတိရနေတဲ့ ချစ်သူငယ်ချင်း

အစစအရာရာ လိုလေသေးမရှိအောင် သူငယ်ချင်းများအလိုကျ စိတ်ရင်းစေတနာ ကောင်းနှင့် အနစ်နာခံကာ ကူညီတတ်တဲ့ ဒို့သူငယ်ချင်း ၁၉၇၅ ခုနှစ် ဘူမိဗေဒဘွဲ့ရ ကျောင်းသားကြီး ကိုကျော်ဟန် ဒို့သူငယ်ချင်းတစ်စုကို နှုတ်မဆက်ဘဲ ၂၀၂၀ ဧပြီ (၂) ရက်မှာ ရုတ်တရက်ခွဲခွာသွားတာ အရမ်းစောလွန်းပါတယ်ကွာ။ ချစ်သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**အမြဲတသ သတိရနေတဲ့ ချစ်သူငယ်ချင်းများ**

**အေးသီတာ၊ ခင်ခင်ဖြူ၊ မြင့်မြင့်သန်း၊ မလှမွန်၊ တင်တင်ဝေ၊ မြမြမူ၊ မေချင့်၊ မာမာ-အောင်မြင့်ကြည်၊ မောင်မောင်ဦး၊ ဝေလင်းထွန်း၊ မျိုးထွန်း၊ တင်မောင်ဦး၊ တင်မောင်ရီ၊ မြင့်သိန်း၊ ငွေအောင်၊ အောင်စိုးဝင်း၊ စိုးလှိုင်၊ သန်းထွန်းအောင်၊ တင်အေး၊ စိုးစင်း၊ စိန်ထွန်း၊ ဝေမြင့်၊ ထွန်းထွန်းဝင်း၊ မြင့်ဦးသန်း၊ ကိုကိုကြီးနှင့် ၁၉၇၅ ခုနှစ် ဘူမိဗေဒဘွဲ့ရ ကျောင်းသားများ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး
## ဦးK.V ဘုရှနန်း (မြစ်ကြီးနား)
### အသက်(၉၀)
### A.G.T.I (Civil), INSEIN 1955 Batch
### လ/ထ အင်ဂျင်နီယာ(ငြိမ်း)၊ ဆောက်လုပ်ရေးရုံးချုပ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ-ဆ-ပ-လ ရပ်ကွက် တိုက်ဟောင်း(၄)၊ အခန်း(၁)နေ (ဒေါ်ရာဂျေဆွာရီ)၏ ခင်ပွန်း၊ ဒေါ်ဘီသေ ဝတီး(ခ)မဘေဘီ (ဆလရ-ငြိမ်း)၊ ဒေါ်ဘီရတ်သနား (အထက-၁၊ လသာ)၊ ဦးဘီအာနန်း-ဒေါ်ဘေဘီရာ(ချ်)၊ ဒေါ်စုစုအေး-ဦးအောင်ထွန်း၊ ဦးဘီစွန်ဒါး-ဒေါ်ဝါဝါမြင့်တို့၏ ဖခင်၊ (မောင်ညာဏ်ထက်မင်း)၊ မောင်ကောင်းထက်မင်း (TTC-ရန်ကင်း)၊ မောင်မင်းမင်းခန့်(အထက-၁၊ လသာ)၊ မကေဇင်ဇင်ထက် (အမက-၂ မူလွန်၊ လှိုင်)တို့၏ အဘိုးသည် ၅-၄-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန် သူအားရည်စူး၍ ၁၁-၄-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာလှတိုး
### အသက်(၈၆)နှစ်
### ဒေသန္တရအရာရှိ(ငြိမ်း) အနာကြီးရောဂါတိုက်ဖျက်ရေးဌာန(တောင်ကြီး)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သုမန (၂)လမ်း၊ (၅)ရပ်ကွက်နေ (ဦးလှဘေ-ဒေါ်မျိုးသိမ့်)တို့၏ သား၊ ဒေါ်ခင်အေးမူ ၏ မောင်၊ ဦးခင်မောင်သန်း-ဒေါ်ခင်အေးကြူတို့၏ အစ်ကို၊ ဦးညာဏ်ဝင်းအောင်-ဒေါ်သီတာတိုး၊ (ဒေါ်ဥမ္မာတိုး)၊ ဦးတိုးကြည်၊ ဦးမိုးကြည်-ဒေါ်သီတာ၊ ဦးအောင်မြင့်-ဒေါ်အေးအေးမွန်၊ ဒေါက်တာ လှထူးခိုင်၊ ဒေါက်တာဟိန်းလှခိုင်၊ ဒေါ်လှထက်ခိုင်၊ ဦးသစ်ခိုင်လှတို့၏ ချစ်လှစွာ သောမွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဒေါက်တာလှတိုးသည် ၄-၄-၂၀၂၀ (စနေနေ့) ညနေ ၃:၄၀ နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၂/H၊ ပုသိမ်လမ်း၊ မြကန်သာဥယျာဉ်အိမ်ရာဝင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူ အားရည်စူး၍ ၁၀-၄-၂၀၂၀ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်လေး
### အသက်(၈၃)နှစ်

အမှတ်(၂၀)၊ (၈၈)လမ်း၊ (ပ)ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးပုလုံး-ဒေါ်လှဗျော်)တို့၏ သမီး၊ (Capt.သိန်းအောင်)(Master Marina)၏ ဇနီး၊ ဒေါ်ခင်လေးအောင်-ဦးမောင်မောင်လှမိုး (F&P Myanmar Co.,Ltd.)၊ ဒေါ်ခင်သန္တာသိန်းအောင်-ဦးသိန်းနိုင်၊ ဦးဇော်ဇော်အောင်-ဒေါ်စန်းစန်းကြည် တို့၏ ချစ်လှစွာသောမိခင်၊ မအိန္ဒြေခြူးငယ်ဖြိုး၊ မယုယမြတ်နိုး၊ မသက် ထက်စံ၊ မယွန်းဝတီအောင်၊ မောင်ဟန်မင်းလူတို့၏အဘွားသည် ၅-၄-၂၀၂၀ ရက် နံနက် ၆:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေး တိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်သွင် (B.A) (Myanmar) (H.G.P)
### အသက်(၈၁)နှစ်
### ဆောက်-လျှပ် ကော်ပိုရေးရှင်း (ငြိမ်း)
### မော်လမြိုင်မြို့

မော်လမြိုင်မြို့၊ အမှတ်(၂၇/D)၊ ရတနာလမ်း၊ မရမ်းကုန်းရပ်နေ (ဦးဖိုးခင်-ဒေါ်မွှေးသင်)တို့၏ သားထွေး၊ (ဆရာမဒေါ်မြင့်မြင့်သိန်း) (အထက-၆၊ မော်လမြိုင်)၏ ခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်စန်းစန်းဝေ၊ ဦးအောင်မိုး-ဒေါ်အေးအေးမော်၊ ဒေါ်ငွေငွေ၊ ဦးအောင်မျိုးထူး-ဒေါ်သဇင် သင်း၊ ဦးအောင်ကိုကို-ဒေါ်နီလာသွင်၊ ဒေါ်စန္ဒာသွင်တို့၏ဖခင်၊ မစုမြတ်ဖွေး၊ Dr.တိုးထိုက်၊ မမြတ်သရဖီ၊ မောင်ကြည်စင်သန့်၊ မောင်ဘုန်းပြည့်ထက်၊ မရှင်ဖုန်းဥ၊ မအင်ကြင်းမွှေးတို့၏ အဘိုးသည် ၄-၄-၂၀၂၀ ရက် ည ၈:၁၀ နာရီတွင် အမှတ်(၂၀၁)၊ ပညာတန်ဆောင်(၂)လမ်း၊ (၄၃)ရပ်ကွက်၊ မြောက် ဒဂုံ၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စိန်လှလှ
### (A.P သတင်းဌာန-အရှေ့ပိုင်းတက္ကသိုလ်)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ [ဦးစိန်ဖေ(မြို့တော်ဝန်)-ဒေါ်စိန်မေ]တို့၏ ဒုတိယသမီး၊ (ဦးမောင်မောင်ငွေ)၊ ဦးမောင် မောင်မြင့်တို့၏ ညီမ၊ ဦးအောင်နိုင်-(ဒေါ်စိန်မမ)တို့၏ ညီမ၊ ဒေါ်စိန် မြမြ၊ (ဦးအောင်လင်း)၊ (ဒေါ်စိန်မို့မို့)၊ (ဦးသန်းလင်း)တို့၏ အစ်မ၊ (ဦးမောင်မောင်မျိုးမင်းသန့်)-ဒေါ်ကျော့ကျော့မွန်တို့၏မိခင်၊ ယွန်းသစ္စာခင်၊ သန့်သော်တာအောင်တို့၏ အဘွား ဒေါ်စိန်လှလှ သည် ၅-၄-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သူငယ်ချင်း မိတ်ဆွေများ သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## Professor Dr.ဦးကိုကိုသိန်း (USA)
### အသက်(၈၀)
### Graduate School of Business Administration
### Fordhan University, New York.Ph.D (Econ), Ph.D (History) (USA)
### CPA (Myanmar), C.P.A, LUTC, B.A,B.L, B.Com

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ အလုပ်အမှုဆောင်ဟောင်း ဦးကိုကိုသိန်းသည် ၁-၄-၂၀၂၀ ရက်တွင် အမေရိကန်နိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့၊ ဝါဏိဇ္ဇ ဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)**

# ဝါးခယ်မမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ ပေးဝေ



ဝါးခယ်မ မေ ၅

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် မြို့မဈေးအတွင်း ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေပြီး အသိပညာပေးလုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

### လက်ကမ်းစာစောင်များ ဖြန့်ဝေ

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ စုပေါင်းပြီး ဈေးရောင်း ဈေးဝယ်များ၊ အနေးယာဉ်လုပ်သားများနှင့် ပြည်သူများကို နှာခေါင်းစည်းများပေးဝေပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

### ကြိုတင်ကာကွယ်

"ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အခုလို ဆောင်ရွက်ပေးတာပါ။ တစ်ဦး တစ်ယောက်ကစပြီး မိမိတို့ရဲ့ မိသားစုဝင်တွေကို လက်ဆင့်ကမ်းအသိပညာ ဖြန့်ဝေနိုင်စေဖို့ ရည်ရွယ်ပြီး လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးရခြင်းဖြစ်ပါတယ်" ဟု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ဖြိုးပပက ပြောသည်။

လွမ်းသီဟ(ပြန်/ဆက်)

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပညာရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ

### ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၂ သန်းကျော်ရှိလာ

စာမျက်နှာ » ၁၁

### လာမည့်သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူအများအပြားသေဆုံးနိုင်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သတိပေး

စာမျက်နှာ » ၁၂

### ကိုဗစ်-၁၉ တိုက်ဖျက်ရေးကြိုးပမ်းမှု ရန်ပုံငွေအဖြစ် ဖိလစ်ပိုင်သမ္မတ ဒူတာတေး လစာတစ်လစာလှူဒါန်း

စာမျက်နှာ » ၁၃

### မန်ယူအသင်း ချန်ပီယံလိဂ်မဝင်ပါက မန်ယူသို့ ပြောင်းမည်မဟုတ်ဟု ဒေါ့မွန်အသင်း တောင်ပံကစားသမား ဂျာဒန်ဆန်ချို ပြောကြား

စာမျက်နှာ » ၂၈

# မြောင်းမြမြို့၌ ပြည်ပမှ ပြန်လာသူများအား ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုမရှိရေး အသွားအလာကန့်သတ်စောင့်ကြည့်ရေးနေရာများတွင်ထား၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေ

မြောင်းမြ မေ ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိသူများအား အသွားအလာကန့်သတ်စောင့်ကြည့်ရေးနေရာ ၁၄ ခုတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြောင်းမြမြို့နယ်တွင် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးနေရာများအတွက် ရှုခင်းသာကျေးရွာ စွမ်းအားပရိယတ္တိ တောရကျောင်း၌ မြို့နယ်ကျန်းမာရေးဌာန အခြေပြု

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ✻




# ညောင်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

ညောင်ဦး မေ ၅

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါအသိပညာပေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အသိပေးပန်ကြားချက်များအတိုင်း ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာသို့ အသံချဲ့စက်များအသုံးပြု၍ ကြေညာခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီခွဲမှ စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၉ ကော်လံ ၃ သို့ ❍

# အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ် လစာ ၃၀ ရာခိုင်နှုန်း လျှော့ယူရန် သဘောတူညီခဲ့



အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ဟာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားနေတဲ့အချိန်အတွင်းမှာ သူ့ရဲ့လုပ်ခလစာကို ၃၀ ရာခိုင်နှုန်း လျှော့ယူသွားဖို့ သဘောတူညီခဲ့တယ်လို့ သိရပါတယ်။

နည်းပြဆောက်ဂိတ်ရဲ့ လစာဖြတ်တောက်မှုကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က လာမယ့်တစ်ပတ်ထဲမှာ စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောက်ဂိတ်ဟာ ၂၀၁၆ ခုနှစ်က အင်္ဂလန်အသင်းနည်းပြအဖြစ် စတင်တာဝန်ယူခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ်မှာ

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ✪

## ထူးခြားသည့် နေ့အပူချိန်များ

၅-၄-၂၀၂၀

| | | |
|---|---|---|
| ချောက် | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဘောလခဲ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘားအံ | ၄၂ | ဒီဂရီစင်တီဂရိတ် |

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၆၊ ၂၀၂၀ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ပညာရေးဝန်ကြီးဌာန၏ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

**ဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံ - စိုးအောင်(ပညာရေး)**

"ပညာရေး" ဟူသည် မွေးဖွားချိန်မှ အစပြုကာ ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူရမည့်အရာဖြစ်ပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရင်းအနှီးဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် အရည်အသွေးရှိသော ပညာရေးကို ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် သုတေသန အခြေခံ အချက်အလက်အထောက်အထားများအပေါ် အခြေခံ၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအတွဲ(၁) နှင့်(၂) အစီရင်ခံစာများတွင် ပါဝင်သော လေ့လာတွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များအရ ပြုစုထားသော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆ - ၂၀၂၁)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပညာရေးပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူကို ကတိပေးထားသည့် ဦးစားပေး လုပ်ငန်း ၁၂ ရပ်ကို အောက်ပါအတိုင်း ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

(က) ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ခ) နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး အလယ်တန်းနှင့် အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည် အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံဒေသရှိ ကလေးများ စသည့် ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

(ဂ) ကွဲပြားခြားနားသည့်ဘာသာစကားပြောသော မူလတန်း တိုင်းရင်းသား ကလေးငယ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသား ဘာသာစကား သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်းနှင့် သင်ကြားခြင်းများ အပါအဝင် တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း။

(ဃ) သင့်လျော်သော ဆရာနှင့် ကျောင်းသား အချိုးရရှိစေရန် ဆောင်ရွက်ပေးခြင်း။

(င) ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ် ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်း။

(စ) အခြေခံပညာရေးကို လူတိုင်း ပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများရှိ ကျောင်းများ (အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများ)၏ လိုအပ်ချက်များကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

(ဆ) ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေရန် အခြေခံပညာ အလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်း အစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း။

(ဇ) တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြင့်သင်ရိုး၊ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း။

(ဈ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး ပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း။

(ည) ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း။

(ဋ) နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်း၊ ပြည်ပမှ ရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း။

(ဌ) တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး

ထိုသို့ ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိရေး အခြေခံမူဝါဒများနှင့် လူအချင်းချင်းစည်းလုံးညီညွတ်စွာ အတူနေထိုင်နိုင်ရေးကို အားပေးသည့်အနေဖြင့် အတူယှဉ်တွဲနေထိုင်ခြင်းကို အားပေးခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုရှိခြင်းအပေါ် တန်ဖိုးထားခြင်းနှင့်အတူ ပညာသင်ယူခြင်း၊ အတူစာဖတ်ခြင်း၊ အတူကစားခြင်း၊ အတူနေထိုင်ခြင်းကို အားပေး ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများနှင့် သင်ယူသူအားလုံးကို ပူးပေါင်းဆောင်ရွက်တတ်ပြီး တာဝန်ယူ၊ တာဝန်ခံ၍ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ဖြစ်လာအောင် သင်ကြားသင်ယူ လေ့ကျင့်ပေးလျက်ရှိသည်။

ဦးစားပေးလုပ်ငန်းစဉ် ၁ အနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတွင် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် ကျောင်းအခြေပြု မူကြိုကျောင်း ၃၁၁၅ ကျောင်းတွင် ဆရာ ၄၅၇၁ ဦးက ကျောင်းသား ၈၀၆၅၈ ဦး သင်ကြားလျက်ရှိသည်။

ဖွင့်လှစ်ထားရှိပြီးသော ကျောင်းအခြေပြု မူကြိုများကို ရေရှည်တည်တံ့ရေး၊ မူကြိုဆရာ ဆရာမများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် Basic Education Sub Sector Working Group (BESSWG) တွင် မိတ်ဖက်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသလို သင်တန်းအစီအစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးလုပ်ငန်းစဉ် ၁၂ ရပ် ချမှတ်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ် ၂

အထူးကဏ္ဍ [ ခ ] သို့ »»



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၁၀-၅-၂၀၁၉ မှ ၂၄-၅-၂၀၁၉ ရက်နေ့အထိ ပြုလုပ်သည့် အခြေခံပညာအလယ်တန်းအဆင့် (သင်ရိုးသစ်) Grade-6 ခရိုင်အဆင့် ဆွေးနွေးပွဲ/သင်တန်းသို့ လာရောက်လေ့လာသင်ကြားလျက်ရှိသည့် ဆရာ ဆရာမများကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းစဉ်

" ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများနှင့် သင်ယူသူအားလုံးကို ပူးပေါင်းဆောင်ရွက်တတ်ပြီး တာဝန်ယူ၊ တာဝန်ခံ၍ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ဖြစ်လာအောင် သင်ကြား သင်ယူ လေ့ကျင့်ပေးလျက်ရှိ





၂၆-၁၂-၂၀၁၉ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မင်းဓမ္မပညာ့ရိပ်သာ ဆရာများအိမ်ရာ မုခ်ဦးရှေ့တွင် စိုက်ထူထားသည့် ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-သတင်းစဉ်

»»» အထူးကဏ္ဍ [ က ] မှ

အနေဖြင့် နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်းနှင့် အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့် သင်ယူခွင့်များရရှိရန် ဆောင်ရွက်ခြင်း၊ မူလတန်းအရွယ် ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏ စွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် သူငယ်တန်းကျောင်းသား ၈၇၃၅၄၈ ဦး တက်ရောက်လျက်ရှိပြီး KG ကျောင်းနေအရွယ်ကလေးတိုင်း KG တန်းသို့ တက်ရောက်သင်ယူခွင့် ရရှိရေးအတွက် အခြေခံပညာကျောင်းတိုင်းတွင် သင်ရိုးသစ် KG အတန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် KG ဆရာ ဆရာမ ဖြည့်ဆည်းခန့်ထားရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

"၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးအနေနဲ့ ၅၆၅၁ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ၂၀၁၆ ခုနှစ်ကစပြီး အလယ်တန်းနဲ့ အထက်တန်းပညာသင်ယူခွင့်ရရှိဖို့ အခက်အခဲရှိတဲ့ ဝေးလံဒေသတွေဖြစ်တဲ့ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာ အလယ်တန်းနဲ့ အထက်တန်းပညာသင်ယူနိုင်ဖို့ ကျောင်းအဆင့် ပိုမိုတိုးမြှင့်ပေးခဲ့ပါတယ်" ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

အခြေခံပညာကျောင်းအရေအတွက်သည် ၂၀၁၅– ၂၀၁၆ ပညာသင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၉– ၂၀၂၀ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းအရေအတွက် ၂၁၆၉ ကျောင်း ပိုမိုတိုးတက်လာပြီး အထက်တန်းကျောင်းပေါင်း ၂၁၃၅ကျောင်း ပိုမိုတိုးတက်လာသည့်အတွက် အလယ်တန်းနှင့် အထက်တန်း ပညာသင်ယူခွင့် အခွင့်အလမ်းပိုမိုရရှိလာသကဲ့သို့ ကျောင်းဆရာဆရာမများကိုလည်း နှစ်စဉ်ခန့်ထားပေးလျက်ရှိရာ မူလတန်းပြဆရာ ၇၆၃၇ ဦး၊ အလယ်တန်းပြဆရာ ၁၆၇၇၁ ဦးနှင့် အထက်တန်းပြဆရာ ၄၄၃၆ ဦးအထိ တိုးမြှင့်ခန့်ထားနိုင်ခဲ့သည်။

အလယ်တန်းနှင့် အထက်တန်းပညာသင်ယူခွင့် ရရှိသည့်အတွက် အလယ်တန်းကျောင်းသားဦးရေသည် ၃၉၃၉၆၁ ဦးနှင့် အထက်တန်းဦးရေ ၃၁၃၈၀၈ ဦး ပိုမိုတိုးတက်လာပြီးအထက်တန်းဝိဇ္ဇာတွဲကျောင်းသားဦးရေသည် ၈၄၀၀၉ ဦး ပိုမိုသင်ယူလာနိုင်ခဲ့သည်။

"အခြေခံပညာ ကျောင်းသားဦးရေကို ကြည့်မယ်ဆိုရင် ၁၉၂၁ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်း ၇၀ နီးပါးအကြာမှာ ၅ သန်းဖြစ်လာပါတယ်။ အခုဆိုရင် အခြေခံပညာကျောင်းသား ကျောင်းသူ ဦးရေ ၉ ဒသမ ၇ သန်း တက်ရောက်နေတာဖြစ်လို့ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၃၀ အတွင်းမှာ ၅ သန်းနီးပါး တိုးတက်လာတာဖြစ်တဲ့အတွက် တိုးတက်လာတာနဲ့ လိုက်လျောညီထွေဖြစ်အောင် ဆရာ ဆရာမတွေ ခန့်ထားပေးဖို့၊ စာသင်ခန်းတွေ၊ စာသင်ခုံတွေနဲ့ စာကြည့်တိုက်တွေ စတဲ့ ကျောင်းဖွံ့ဖြိုးရေးတွေကို ဖြည့်ဆည်းပေးဖို့ လိုအပ်နေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆိုသည်။

"Grade-5 မူလတန်းပြီးတဲ့ ဦးရေကလည်း ယခုအခါ ၂၀၁၅ – ၂၀၁၆ ပညာသင်နှစ်နဲ့ နှိုင်းယှဉ်ရင် ၁၆၉၅၁၉၁ ဦး ပိုမိုပြီး မူလတန်းပြီးလာပါတယ်။ Grade-9 အောင်မြင်တဲ့ အလယ်တန်းပြီးတဲ့ ဦးရေဟာ ၂၀၁၅ – ၂၀၁၆ ပညာသင်နှစ်နဲ့ နှိုင်းယှဉ်ရင် ၁၈၃၂၈၉ ဦး တိုးတက်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဆိုရင် ၉ သိန်းကျော် ဖြေဆိုခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၃၃၃၉၇၈ ဦး တိုးတက်လာပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၂၆၇၆၉၆ ဦး ရှိတဲ့အတွက် စုစုပေါင်းအောင်မြင်သူ ၇၀၀၀၀ ကျော် တိုးတက်လာပါတယ်" ဟု ပညာရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အထိ ပုံမှန်ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း၊ ဝေးလံဒေသနှင့် နယ်စပ်ဒေသများအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နှစ်စဉ်ကျောင်းသား ၂ သိန်းခန့်ကို စုစုပေါင်းငွေကျပ် ၄၈ ဒသမ ၀၆၅ ဘီလီယံ ထောက်ပံ့နိုင်ခဲ့သည်။ သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် အခြေခံပညာကျောင်းများကို နှစ်စဉ်အဆင့်တိုးမြှင့်ပေးခဲ့ရာ ၄ နှစ်တာကာလအတွင်း ကျောင်းအဆင့် တိုးမြှင့်ပေးနိုင်မှု စုစုပေါင်း ၂၀၄၅၄ ကျောင်း ရှိခဲ့သည်။

အခြေခံပညာကျောင်းများ၏ လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ တစ်ကျောင်းချင်းအလိုက် လိုအပ်ချက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ်များကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

> ဝေးလံဒေသများရှိ အခြေခံပညာကျောင်းသား ကျောင်းသူများ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိရေးအတွက် ပညာရေးအထောက်အကူပြု အရင်းအမြစ်များဖြစ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များ၊ သင်ကြားရေးအထောက်အကူပြု Video Spot များ၊ ပညာရေးနှင့် သက်ဆိုင်သည့် အခြားစာအုပ်စာတမ်းများ(Soft Copy)၊ Augmented Reality (AR) အသုံးပြုသင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထည့်သွင်းထားသည့် DBE Box ကို အခြေခံပညာကျောင်းများတွင် အသုံးပြုသည့် အစီအစဉ်သစ်ကို စမ်းသပ်အစီအစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် စတင်ဆောင်ရွက်လျက်ရှိ

ဝေးလံဒေသများရှိ အခြေခံပညာကျောင်းသား ကျောင်းသူများ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိရေးအတွက် ပညာရေးအထောက်အကူပြု အရင်းအမြစ်များဖြစ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များ၊ သင်ကြားရေးအထောက်အကူပြု Video Spot များ၊ ပညာရေးနှင့် သက်ဆိုင်သည့် အခြားစာအုပ်စာတမ်းများ (Soft Copy)၊ Augmented Reality (AR) အသုံးပြုသင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထည့်သွင်းထားသည့် DBE Box ကို အခြေခံပညာကျောင်းများတွင် အသုံးပြုသည့် အစီအစဉ်သစ်ကို စမ်းသပ်အစီအစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်တွင် မြို့နယ် ၉၅ မြို့နယ်၌ သင်ယူသူ ၈၁၃၅ ဦးနှင့် ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်တွင် မြို့နယ် ၉၀ ၌ သင်ယူသူ ၈၉၄၆ ဦးတို့ကို ပညာသင်ယူမှုအခွင့်အလမ်းရရှိအောင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် မြို့နယ် ၈၉ မြို့နယ်၌ သင်ယူသူဦးရေ ၇၅၄၅ ဦးတို့ကို ပညာသင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပ အလယ်တန်းပညာရေးကို ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြို့နယ် ၈ မြို့နယ်တွင် သင်ယူသူ ၁၇၆ ဦးတို့ သင်ယူမှုအခွင့်အလမ်းရရှိအောင် ဆောင်ရွက်ခဲ့သည်။ ကျောင်းပြင်ပအလယ်တန်း ပညာရေးကို ၂၀၁၉– ၂၀၂၀ ပညာသင်နှစ်တွင် ဒုတိယအကြိမ်အဖြစ် မြို့နယ် ၈ မြို့နယ်တွင် သင်ယူသူ ၂၆၀ ကို သင်ယူမှုအခွင့်အလမ်းရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးမှ တစ်ဆင့် ကျောင်းပညာရေးသို့ ကူးပြောင်းတက်ရောက်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ ၅၁ ဦးရှိခဲ့ကာ အဆင့်မြင့်ပညာဆက်လက် သင်ယူလျက်ရှိသည်။

ဝေးလံဒေသများရှိ ကလေးငယ်များ၏ ပညာရေးကို အထောက်အကူပြုနိုင်ရန် သင်ရိုးသစ် Grade – 1, Grade – 2, Grade – 3 နှင့် Grade-6 ကျောင်းသုံးစာအုပ်များ၏ Soft Copy များကို အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ Website ဖြစ်သည့် nepc.edu.mm နှင့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website ဖြစ်သည့် derpt.moe.edu.mm တို့တွင် လွှင့်တင်ထားသည်။

၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် သင်ကြားမည့် သင်ရိုးသစ် Grade – 4, Grade– 7 နှင့် Grade – 10 ကျောင်းသုံးစာအုပ်များကို ကျောင်းဖွင့်ကာလတွင် Website ၌ လွှင့်တင်ရန်နှင့် သင်ရိုးသစ်အတန်းများအတွက် Website တွင် လွှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်း ၁၂ ရပ်၏ လုပ်ငန်းစဉ် ၃ ရပ်အနေဖြင့် ကွဲပြားခြားနားသော ဘာသာစကားပြောသည့် မူလတန်းတိုင်းရင်းသား ကလေးငယ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား ၆၃ မျိုးကို Grade–1, Grade–2 နှင့် Grade–3 ကျောင်းသားကျောင်းသူ တိုင်းရင်းသားကလေးငယ်များက ပညာသင်ယူလျက်ရှိသည်။ အခြေခံပညာကျောင်းပေါင်း ၁၃၁၀၀ တွင် ဆရာဦးရေ Teaching Assistants ၁၁၂၉၈ ဦးနှင့် Language Teacher ၁၄၇၈၆ ဦးတို့က ကျောင်းသား ၈ သိန်းကျော်ကို သင်ကြားပေးလျက်ရှိသည်။

တိုင်းရင်းသားဒေသခံ ဆရာ ဆရာမ ခန့်အပ်ပေးမှုအခြေအနေမှာ ပညာအရည်အချင်း ၉ တန်းအောင်သည့် တိုင်းရင်းသားဒေသခံများကို Teaching Assistants နေ့စား၊ လပေးအဖြစ် လည်းကောင်း၊ ၄ တန်းအောင်သည့် ဒေသခံများကို Language Teacher အဖြစ် လည်းကောင်း ခန့်ထားပေးလျက်ရှိသည်။

တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှု၏ ထိရောက်အောင်မြင်မှု အခြေအနေ သုတေသနကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် ယူနီဆက်တို့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ပြည်နယ် ၇ ခု၌ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် သင်ကြားရေးအထောက်အကူပြု ဂျိန်းဖော၊ ကယား၊ စကောကရင်၊ ချင်း (ဖလမ်း)၊ မွန်၊ ရခိုင်နှင့် ရှမ်း ဘာသာစကားများဖြင့် အင်္ဂလိပ် – မြန်မာ – တိုင်းရင်းသားဝေါဟာရ ပုံပြကားချပ်နှင့် ဂျိန်းဖော၊ လော်ဝေါ်၊ ကယား၊ ပိုးကရင်၊ ချင်း(ဟားခါး)၊ ချင်း(ဖလမ်း)၊ မွန်နှင့် ရှမ်း ဘာသာစကားများဖြင့် Grade–1, Grade–2 နှင့် Grade–3 မြန်မာ– တိုင်းရင်းသား– အင်္ဂလိပ် ဝေါဟာရ ပုံပြကားချပ်တို့ကို တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် ပူးပေါင်းထုတ်ဝေခဲ့သည်။

လုပ်ငန်းစဉ် ၄ ဖြစ်သည့် သင့်လျော်သော ဆရာ၊ ကျောင်းသား အချိုးရရှိစေရန် ဆောင်ရွက်ရာတွင် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်၌ အခြေခံပညာ ဆရာ ဆရာမ စုစုပေါင်း ၄၁၀၁၇၂ ဦးရှိပြီး ကျောင်းသား ကျောင်းသူဦးရေ ၉ သန်းကျော်ရှိသည့်အတွက် ကျောင်းသားနှင့် ဆရာ အချိုးမှာ ၁ : ၂၂ ဖြစ်သည်။ နည်းပညာနှင့် သက်မွေးဆရာ စုစုပေါင်း ၃၅၄၂ ဦးရှိသည့်အတွက် သင်တန်းဆရာနှင့် သင်တန်းသားအချိုးမှာ ၁ : ၄ ဖြစ်ပြီး တက္ကသိုလ်ဆရာ ဆရာမ စုစုပေါင်း ၂၂၄၁၄ ဦးရှိသည့်အတွက် အဝေးသင်တက္ကသိုလ် ကျောင်းသားဦးရေ အပါအဝင် ကျောင်းသား ဆရာအချိုးမှာ ၁ : ၄၅ ရှိကြောင်း သိရသည်။

အခြေခံပညာကျောင်းများတွင် မူလ

အထူးကဏ္ဍ [ ဂ ] သို့ »»»


မြစ်ကြီးနားမြို့နယ်၌ အခြေခံစာတတ်မြောက်ရေး သင်ကြားပေးစဉ်။


ကယားပြည်နယ် ပန်ပက်ရွာတွင် အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းပြုလုပ်စဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

တန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ ဆရာမ ၁၄၃၈၈ ဦး ခန့်ထားရန် လိုအပ်နေပြီး နည်းပညာနှင့် သက်မွေးအထက်တန်းကျောင်း သိပ္ပံများတွင် ဆရာ ဆရာမ ၅၆၁ ဦးနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဘာသာရပ် လိုအပ်ချက်အရ နည်းပြသရုပ်ပြ ၁၂၃၅ ဦး ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းစဉ် ၅ ဖြစ်သည့် ကျောင်းအသီးသီးမှ ဆရာ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှု စွမ်းရည်များ မြင့်မားလာစေရန် အခြေခံပညာကဏ္ဍတွင် ၂၁ ရာစု ကျွမ်းကျင်မှုနှင့် လိုက်လျောညီထွေသည့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် Grade–3 နှင့် Grade – 6 ကျောင်းသုံးဖတ်စာအုပ်အသစ်များနှင့် ဆရာလမ်းညွှန်စာအုပ်အသစ်များကို အသုံးပြုပြီး သင်ကြားသင်ယူမှုနည်းလမ်းသင်တန်းများကို မူလတန်းပြနှင့် အလယ်တန်းပြ ဆရာ ဆရာမများအား သင်တန်းပေးခဲ့သည်။ ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် Grade – 4, Grade – 7 နှင့် Grade – 10 များအတွက် ဆရာ ဆရာမများကို သင်တန်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"နည်းပညာနဲ့ သက်မွေးကဏ္ဍတွင် နည်းပညာမြှင့်တင်ရေးသင်တန်းဌာနအနေနဲ့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ဘယ်လင်း၌ ဆရာ ဆရာမ ၁၃၇ ဦးကို သင်တန်းပေးနိုင်ခဲ့ပါတယ်။ ပညာရေးဒီဂရီကောလိပ်တွေမှာ (၄)နှစ် သင်ရိုးညွှန်းတမ်းအတွက် ဆရာ ဆရာမအားလုံးကို ၂၀၁၉ ခုနှစ် အောက်တိုဘာလနဲ့ နိုဝင်ဘာလမှာ သင်တန်းပို့ချပြီး ဖြစ်ပါတယ်။ ပညာရေးကောလိပ် ၂၅ ကျောင်းရှိ ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ်စာဘာသာစကား စွမ်းရည်တိုးတက်ရေးအတွက် Towards Results in Education and English (TREE) Project ကို British Council, VSO, the Open University and Montrose Consulting တို့နှင့် ပူးပေါင်း၍ TREE Facilitators (BC/VSO) တို့၏ အကူအညီဖြင့် နည်းပညာတွေနဲ့ အကြံဉာဏ်ကောင်းတွေကို ရယူအသုံးချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့အနေဖြင့် ကျန်ရှိသည့် အခြားတက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ ဆရာ ဆရာမများ၏ Capacity Building and Teaching Methodology Training သင်တန်းပေးနိုင်ခဲ့သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် အုပ်ချုပ်မှုတာဝန်ပေးအပ်မည့် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၏ အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် National Institute for Higher Education Development အစီအစဉ်ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

ထို့ပြင် ၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အထိ ပြည်ပနိုင်ငံများမှ ပညာရှင် ၃၆၈ ဦးက တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပေးလျက်ရှိသည်။

၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အထိ နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် MoU, MoA လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်ထားရှိမှု ၁၃၈ ခုရှိပြီး Quality Assurance သင်တန်းများ ပို့ချပေးခဲ့သည်။ ထို့အတူ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရေးအတွက် ဆရာ ဆရာမများကို ပြည်တွင်း၊ ပြည်ပသင်တန်းများသို့ စေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနနှင့် UNESCO တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး စီမံချက်ဖြင့် (Strengthening Pre –Service Teacher Education in Myanmar – STEM Project) ဖြင့် လက်ရှိ (၂)နှစ်သင်ဒီပလိုမာပညာရေးကောလိပ်များမှ ဘွဲ့အပ်နှင်းမည့် (၄) နှစ်သင် ပညာရေး ဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် (၄) နှစ်သင် ပညာရေးဒီဂရီကောလိပ် ပထမနှစ်၊ ပထမနှစ်ဝက် သင်ရိုးညွှန်းတမ်းအသစ် ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များ ပုံနှိပ်ဖြန့်ဝေခြင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ပညာရေးကောလိပ် ၂၅ ကျောင်းတွင် ပညာရေးဒီဂရီကောလိပ် ပထမနှစ်၊ ပထမနှစ်ဝက် သင်ရိုးညွှန်းတမ်းအသစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိခြင်း၊ ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၀ ပြည့်နှစ်အတွင်း ဒုတိယနှစ်၊ ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် သင်ရိုးမာတိကာ၊ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်(မူကြမ်း)တို့ကို ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ KG + 12 အခြေခံပညာရေးသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမည့် အဆင့်မြင့်ပညာရေးသင်ရိုးညွှန်းတမ်း အညွှန်းဘောင် ရေးဆွဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် International Quality Assurance Unit များ ဖွဲ့စည်းဆောင်ရွက်ရေး စီစဉ်လျက်ရှိသည်။

လုပ်ငန်းစဉ် ၆ အရ အခြေခံပညာရေးကို လူတိုင်း ပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများရှိ ကျောင်းများ၏ လိုအပ်ချက်များကို ဦးစားပေး၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ရာတွင် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းစာကြည့်တိုက်၊ စာသင်ဆောင်ဆောက်လုပ်ခြင်း၊ သိပ္ပံဆောင်နှင့် ဝန်ထမ်းအိမ်ရာများ စသည်တို့အပါအဝင် ကျောင်းအဆောက်အဦပေါင်း ၁၄၄၇၃ ခုကို ဆောက်လုပ်ခြင်းတို့အတွက် ငွေကျပ် ၅၂၀ ဒသမ ၅၂၀ ဘီလီယံ သုံးစွဲခဲ့သည်။

"အခြေခံပညာရေးကို လူတိုင်း လက်လှမ်းမီဖို့ ဆောင်ရွက်ရာမှာ အခက်အခဲရှိတဲ့ ဒေသတွေကို သတ်မှတ်တဲ့အခါ ကမ္ဘာ့ဘဏ်နဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MOPFI)တို့က ၂၀၁၉ ခုနှစ်တွင် ပူးပေါင်းထုတ်ဝေတဲ့ Poverty Report အရ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တွေမှာ ဆင်းရဲမှုနှုန်း ပိုမိုများပြားတာကို တွေ့ရပါတယ်။ ဆင်းရဲမှုနှုန်း အမြင့်ဆုံးဖြစ်နေသူတွေဟာ ကျောင်းလုံးဝမနေဖူးသူတွေ ဖြစ်တာကို တွေ့ရပါတယ်။ မူလတန်းပြီးလို့ အလယ်တန်းဆက်မတက်သူ၊ အထက်တန်းပညာသင်ယူရင်း ကျောင်းထွက်ရင်လည်း ဝင်ငွေနည်းနည်းရတဲ့ အလုပ်တွေကိုသာ လုပ်လို့ရမှာဖြစ်တဲ့အတွက် ဆင်းရဲမှုက လွတ်မြောက်ဖို့ဆိုရင် ကျောင်းသားကျောင်းသူ အားလုံးဟာ အထက်တန်းပညာသင်ယူပြီးမြောက်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်း၊ သိပ္ပံတွေ၊ တက္ကသိုလ်ပညာတွေကို ဆက်လက် ပညာသင်ယူတတ်မြောက်ဖို့ တစ်သက်တာ သင်ယူဖို့ အရေးကြီးပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

ကမ္ဘာ့ဘဏ်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပူးပေါင်းထုတ်ဝေတဲ့ Social Economic Report အရ မြန်မာနိုင်ငံတွင် ကျောင်းထွက်နှုန်း အများဆုံးဒေသများသည် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

"မြန်မာနိုင်ငံရဲ့ အလယ်တန်း၊ အထက်တန်း၊ အသက်မွေးဝမ်းကျောင်းနဲ့ တက္ကသိုလ်တက်သူဦးရေကို ကြည့်မယ်ဆိုရင် အသက် ၁၅ နှစ်နဲ့ ၂၄ နှစ် အုပ်စုမှာ ၅၀ ဒသမ ၄ ရာခိုင်နှုန်းအထိ သင်ယူနိုင်တာကို တွေ့ရပါတယ်။ ကျွန်တော်တို့ အခုလက်ရှိ အခြေခံပညာကျောင်းတွေမှာရှိတဲ့ အုပ်စုဆိုရင် အထက်တန်းကျောင်းတက်နေတဲ့သူ ရာခိုင်နှုန်းက ၅၉


ပျဉ်းမနားမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ဘောဂဝတီ) စံပြကျောင်းတွင် ကျောင်းသား ကျောင်းသူလေးများ ပျော်ရွှင်စွာ ကစားနေကြသည်ကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»



မိဘတစ်ဦးက သမီးငယ်အား ကျောင်းသွားရန် ပြင်ဆင်ပေးနေစဉ်။

»»» အထူးကဏ္ဍ [ ၀ ] မှ

ရာခိုင်နှုန်းရှိပါတယ်။ အလယ်တန်းတက်နေတဲ့သူက ၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် ပညာသင်ယူခွင့် အခွင့်အလမ်းတွေ ပိုမိုရရှိခဲ့လို့ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်လာပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

အခက်အခဲရှိသော ဒေသများ၊ ဝေးလံခေါင်သီသည့်ဒေသများနှင့် သင်ယူမှုအခွင့်အလမ်း တိုးမြှင့်ပေးရန် လိုအပ်သောဒေသများမှ ကလေးများအတွက် သင်ယူမှု အခွင့်အလမ်း ရရှိစေရေး လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် (IAQE) ကို အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းလျက်ရှိသည်။

ဦးစားပေးလုပ်ငန်းစဉ် ၇ သည် ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေရန် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်းအစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြစ်သည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုအတွင်း ခရိုင် ၂၆ ခုနှင့် မြို့နယ် ၇၀ တို့တွင် သင်ယူသူပေါင်း ၅၃၉၂၁ ဦးရှိခဲ့ပြီး သင်ယူပြီးမြောက်သူ ၄၉၉၆၁ ဦးကို အခြေခံ အရေး၊ အဖတ်အတွက် တတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ရှမ်းပြည်နယ် တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်း မြို့နယ် ၁၂ မြို့နယ်တွင် ပြည်သူ့အခြေပြု ပညာရေးဦးစားပေးလုပ်ငန်းစဉ် ၇ ရပ်နှင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

“အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မိတ္ထီလာ၊ မြင်းခြံနှင့် ညောင်ဦးတို့မှာ သင်ယူသူ စုစုပေါင်း ၆၉၀၁ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် သင်တန်းသား ၂၈၀၃ ဦး တက်ရောက်ခဲ့ပါတယ်။ ဒေသနဲ့ လိုက်လျောညီထွေတဲ့ ကာလတိုသင်တန်း စုစုပေါင်း ၆၀ ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် နည်းပညာနဲ့ သက်မွေးပညာကဏ္ဍမှာ လိုအပ်နေတဲ့ ပုံမှန်သင်တန်းသား ၂၄၉၃၇ ဦး နဲ့ ကာလတိုသင်တန်းသား ၁၉၇၇၈ ဦးကို သင်ကြားပေးနိုင်ခဲ့ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆိုသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးလုပ်ငန်းစဉ် ၈ အရ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် သီးခြားတက္ကသိုလ် ၁၆ ခုကို ဖော်ဆောင်ထားပြီး တက္ကသိုလ် ၅၀ တွင် University Charter ရေးဆွဲဆောင်ရွက်ပြီးဖြစ်သည်။ ၂၀၁၅ – ၂၀၁၆ ပညာသင်နှစ်မှစ၍ ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အထိ ပြည်တွင်း၊ ပြည်ပ သုတေသနစာတမ်းပေါင်း ၁၆၂၀၀ စောင် ရေးသားထုတ်ဝေနိုင်ခဲ့သည်။

အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည့် အဝေးသင်ပညာရေးစနစ်တွင် မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံမှ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဝေးသင်ကျောင်းသားကျောင်းသူပေါင်း ၅၀၀၀၀၀ ကျော်ကို အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်သော ကျွမ်းကျင်မှုများ တိုးတက်စေရန်၊ မြန်မာနိုင်ငံအတွက် အရေးကြီးသော အသိပညာဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရပ် ဖွံ့ဖြိုးတိုးတက်စေရန်၊ သင်ရိုးညွှန်းတမ်းများလည်း ကမ္ဘာ့အဆင့်မီ ဖြစ်ပေါ်လာစေရန်နှင့် ရရှိလာသော တိုးတက်ပြုပြင် ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် ပညာရပ်များတွင် ပြန်လည်အသုံးချရန် စီမံချက်တစ်ခုဖြစ်သည့် Transformation by Innovation in Distance Education (TIDE) စီမံချက် Residential School သင်တန်းများကို တတိယအကြိမ် ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ် စုစုပေါင်း ၂၀ ကျော်မှ ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

(၁၉)ကြိမ်မြောက် အာရှသိပ္ပံကောင်စီညီလာခံကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့၊ အာရှသိပ္ပံကောင်စီနှင့် ဂျပန်နိုင်ငံ သိပ္ပံကောင်စီတို့က ကြီးမှူး၍ “အာရှဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဆန်းသစ်တီထွင်မှု” ခေါင်းစဉ်ဖြင့် နေပြည်တော် Grand Amara ဟိုတယ်တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ၃ ရက်တာကျင်းပခဲ့ရာ စာတမ်းများဖတ်ကြားခြင်း၊ ပိုစတာပြပွဲနှင့် သုတေသနပရောဂျက် အလုပ်ရုံဆွေးနွေးပွဲတို့ကို ဆောင်ရွက်ခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မိမိတက်ရောက်လိုသည့် တက္ကသိုလ်ကို လျှောက်ထားနိုင်ခွင့်ရှိစေရန် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် သီးခြားဝင်ခွင့်ရွေးချယ်မည့် တက္ကသိုလ်များအဖြစ် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီတီး)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို သတ်မှတ်ခဲ့ပြီး တိုက်ရိုက်လျှောက်ထားခွင့်ပြုခဲ့သည်။

ဦးစားပေးလုပ်ငန်းစဉ် ၉ အရ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့်တန်းတူ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပထမတန်းစား TVET ပညာရေးဖြစ်လာစေရန်အတွက် အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် TTTI, JMASVTI, SMVTI, NVTI, SITE, ELPS, Hlaing Thayar (Food & Beverage), YWTC (ရတနာဂဟေဆက်), အထည်ချုပ် နည်းပညာဆရာဖြစ်သင်တန်း၊ အချက်အပြုတ်သင်တန်း (GTI–In Sein) စသည့် သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး EU ၏ ထောက်ပံ့မှုအစီအစဉ်ဖြင့် (GTHS) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ပြန်လည်သုံးသပ် ပြင်ဆင်ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ အခြေခံပညာကဏ္ဍတွင် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ် ၁၀ အရ မိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် လိုအပ်သော ထောက်ပံ့မှုများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အထိ ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်အရ ကျောင်းဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေကျပ် ၁၇၂ ဒသမ ၆၉၂ ဘီလီယံ၊ ဗလာစာအုပ်များ အခမဲ့ဖြန့်ဝေရန်အတွက် ငွေကျပ် ၁၃ ဒသမ ၅၇၄ ဘီလီယံနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ဖြန့်ဝေခြင်းအတွက် ငွေကျပ် ၁၄၆ ဒသမ ၀၅၆ ဘီလီယံကို သုံးစွဲခဲ့သည်။

မိဘများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထိရောက်သော ပညာရေးဝန်ဆောင်မှုဖြစ်စေရန်အတွက် ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးပေးသည့် အစီအစဉ်ကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်အရ ကျောင်းဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေကျပ် ၅၉ ဒသမ ၃၇၈ ဘီလီယံ၊ ဗလာစာအုပ် အခမဲ့ဖြန့်ဝေရန် ငွေကျပ် ၉ ဒသမ ၅၇၁ ဘီလီယံနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ဖြန့်ဝေရန် ငွေကျပ် ၁၀၈ ဒသမ ၂၃၃ ဘီလီယံ သုံးစွဲခဲ့သည်။

တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့် လုပ်ငန်းစဉ်များ၊ အချက်အလက်များကို ကျောင်းသား ကျောင်းသူနှင့် မိဘပြည်သူများ သိရှိစေရန် ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ စာရင်းကို ပညာရေးဝန်ကြီးဌာန၏ Official Website ဖြစ်သည့် www.moe.gov.mm တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးခြင်းနှင့် တစ်ဦးချင်းစီသို့ အကြောင်းကြားစာပေးပို့ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးလုပ်ငန်းစဉ် ၁၁ အရ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်း၊ ပြည်ပမှ ရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်လည်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ဦးစားပေးလုပ်ငန်းစဉ် ၁၂ ဖြစ်သည့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

“ပညာရေးအရည်အသွေး ဘယ်လောက်တိုးတက်လာသလဲဆိုတာကို နိုင်ငံတကာအစီရင်ခံစာတွေကိုကြည့်ပြီးပြောရရင် Human Development Report 2019, 2018, 2016, 2015 တွေအရ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း ပညာရေးနဲ့ သက်ဆိုင်တဲ့ မျှော်မှန်းကျောင်းနေတဲ့ နှစ်တွေ၊ ပျမ်းမျှကျောင်းနေတဲ့နှစ်တွေ ပိုမိုတိုးတက်လာသလို လူသားဖွံ့ဖြိုးမှု အညွှန်းကိန်းအရ ၂၀၁၅ ခုနှစ်အရ မြန်မာနိုင်ငံဟာ အာဆီယံဒေသတွင်းမှာ နောက်ဆုံးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ထုတ်ပြန်အစီအရင်ခံစာအရ ၂၀၁၈ အညွှန်းကိန်းဟာ မြန်မာနိုင်ငံက သုည ဒသမ ၅၈၄ နဲ့ ကမ္ဘောဒီးယားကိုကျော်လွန်သွားပြီဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

“ကမ္ဘာ့ဘဏ်ရဲ့ World Development Report ၂၀၁၉ ခုနှစ် အစီရင်ခံစာပါ လူသားအရင်းအမြစ်အညွှန်းကိန်း ၂၀၁၈ ခုနှစ်အရ မြန်မာနိုင်ငံဟာ အာဆီယံဒေသတွင်းမှာ လာအိုထက် ပိုမိုသာလွန်ပြီး သုည ဒသမ ၄၇ နဲ့ ရှိနေပါတယ်။ HDI မှာ ကမ္ဘောဒီးယားကို သာလွန်ပါတယ်။ တက္ကသိုလ်တွေရဲ့ ကမ္ဘာ့အဆင့်နဲ့ အာဆီယံအဆင့် Ranking ကို ကြည့်မယ်ဆိုရင် ရန်ကုန်တက္ကသိုလ်ဟာ ကမ္ဘာ့အဆင့်အနေနဲ့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ထုတ်ပြန်တဲ့ စာရင်းအရ ၇၀၁၂ ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာ ၁၃၀၇၂ ရှိတဲ့အတွက်ကြောင့် ကမ္ဘာ့အဆင့် ၆၀၆၀ တိုးတက်လာတာကို တွေ့ရသလို အာဆီယံအဆင့် ၃၂၆ ဆင့်ရှိတဲ့အတွက် အာဆီယံမှာလည်း အဆင့် ၂၄၃ ဆင့် တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ်က ကမ္ဘာ့အဆင့် ၈၂၉၁ ဆင့် ရှိလာတဲ့အတွက် ကမ္ဘာ့အဆင့် ၁၂၄၁၀ တိုးတက်လာသလို အာဆီယံအဆင့် ၄၂၆ ဆင့်ဖြစ်တဲ့အတွက် အာဆီယံအဆင့်မှာ ၆၆၄ ဆင့် တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆက်လက်ပြောကြားသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ထိရောက်ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျောင်းသားလူငယ်များ၊ တစ်သက်တာသင်ယူသူများကို စဉ်းစားတွေးခေါ်နိုင်ခြင်းဖြင့် ပြဿနာဖြေရှင်းနိုင်စွမ်းရှိသည့် ကောင်းမွန်စွာ သင်ယူနိုင်စွမ်း၊ ဆက်သွယ် ဆောင်ရွက်နိုင်စွမ်းရှိသည့် ကျွမ်းကျင်မှု၊ ကိုယ်ပိုင်စွမ်းရည်၊ လူမှုရေးဆိုင်ရာ စွမ်းရည်များရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အလွတ်ကျက်မှတ်ခြင်းသည် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း တွေ့ရသည်။

ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၊ တက္ကသိုလ်များတွင် ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာအရည်အသွေး မြင့်မားတိုးတက်ရေးကို ဦးတည်၍ အကောင်အထည်ဖော်ရာတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းလုပ်ငန်းများကို ထိရောက်ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရသည်။



အထက ၅ ကျိုင်းတုံတွင် ပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။